www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၁၅၇၇၀၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၄၂၀၀၄၀၇ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၀၇ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ အုပ် |
| စီစဉ်သူ | ဒေါ်ကြူကြူဝင်း |
| ထုတ်ဝေသူ | ဦးကျော်ဆန်း (ရဲအောင်စာပေ) အမှတ်-၂ ချွန်းလမ်း-၁၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ဦးမိုးမြင့် (ပွင့်သစ်ရောင်စုံ ပုံနှိပ်တိုက်) အမှတ်-၁၀၉၊ ၄၉ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | ရမ္မာဝတီစာပေတိုက် အမှတ်-၂၊ စံပယ် ၂ လမ်း၊ ၃ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| တန်ဖိုး | ၉၀၀ ကျပ် |


## ဤစာအုပ်အတွက် ဆရာဖိုးကျော့၏အမှာစာ

တစ်နေ့မနက်တွင် ဆရာသန်းဆွေသစ် ကျွန်တော့်ရုံးခန်းသို့ ရောက်လာသည်။ သူကထိုင်ပင်မထိုင်သေး“ဆရာ့အိမ်ကို ကျွန်တော် ရောက်ခဲ့တယ်၊ ဆရာရုံးသွားတယ်ဆိုလို့ လိုက်လာတာ”ဟု သူက အလျင်ပြောသည်။

“ထိုင်လေဗျာ၊ ဘာကိစ္စပါလိမ့်၊ အရေးကြီးလား”

“အရေးကြီးတယ်ရယ်တော့ မဟုတ်ပါဘူး။ ဆရာ့ကို ကျွန်တော် ဝတ္ထုဇာတ်လမ်းတစ်ပုဒ် ကိုယ်တွေ့ကို ပြောပြချင်လို့ပါ”

သူက ထိုင်ရင်းဆိုသည်။

“ဟာ. . မဟုတ်တာ၊ ခင်ဗျားလည်းစာရေးဆရာပဲ၊ ဘာပြောပြနေစရာလိုလဲ၊ ရေးပေါ့ဗျ၊ ခင်ဗျား ခုလည်း စာရေးနေတာ ကျွန်တော် တွေ့သားပဲ”

သန်းဆွေသစ်မှာ စာပေဗိမာန်စာမူဆုတွေရဖူးသလို မဂ္ဂဇင်းများနှင့် ရွှေမြန်မာဂျာနယ်တွင် အခန်းဆက် “ဘဲငါးရာစောင်၏ ဩဇာဝှက်ချက်”ဝတ္ထုရှည်ကြီးရေးနေသည်ကိုသိသဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . ဟဲ့ . . လိုင်းက ဆရာရေးတတ်တဲ့ မုဆိုးဆန်ဆန်လိုင်းမို့ ရေးရင်ဘယ့်နှယ်နေမလဲ ပြောပြချင်လို့ပါ။ ကျွန်တော်ကိုယ်တိုင် မော်တော်ဘုတ်ထောင်ခဲ့တုန်းက ကိုယ်တွေ့မို့ပါ"

"ဘယ်လိုမှတော့ မအောက်မေ့နဲ့၊ ဒီလက ကျွန်တော်တို့ အသင်း ဘတ်ဂျက်ယီးယားလဆိုတော့ ခင်ဗျားဇာတ်လမ်းပြောပြတာကို ကျွန်တော်နားထောင်ပေးဖို့ အချိန်မရလို့ပါ။ ဘဲရီးဆောရီး တော်ကြီးမြိုင်လယ်ပါခင်ဗျား"

"ဟင်း . . ဟင်း . . ဆရာကတော့လုပ်ပြီ၊ မကြာပါဘူးဆရာရယ်၊ လက်ဖက်ရည်တိုက်ပါ့မယ်၊ ကျွန်တော်ရေးရမှာ မဝံ့မရဲဖြစ်နေလို့ပါ"

ကျွန်တော်နောက်နေမှန်းသိသဖြင့် သူက ထပ်ဆင့်တစ်ခါ ထပ်ပြောပြန်သည်။

"အေး . . . ကောင်းပြီ၊ လက်ဖက်ရည်တိုက်မယ်ဆို လွှမ်းလိုက်လေ ကြာသလားလို့"

"ကဲဒါဆို လာ, ထ သွားကြမယ်"

"ဘယ်ကိုလဲ"

"လက်ဖက်ရည်ဆိုင်ကိုလေဗျာ"

"လက်ဖက်ရည်သောက်ချင်တာများ ဆိုင်သွားနေရမလားဗျ၊ ခင်ဗျားက ကျွန်တော့်ဆီလာတယ်ဆိုတော့ ကျွန်တော်တိုက်ရမှာပေါ့၊ ထိုင်စမ်းပါ။ ကဲ - ပြော၊ ခင်ဗျား မဟုတ်က ဟုတ်ကတွေ လံကြုတ်လုပ်ပြီး ဘာပြောမလဲ၊ ပြော၊ နားထောင်ကြည့်မယ်"

"လံကြုတ်မဟုတ်ပါဘူးဆရာရယ်၊ တကယ့်ကိုယ်တွေ့ပါဆို၊ ကျွန်တော်ကိုယ်တိုင် ပစ်ခဲ့တာ"



"အေးပါ၊ အေးပါ၊ ဒီလိုပဲပြောကြတာပဲ"

ဟုပြောပြီး ကျွန်တော်က ရုံးအဖွဲ့မှူးကို လက်ဖက်ရည်ဝယ်ခိုင်းလိုက်သည်။ သူက သူ့ကိုယ်တွေ့ဆိုသောဇာတ်လမ်းကို ပြောပြ၏။ သူ့ဇာတ်လမ်းပြီးသောအခါ ကျွန်တော်က ပြောသည်။

"ခင်ဗျားဇာတ်လမ်းကကောင်းပါတယ်၊ ခင်ဗျားပြောသလောက်သာ ရေးတတ်ရင်တော့ အိုကေပဲ၊ ကဲ - ပြန်တော့၊ ရေးတော့၊ လက်ဖက်ရည်လည်းသောက်ပြီးပြီ"

"အဲဒါ တစ်ခုက ကျွန်တော့်စာမူ လုံးချင်းပဲထုတ်ချင်တယ် ဆရာ၊ ထုတ်ဝေသူလည်း ဆရာပဲရှာပေးပါ ပြောချင်လို့"

"လုပ်လာပြန်ပြီ၊ ခင်ဗျားအတွက် ထုတ်ဝေသူဆိုတာက ခင်ဗျား ဘယ်လောက်ကောင်းအောင်ရေးနိုင်မလဲ၊ အဲဒီအပေါ်မှာပဲ မူတည်တယ်၊ စောစောက ကျွန်တော်ပြောပြီးပြီလေဗျာ၊ ခင်ဗျားပြောသလောက်သာ ရေးနိုင်မယ်ဆိုရင် ထုတ်ဝေသူမရှားပါဘူး၊ ရှာပေးပါ့မယ်၊ ခင်ဗျား အကြောင်းအရာ သိပ်ကောင်းတယ်၊ ကျွန်တော်လည်းကြိုက်တယ်၊ အဲဒီတော့ ပြန်တော့၊ ရေးတော့"

"တစ်ခုပြောပါရစေဦးဆရာသမားရယ်"

"လုပ်လာပြန်ပြီ၊ တစ်ခုမဟုတ်ဘူး၊ ခင်ဗျားဇာတ်လမ်းတစ်ပုဒ်လုံးတောင် ပြောပြီးပြီလေဗျာ၊ ကျွန်တော်လည်းကြိုက်တယ်၊ ရေးပါဆို၊ ထုတ်ဝေသူရှာပေးပါ့မယ်၊ ဘာလိုသေးလို့လဲ"

"ဒီလိုဆရာရေ၊ ကျွန်တော်က ဆရာနဲ့တွဲထုတ်ချင်လို့ပါ၊ အမှတ်တရလည်းဖြစ်အောင်လို့ပါ"

"ဘာလဲ၊ ခင်ဗျားက ကျွန်တော်နဲ့ပညာပြိုင်ချင်တဲ့သဘောလား"

www.burmeseclassic.com



"အမယ်လေး . . လေး . . ၊ မဟုတ်ရပါဘူးဆရာရေ ယိုင်ရှိခိုးဆို ခိုးပါ့မယ်၊ ဒီလိုသဘောမဟုတ်ရပါဘူး၊ ဘုရားမြေးပေး ကျမ်းပေးပေးပါ။ မဂ္ဂဇင်း ဂျာနယ်တွေမှာ ရေးနေတယ်ဆိုပေမယ့် လုံးချင်းလူသစ်တစ်ယောက်ကို စာဖတ်သူတွေက ဝယ်ဖတ်ဖို့ စာအုပ်အငှားဆိုင်ကို ဝယ်တင်ဖို့ဆိုတာ ဘယ်လွယ်လိမ့်မလဲဆရာရေ၊ အဲဒါကြောင့် ပထမဦးအုံနေနဲ့ ဆရာ့ကလောင်ကိုအားပြုပြီး တွဲထုတ်ချင်လို့ပါ"

"ခင်ဗျား အလျင်တစ်ခါပြောသွားတော့ ရွှေဘော်ကျွန်းက ခု ဂျာနယ်ဝတ္ထုရော၊ နောက်လုံးချင်းတစ်အုပ်ပါထုတ်မလို့ စရန်ငွေလည်း ထိုက်ထိုက်တန်တန်ပေးထားပြီဆို၊ သူတို့တိုက်ကို ပေးလိုက်ပါလား"

"ခု ရွှေမြန်မာဂျာနယ်ဝတ္ထုက ကြာဦးမယ်လေဆရာ၊ အဲဒါကြောင့် ခု ဆရာ့ကိုပြောပြတဲ့ဝတ္ထုကို ပွဲဦးထွက်သဘောပေါ့ဆရာရေ အလျင်ထုတ်ချင်လို့ပါ"-

"ရေးတောင်မရေးရသေးတဲ့ဥစ္စာ ဘယ်လိုလုပ် အလျင်ထုတ်လို့ရမလဲ၊ ခင်ဗျားရေးပြီး ကျွန်တော်လည်း ဖတ်ကြည့်ရဦးမယ်လေ၊ ဒီမှာဟေ့လူ၊ အပြောကောင်းတဲ့လူတွေကို ကျွန်တော် အများကြီး တွေ့ဖူးတယ်၊ ဝတ္ထုဇာတ်ကြောင်းပြောပြတုန်းကတော့ သိပ်ကောင်းတယ်၊ ရေးလာတော့ ကချလာ သုံးမရဘူး၊ အဲဒါကြောင့် ခင်ဗျားကို မြန်မြန်ရေးဖို့ပြောတာ"

"ဟဲ . . ဟဲ . . ဒီမှာပါဆရာ၊ ရေးပြီးသားကို ပါလာပါတယ် ဆရာ၊ ဆရာဖတ်ပြီး ဆရာကြိုက်ကြိုက် မကြိုက်ကြိုက် ထုတ်ဝေသူရှာပေးဖို့က ဆရာ့တာဝန်ပဲနော် ဟဲ . . ဟဲ . . ."

ဆရာသန်းဆွေသစ်က ထိုသို့ပြောပြီး သူ့လွယ်အိတ်ထဲက သူ့စာမူကို ထုတ်ပေးသည်။



"ခင်ဗျား တော်တော်လည်တဲ့ လူလည်ပဲ၊ အစကတော့ ဇာတ်ကြောင်းပြောပြမယ်၊ နောက်တော့ ထုတ်ဝေသူရှာခိုင်းတယ်၊ ရေးလာပေးပါဆိုတော့ ခု စာမူထုတ်ပေးတယ်၊ ခင်ဗျားစာမူကို ဖတ်လည်း မဖတ်ဘူး၊ ထုတ်ဝေသူလည်း ရှာမပေးနိုင်ဘူး၊ ပြန်သာယူသွားတော့"

"ဆရာက ဆင်ဆရာဆိုတော့ ဆင်ကျုံးသွင်းသလို တဖြည်းဖြည်းသွင်းတဲ့သဘောပါခင်ဗျာ၊ ဆရာဖတ်ပြီး ဆရာ့ကိုပဲ အပ်ထားခဲ့ပါမယ်၊ စောစောကပြောသလို ဆရာကြိုက်ကြိုက် မကြိုက်ကြိုက် ထုတ်ဝေသူရှာပေးဖို့ကတော့ ဆရာ့တာဝန်ဖြစ်သွားပြီနော်၊ လက်ဖက်ရည်လည်းသောက်ပြီးပြီ၊ ခဏခဏလည်းနှင်နေတော့ ကျွန်တော်မျိုး ပြန်ပါတော့မယ်ခင်ဗျား၊ ခွင့်ပြုပါဦး"

ကျွန်တော် နောက်လိုက်မှန်းသိသဖြင့် သူကလည်း နောက်တောက်တောက်နှင့် မတ်တပ်ထပြီး အဝေးပြုသည်။

သူပြန်သွားတော့ ကျွန်တော် သူ့စာမူကိုဖတ်ကြည့်သည်။ သူကပြောသလောက်တော့ ရေးနိုင်သူပင်။ ထို့ကြောင့် ကျွန်တော့် စာဖတ်ပရိသတ်အား မှာချင် ပြောချင်သည်မှာ ဖိုးကျော့ဝတ္ထုကိုဖတ်ပြီးလျှင် ဆရာသန်းဆွေသစ်၏ဝတ္ထုကိုလည်း ဆက်ဖတ်ကြည့်ကြပါ။ ဖိုးကျော့ထက်မတော်တောင် ဖိုးကျော့လောက်မည့်ဆိုသည်ကိုတော့ ကျွန်တော် ရဲရဲကြီးအာမခံရဲပါသည်။

ထို့ကြောင့် ဤစာအုပ်သာမဟုတ်၊ ဆရာသန်းဆွေသစ်၏ နောက်လုံးချင်းစာအုပ်များထွက်လာပါကလည်း ဝယ်ယူအားပေး ဖတ်ကြည့်ကြပါဦးဟု။

ဖိုးကျော့

www.burmeseclassic.com

www.burmeseclassic.com

ဖိုးကျော့

# ကျားနှာမျက်ကာန်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဦးထွန်းလှမှာသစ်ခေးထိုး၊ သစ်ခေးကောက်သမားတစ်ယောက်ဖြစ်သည်။ ရွှေလီအပတောများ၌ သူ သစ်ခေးထိုး၊ သစ်ခေးကောက်အလုပ်ကို လုပ်လာသည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ရှိလေပြီ။ ထို့ကြောင့်လည်း သစ်ခေးထိုး၊ သစ်ခေးကောက်အလုပ်မှာ ဦးထွန်းလှအတွက် ထမင်းစားရေသောက်လိုပင် ဖြစ်နေသည်။ ရွှေလီမြစ်ရိုးတစ်လျှောက်တွင် သူ့လောက် သစ်ခေးထိုး၊ သစ်ခေးကောက်တော်သူမရှိဟုဆိုကလည်း ဖြစ်နိုင်သည်။

မုတ်သုန်မိုးလေတို့ ပါးလျားဆုတ်ခွာစပြုနေသော တော်သလင်း၏ နေ့တစ်နေ့တွင် ဦးထွန်းလှသည် အင်ကြင်းတောင်ကြောဘက်ရှိ အပတောသို့ သစ်ခေးထိုးရန် ထွက်လာလေသည်။ ဤရာသီတွင်ရသော သစ်ခေးမှာ "တော်သလင်း လက်တွင်းအိပ်"ဟူသော ဆောင်ပုဒ်နှင့်အညီ သစ်ခေးဈေးကောင်းရချိန်လည်းဖြစ်သည်။

အပတောဆိုသည်မှာ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးက ဒေသခံပြည်သူများ၊ ကျေးလက်နေများအတွက် အိမ်သုံးသစ်ဝါးများ ခုတ်သုံးနိုင်ရန် ခွင့်ပြုထားသောသစ်တောကို ခေါ်ခြင်းဖြစ်သည်။ အပတော

www.burmeseclassic.com

www.burmeseclassic.com

[illegible] တော်သလင်းလရသောသစ်စေးသည် မိုးလွတ်လျှင် အကောင်းဆုံး ပထမတန်းစားဖြစ်သည်။ အနီ၊ အညို၊ အနက်ဟု သုံးမျိုးခွဲခြားထားရာတွင် ပထမတန်းစားအနက်ထဲပါသည်။

သစ်စေးပထမတန်းစား တစ်ပိဿာလျှင် သူတို့ဒေသ၌ပင် ၂၅၀ဝိ၊ ၃၀၀ဝိ ဈေးရှိသည်။ မန္တလေးရောက်လျှင် သောင်းချီရတတ်၏။ ထို့ကြောင့်လည်း ဦးထွန်းလှသည် အပတောရောက်သည်နှင့် တစ်ပြိုက်နက် သစ်စေးရနိုင်သော သစ်စေးပင်များကို ဦးစွာရှာဖွေနေလေသည်။

သစ်စေးမပါလျှင် လုံးဝလုပ်မရသောလုပ်ငန်းများမှာ ဘုရားရွှေချခြင်းနှင့် ရေခွက်၊ ကွမ်းအစ်၊ လင်ပန်း၊ ယွန်းထည် စသည့် မြန်မာ့ရိုးရာ သရိုးကိုင် ယွန်းအတတ်ပညာများအားလုံးမှာ မပါမဖြစ်သောပစ္စည်းဖြစ်သည်။

သစ်စေးပင်တစ်ပင်တွေ့ရသော ဦးထွန်းလှသည် ပထမဦးစွာဆောက်ပြားနှင့် တစ်တောင်ကျော်ကျော် အပေါ်ကအောက်သို့ မန်းကြိုးနှစ်ချောင်း လှီးထွင်းရသည်။ သဘောမှာ ရော်ဘာစေးခံသလိုပင်စည်မှ သစ်စေးဆင်းလမ်း မျောလမ်းကို ပင်စည်သစ်ခွံအတိုင်း ဘယ်ညာနှစ်ဘက်လှီးထွင်းပြီး အောက်တွင် သစ်စေးမျောလမ်း သစ်စေးစီးလမ်းနှစ်ခုကို ဆုံစည်းပေးထားရခြင်းဖြစ်သည်။

၎င်းသည်ကို သူတို့ဝေါဟာရနှင့် "မန်းကြိုးထွင်းသည်"ဟု ခေါ်၏။ မန်းကြိုးနှစ်ခုပေါင်းဆုံရာအောက်၌ ဦးထွန်းလှက အသင့်ပါလာသော ဘောက်ခွက်ကို ပင်စည်တွင် ထိုးစိုက်ခံထားလိုက်သည်။ ဘောက်ခွက်ဆိုသည်မှာ ဝါးဆစ်ကို တစ်ထွာ၊ တစ်မိုက် တစ်ဖော်ချွန်ခုတ်ဖြတ်ပြီး သစ်စေးခံရသော ဝါးဆစ်ခွက်ပင်ဖြစ်သည်။



သစ်စေးတစ်ပင်တွင် ဘောက်ခွက် သုံးလေးခွက်ခံပြီးသောအခါ ဦးထွန်းလှသည် နောက်သစ်စေးပင်တစ်ပင်ကို ရှာရပြန်သည်။ သည်လိုနှင့် ဦးထွန်းလှသည် တွေ့သမျှသစ်စေးပင်များကို မန်းကြိုးထွင်းကာ သစ်စေထိုးနေလေသည်။

ယနေ့ သစ်စေးခံထားခဲ့သော ဘောက်ခွက်များကို နောက်နှစ်ရက်ကြာလျှင် လာ၍ ပြန်ကောက်ပြန်ခံရမည်။ သစ်စေးကောက်မလာသောနေ့များတွင် ဦးထွန်းလှကား သစ်စေးထိုးထားရသည်။ သို့မှသာ နေ့စဉ် အလျှဉ်မိမည်ဖြစ်သည်။

နေညိုချိန်ရောက်သောအခါ ဦးထွန်းလှသည် သစ်စေးပင်များရှိရာ အပတောက ထွက်ခွာလာသည်။

သစ်စေးကောက်သမားတစ်ယောက်အတွက် တစ်နေ့လျှင် ဘောက်ခွက်အလုံးခြောက်ရာထိ ကောက်နိုင်စွမ်းရှိသည်။ ထို့ကြောင့်လည်း အပတောထဲက ဦးထွန်းလှ၏ ဘောက်ခွက်ပိုင်ဆိုင်မှုမှာ ထောင်ချီနေလေသည်။

* * *

ယနေ့တော့ ဦးထွန်းလှသည် သစ်စေးထိုးရန်မဟုတ်ဘဲ တမြန်နေ့ကခံထားခဲ့သော သစ်စေးရည်များကိုကောက်ရန် အပတောသို့ ထွက်လာရပြန်သည်။

တမြန်နေ့က သူခံထားခဲ့သော သစ်စေခံဘောက်ခွက်များမှာ နှစ်ရက်ခန့်ကြာသွားပြီဖြစ်ရာ ယခုဆိုလျှင် သူခံထားခဲ့သော ဘောက်ခွက်တိုင်းတွင် သစ်စေးရည်က နှစ်ကျပ် သုံးကျပ်သားထိပင် ရယောက်နိုင်

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို့ကြောင့် "ပလုပ်"ကိုလွယ်ကာ သစ်စေးကောက် ထွက်လာခြင်းဖြစ်သည်။

"ပလုပ်" ဆိုသည်မှာ သစ်စေးရည်ကို ဘောက်ခွက်ထဲက သွန်ထည့်ထားရသော အရာဖြစ်သည်။ နှီးကိုရက်ပြီး သစ်စေးနှင့်ပလုပ်ကို သရိုးကိုင်ထားရသည်။ အမြင့်မှာ တစ်ပေခန့်နှင့် လုံးပတ် တစ်ပေခွဲခန့်ရှိသည်။ အပေါ်သေး၍ အဝကျဉ်းသည်။ အောက်ကားသဖြင့် ဘူးသီးလည်ရှည်ပုံ၊ မြူးသမားတို့၏ ငါးထည့်သော "မှူး ပလိုင်း" အသွင်သဏ္ဌာန်ရှိသည်။

ဦးထွန်းလှ အပတောထဲ ရောက်လာချိန်မှာ နှင်းမကွဲသေး။ ထို့ကြောင့် အပတောထဲတွင် မှုန်ရီဝေဝါးသာ ရှိနေသေး၏။ သို့သော် နံနက်စောစော နေရောင်ခြည်ကို ငုံ့လင့်စောင့်မျှော်နေကြသော ငှက်ကလေးများ၏ စိုးစိုးစီစီမြည်နေကြသံကိုတော့ အရပ်ရှစ်မျက်နှာက ကြားနေရပြီ။

ဦးထွန်းလှသည် သစ်စေးပင်များ၏ ပင်စည်အောက်တွင် စိုက်ခံထားသော ဘောက်ခွက်ထဲက သစ်စေးရည်များကို ခါးတွင် ချိတ်ယူလာသော ပလုပ်ထဲသွန်ထည့်သည်။ ပြီးလျှင် ထိုဘောက်ခွက်ကို ပြန်ခံထားသည်။ နောက်နှစ်ရက်ကြာလျှင် ယခုကဲ့သို့ပင် ထိုဘောက်ခွက်က သစ်စေးရည်များကို လာကောက် လာယူရဦးမည်။

သည်လိုနှင့် ဘောက်ခွက် တစ်ခွက်ပြီးတစ်ခွက်၊ သစ်စေးပင် တစ်ပင်ပြီးတစ်ပင် ကူးလူးသွားလာကာ ဦးထွန်းလှ အပတောထဲတွင် သစ်စေးကောက်နေသည်။

* * *



နွေရင့်ရက်သို့ ရောက်လာခဲ့ပြီ။

အပတောရှိ သစ်စေးပင်များသည် အပွင့်တဝေဝေနှင့် ဖူးစုံငုံစုံ ပွင့်စုံယာကြပြီ။ ထို့ကြောင့် သစ်စေးကမ်း(ခမ်း)၍ အထွက်နည်းလာသည်။

သို့သော် ဦးထွန်းလှကား ရနိုင်သမျှ သစ်စေးရည်များကို ကြိုးစားပမ်းစား စေ့စေ့ပေါက်ပေါက် လိုက်ကောက်နေသေး၏။ တစ်နွေလုံးအတွက် သူ သစ်စေးကောက်၍ရသည့်ငွေပမာဏမှာ နှစ်သောင်း၊ သုံးသောင်းခန့်ရှိသဖြင့် ဦးထွန်းလှ ခြေသွက်လက်သွက်ရှိနေသည်။

သို့နှင့် သစ်စေးပင်တစ်ပင်က သစ်စေးရည်ညိုညစ်ညစ်များကို ပလုပ်ပုံးထဲ သွန်ထည့်လိုက်စဉ် သစ်ခြောက်ရွက်တစ်ခုကို တစ်စုံတစ်ယောက် တက်နင်းလိုက်သဖြင့် ဖျောက် ဖျောက် ဖျောက် ဖျောက် တိုးကြေသံတစ်ခုကို ရုတ်တရက်ကြားမိလိုက်၏။ ချက်ချင်းပင် သူ့နှာခေါင်းထဲကိုလည်း ညှီစို့စို့အနံ့တစ်ခုက ဝင်တိုးလာသည်။

ဦးထွန်းလှ အသံကြားရာဆီ နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ ရင်ထဲထိတ်ခနဲဖြစ်ပြီး လန့်သွားသည်။ ရောမကျားကြီးတစ်ကောင်သည် သူ့ကိုခုန်အုပ်ကိုက်သတ်ရန် ချောင်းမြောင်းလာနေရာက သူလှည့်ကြည့်လိုက်သည်ကို မြင်သွားသောအခါ ခြေလှမ်းတုံ့ပြီး သူ့ကို မာန်ဖီကြည့်နေသည်။

ရုတ်တရက် ဦးထွန်းလှ မင်သက်မိ ငေးကြောင်သွားသည်ကို အခွင့်အရေးယူကာ ကျားကြီးသည် ဦးထွန်းလှအား ချက်ချင်းခုန်အုပ်ကိုက်သတ်ရန် အားယူလာသည်။ ကျားကြီး အားမာန်သွင်းလိုက်သဖြင့် ခါးပိုင်းမှ လှိုင်းထလာသလို လိပ်တက်လာသော အမွေးအမျှင်များ

www.burmeseclassic.com

www.burmeseclassic.com



သည် ကျားကြီး၏ ကျောရိုးတစ်လျှောက်က လက်ပြင်နားထိ ရောက်လာသည်။

ဦးထွန်းလှမှာ ချက်ချင်း ခေါင်းနပမ်းကြီးသွားပြီး နောက်ဆုတ်ရန် သတိရလိုက်သော်လည်း သူ့နောက်တွင် သစ်စေးပင်နှင့် ကြိမ်ဖြစ်တောက ခံနေရာ ဘယ်လိုမှ နောက်ဆုတ်၍မရနိုင်။ ထိုအခါ သူ့ဘောက်ချိတ်ထဲက ဓားမတိုကို ရုတ်ခနဲ ဆွဲထုတ်လိုက်ကာ ကြောက်ကြောက်နှင့် ကျားကြီးကို ရင်ဆိုင်လိုက်ရသည်။

"ဟေး . . . ဟေး . . . "ဟုလည်း ပါးစပ်က အသံထွက်သွားသည်။ သူ့အသံ၊ သူ့လှုပ်ရှားမှုကြောင့် ကျားကြီးသည် ခုန်အုပ်ကိုက်သတ်ရန် ဟန်ချက်ပျက်သွားသည်။ ထို့ကြောင့် ဦးထွန်းလှက "ဟေး . . ဟေး . . . "ဟု ထပ်အော်ပြီး ကျားကြီးကို ခြိမ်းခြောက်လိုက်သည်။

သို့သော် ကျားကြီးကား သူ နောက်ထပ် ဘယ်လောက်ခြိမ်းခြောက်ခြောက်.ထပ်အော်အော် နောက်ဆုတ်မသွား။ သူက သစ်စေးပင်တစ်ပင်နား ပြေးကပ်လိုက်စဉ် ကျားကြီးက ရှေ့သို့ တိုးလိုက်လာသည်။ သစ်စေးပင်နှင့် ကပ်မြှောင်နေသောလူကို ရုတ်တရက် ခုန်အုပ်လိုက်လျှင် လူအရှောင်တွင် သူ့ခေါင်းက သစ်စေးပင်နှင့်ဆောင့်မိမည်ကို သိသကဲ့သို့ပင် လူနောက်ဆုတ်အပြေးကိုချောင်း၍ ရှေ့တိုးလာနေသည်။

အမှန်က ဤကျားဆိုးသည် လူအလစ်ကိုချောင်း၍ ခုန်အုပ်ကိုက်သတ်ရန် စောစောက ကြံစည်ခဲ့ပုံရသည်။ ယခု သူ သစ်ရွက်ကြွေများကို အမှတ်မထင် တက်နင်းမိ၍ သူ့ကို လူမြင်သွားရာ တိုက်ကွက်ပျက်ပြီး မလွှဲမရှောင်သာ ရှေ့ကိုတိုးလာနေခြင်းဖြစ်သည်။



ဦးထွန်းလှသည် ရှေ့တိုးလာနေသောကျားကြီးကို ဓားမတိုရွယ်ပြီး စိုက်ကြည့်နေသည်။ သူ နောက်သို့ပြေးရန် လှည့်လိုက်သည်နှင့် ကျားကြီးခုန်အုပ်တော့မည်ကိုလည်း မုချသိလိုက်သည်။ ထို့ကြောင့် နောက်သို့လည်း လှည့်မပြေးသာ။

"ဝေး . . . ဟေး . . . ဟေး . . . "

စောစောက ကြောက်ရွံ့ပြီး ပါးစပ်ထဲက ယောင်ယောင်မှားမှား အသံထွက်သွားစဉ်က ကျားကြီး ဟန်ချက်ပျက်သွားသည်ကိုသိကာ ယခုလည်း ခြိမ်းခြောက်အော်ဟစ်လိုက်လျှင် ကျားကြီး ပြေးလိုပြေးငြားထပ်ပြီး ခြိမ်းခြောက်အော်လိုက်သည်။ သို့သော် ကျားကြီးကား မပြေး။ ရှေ့လက်နှစ်ဘက်ကို ကွေးချည်ကုတ်ချည်နှင့် ယခုချက်ချင်းပင် ခုန်အုပ်တော့မည်ဟန်နှင့် မြေဝပ်တွား တိုးလာနေပြန်သည်။

ကျားကြီး၏ ခြေလှမ်းကုတ်ကွေး အဆန့်အတန်းကို အခွင့်ကောင်းယူကာ ဦးထွန်းလှသည် သစ်စေးပင်ကြား ကြိမ်ဖြစ်တောမှ နောက်ဆုတ်ခွင့်ရသွား၏။ ဤသည်ထိ ကျားကြီးကား အားမာန်မလျှော့သေး။ ဦးထွန်းလှ နောက်ဆုတ်တော့ ကျားကြီးက တိုးတိုးလိုက်လာသည်။

လက်မှာလည်း လက်နက်ဆို၍ မဖြစ်စလောက် သစ်ခွဲထိုးဓားမတိုတစ်ချောင်းသာပါရာ ဦးထွန်းလှမှာ ကျားကြီးကိုရင်ဆိုင်ရမှာကြောက်ပြီး ချွေးသီးချွေးပေါက်တွေပြန်လာသည်။ ဤသည်ကိုသိ၍ဆင်၏။ ကျားကြီးက ဟိန်းသံတစ်ချက်နှင့် ခြိမ်းခြောက်လိုက်ကာ နောက်ခြေကို မြေကုတ်ပြီး ရှေ့လက်နှစ်ဘက်ကို မြှောက်လိုက်သည်။

ကျားကြီး၏အရပ်မှာ သူ့ထက်ပင်မြင့်သည်ကို မြင်လိုက်ရသောအခါ ဦးထွန်းလှမှာ အကြောက်လွန်သွားပြီး -

www.burmeseclassic.com

www.burmeseclassic.com


"ကယ်ကြပါဦးဗျို့ . . . ကူကြပါဦး . . . ကယ်ကြပါဦး . . . တျုပ် - တျုပ်ကို ကျား . . ကျားကြီးလိုက်ကိုက်နေပြီ၊ ကူကြပါဦး . . ကယ်ကြပါဦး . . ."

ဟု သံကုန်အော်ဟစ်ကာ အပတောထဲ စောစောစီးစီး မည်သူ မှရှိမည်မဟုတ်ဆိုသည်ကိုပင် သတိမရတော့ဘဲ ကြောက်ကြောက်နှင့် တစ်အားအော်ဟစ်လိုက်မိသည်။

ထိုအချိန်မှာပင် ကျားကြီးသည် ဦးထွန်းလှအား ပြေးခုန်အုပ် လိုက်၏။ သစ်စေးပင်တစ်ပင်ကို အကာအကွယ်ယူထားသော ဦးထွန်း လှကလည်း လက်ထဲရှိ ဓားမတိုနှင့် ခုန်အုပ်လာသောကျားကြီးကို ဆီးခုတ်လိုက်သည်။ ဦးထွန်းလှ၏ခုတ်ချက်က ကျားကြီးကို ထိမထိ တော့မသိ။ လောလောဆယ်မှာ ကျားကြီး၏ ဘယ်ညာလက်နှစ်ဘက် ပုတ်ရိုက်လိုက်ချက်ကြောင့် ဦးထွန်းလှလက်ထဲက တစ်ခုတည်းသော လက်နက်ဖြစ်သည့် ဓားမတို လွင့်စင်သွားသည်။

ဦးထွန်းလှ၏ ဆီးခုတ်လိုက်ချက်ကြောင့် ကျားကြီးသည် နည်း နည်းတော့ လန့်သွားပုံရသည်။ ထိုသို့လန့်သွားခါမှ ပိုပြီးဒေါမာန်ထလာ သလို ဦးထွန်းလှ၏ နောက်ဆုတ် နောက်ဆုတ်သွားနေသော ခြေလှမ်း အတိုင်း တိုးလိုက်လာနေပြန်သည်။ ဦးထွန်းလှသည် သူ့လက်ထဲက ကျားကြီးလက်ပုတ်ချက်ကြောင့် လွင့်စဉ်သွားသော ဓားမတိုကို အားကိုး တကြီး လှမ်းကြည့်လိုက်ရာ သူ့ဓားမတိုမှာ ကျားကြီး၏နောက်ဘက် ရောက်နေသည်။ ဘယ်လိုမှ ကျားကြီးကိုကျော်လွှားပြီး သွားကောက်၍ မရနိုင်တော့။ မည်သို့လုပ်ရမည်နည်း။ သူမည်မျှအော်ခြောက်ခြောက် ကျားကြီးကမကြောက်။ ဓားမတိုနှင့် တစ်ချက်ဆီးခုတ်ထားသော်လည်း နောက်ပြန်မပြေး။ ရှေ့သို့သာ တိုးလာသည်။

ရှေ့တိုးလာသောကျားကြီးကို ကြောက်ကြောက်နှင့် လှမ်းကြည့် လိုက်ရာ ကျားကြီး၏ရှေ့လက်တစ်နေရာက သွေးထွက်လာသည်ကို မြင်လိုက်ရသည်။ ထိုသွေးထွက်သံယိုဖြစ်သွားမှုကို ဦးထွန်းလှ လှမ်း မြင်လိုက်သလို ကျားကြီးလည်း ယခုမှသိလိုက်ပုံရသည်။ ထို့ကြောင့် ပင် ကျားနာဖြစ်သွားသောကျားကြီးသည် စောစောကလောက်တော့ မရဲဝံ့တော့။ သူ့ကိုယ်မှဒဏ်ရာကို ကမန်းကတန်း လျှာနှင့် တစ်ချက် နှစ်ချက်လျက်ပြီး ဦးထွန်းလှဆီ လိုက်လာပြန်သည်။

ဦးထွန်းလှသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် နောက်သို့ သုံးလေး လှမ်း ခုန်ဆုတ်လိုက်စဉ် ခါး၌လွယ်ထားသော ပလုပ်ပုံးနှင့် သူ့လက် ထင်ဘက် ခိုက်မိသွားသည်။ ထိုအခါမှ ဦးထွန်းလှခေါင်းထဲ နတ် သေသလို အကြံတစ်ခု ချက်ချင်းပေါ်လာ၏။

သူ့ခါးဘေးတွင်လွယ်ထားသော ပလုပ်ပုံးထဲ၌ သစ်စေးရည်များ ရှိနေ၏။ ဤတစ်ခါ ကျားကြီး သူ့ရှေ့ရောက်လာပြီး ခုန်အုပ်ရန် ရှေ့ ထောင်အမြှောက်တွင် ကျားကြီး၏မျက်နှာကို ပလုပ်ထဲက သစ်စေးရည် နှင့် လှမ်းပက်လိုက်ရလျှင် . . .

ဦးထွန်းလှသည် ကမန်းကတန်း ခါးကပလုပ်ပုံးကို ဆွဲဖြုတ်ပြီး သစ်စေးပင်တစ်ပင်ကို အကာအကွယ်ယူကာ ရှေ့တိုးလာသောကျား ကြီးကို စိမ်းစိမ်းကြီးစိုက်ကြည့်နေသည်။

"ကဲ - လာစမ်း၊ ငါ---မသား ကျား . . ."

ဟု အကြောက်ပြေ အော်ဆဲလိုက်စဉ် သူ့အား လုံးဝကြောက် ရမှန်းမသိသောကျားသည် ချက်ချင်းသူ့ရှေ့ရောက်လာပြီး ကိုယ့်ကို နောက်တွန့်ကာ ခုန်အုပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖျန်း . . ."

"ဖျန်း . . ."

ကြံစည်ထားသည့်အတိုင်းပင် ဦးထွန်းလှသည် ကျားကြီး၏ မျက်နှာကို သစ်စေးရည်နှင့်ဆီးပက်ကာ သစ်စေးပင်တစ်ပင်နှင့် သူ့ကိုယ်လုံးကို ကွယ်လိုက်နိုင်သည်။

ဓားနှင့်ခုတ်ထား၍ လက်ပြင်အထက် နာနေသော်လည်း ပြန်ပြေးရန်သတိပင်မရသောကျားကြီးသည် ဤတစ်ခါတော့ ဝမ်းခေါင်းသံကြီးနှင့် "ဝရှူး . . . ရှူး . . . ရှူး . . . ပိုး . . . ပူး . . . ဝါး . . . ဝါး" အော်ကာ နောက်ပြန်လှည့်ပြေးတော့သည်။

သို့သော် ကျားကြီးမှာ ဦးထွန်းလှအနားက ဝေးဝေးလံလံသို့ ရောက်မသွား။ သူ ကယောင်ချောက်ချားပြေးတိုင်း သစ်စေးပင်တစ်ပင်ပင်ကို အားနှင့်ဝင်တိုးတိုက်မိကာ ဖင်ထိုင်နောက်ပြန်ကျလိုက် ပြန်ထပြေးလိုက်၊ ပြန်တိုက်မိ၍ လဲပြိုကျလိုက်၊ ပြန်ထပြေးလိုက်နှင့် ဦးထွန်းလှအနား၌ပင် ပတ်ချာလည်၍ အော်မြည်ရုန်းပြေးနေသည်။

ကျားကြီး ဤသို့ ဦးတည်ရာမဲ့ဖြစ်နေသည်ကို မြင်ရသည်နှင့် ဦးထွန်းလှလည်း ချက်ချင်းသဘောပေါက်လိုက်သည်။ သူဆီးပက်လိုက်သော သစ်စေးရည်လတ်လတ်ဆတ်ဆတ်သည် ကျားကြီး၏မျက်စိ နှစ်လုံးထဲ တည့်တည့်မတ်မတ် တန်းဝင်သွားပြီ။ ဓားမတိုခုတ်ချက် ကိုပင်မမှုသော ကျားဆိုးကြီးသည် ဤတစ်ခါတော့ သစ်စေးရည် မျက်စိ ကိုဝင်ပြီး မမြင်မကန်း သွေးရူးသွေးတန်း ထွက်ပြေးနေပြီ။

ဤတစ်ခါတော့ ဦးထွန်းလှအလှည့်သို့ရောက်လာပြီ။

ဦးထွန်းလှသည် စောစောကလေးတင် ကျားကြီးပုတ်ချလိုက်၍ သူ့လက်ကလွတ်ကျသွားသော ဓားမတိုကို လိုက်ရှာသည်။ ထိုအချိန်၌



သွေးရူးသွေးဓာန်းနှင့် ဦးတည်ရာသို့မရောက်နိုင်ဘဲ သစ်စေးပင်တစ်ပင်ကို ခေါင်းနှင့် တအားဝင်ဆောင့်မိရာ အထိတ်တလန့်အော်လိုက်ပြီး ကျားကြီးက ဖင်ထိုင်လျက်ကျသွားပြန်သည်။ သို့သော် ချက်ချင်း ပြန်ထကာ ဦးတည်ရာ၌ပျောက်ပြီး ဦးထွန်းလှ ဓားမတိုရှာနေရာဘက် ပြေးချလာပြန်သည်။

ကျားကြီးမျက်စိထဲ သစ်စေးရည်ဝင်ပြီး မျက်စိကန်းနေပြီဆိုသည်ကိုသိသော်လည်း ဓားမတိုကို ယခုထိရှာမရသေးသော ဦးထွန်းလှမှာ ဧရာမကျားကြီးနှင့် ရှေ့ဆိုင်လုံးသတ်ရမည်ကိုကြောက်သဖြင့် ရှောင်ပြေးရပြန်၏။ သည်လိုနှင့် သူ့ဓားမတိုကို ပြန်ရသောအခါ ဦးထွန်းလှသည် ကျားနောက်ကိုပြေးလိုက်ပြီး ဓားမတိုနှင့် နောက်က ခုတ်လိုက်သည်။

ဤသည်မှာ ဦးထွန်းလှ၏အမှားပင်ဖြစ်၏။

သူ့နောက်ကနေ၍ ခုတ်လိုက်စဉ် နောက်ကျွမ်းပစ်၍ သူ့ကို ခုန်အုပ်လာသောကျားကြီးသည် မျက်စိမမြင်သော်လည်း မိရာကို လှမ်းကိုက်ရာ ဦးထွန်းလှ၏ ဓားမတိုကိုင်ထားသော လက်ယာလက်ကိုပင် ကိုက်မိသွားသည်။ ထိုအခါ သူ့လက်ထဲက ဓားမတိုလည်း လွတ်ကျသွားပြန်၏။

ဦးထွန်းလှ ကံကောင်းသည်ဟုဆိုရမည်။ မျက်စိမမြင်သော ကျားကြီးသည် ဦးထွန်းလှလက်ကို မမြင်မစမ်းကိုက်မိလိုက်သော်လည်း ကျားနာခဲ မလွတ်အောင်ခဲမထား။ ချက်ချင်း သူ့ပြေးလမ်း၊ လွတ်လမ်းကိုသာရှာ၍ ထွက်ပြေးသွားသည်။ ကျားကိုက်ခံလိုက်ရသော ဦးထွန်းလှမှာ ဤတစ်ခါတော့ ကျားမျက်ကန်းနောက်ကို လိုက်ချောင်းပြီး မခုတ်

www.burmeseclassic.com

www.burmeseclassic.com

ရဲတော့။ ကျားကိုက်ခံရသောလက်တစ်ဘက်နှင့် မားမတိုကိုကောက်ကာ အော်ဟစ်ပြီး ရွာဘက်ပြေးလာသည်။

* * *

"ကျားကြီးဗျို့ . . . ကျားကြီး၊ ကျားကြီး၊ ကျားကြီးတစ်ကောင်ကို အပတောထဲမှာ ကျုပ် သစ်စေးရည်နဲ့ မျက်စိကန်းအောင်ပက်ပြီး ဓားနဲ့ခုတ်ထားခဲ့တယ်၊ မြန်မြန်လိုက် . . ."

"ဟေ့ကောင် ထွန်းလှ၊ ဘာရယ်ကွ၊ ကျားကြီး ဟုတ်လား"

ရွာထဲ အော်ဟစ်ပြေးဝင်လာသော ဦးထွန်းလှအသံကြောင့် အိမ်ထဲက ပြေးထွက်လာသူ ဦးအောင်လုံက ဆီးမေးသည်။

"ဟုတ်-ဟုတ်တယ်၊ ကိုကြီးလုံ၊ ကျုပ် သစ်စေးထိုးရင်း အပတောထဲမှာ ကျားကြီးတစ်ကောင်ကို ခုတ်သတ်ထားခဲ့တယ်။ ဒီမှာ ကျုပ်လက်ကို ကိုက်လွှတ်လိုက်လို့ ကျုပ် ရွာထဲပြန်ပြေးလာရတာ၊ မြန်မြန် လူစုပြီးလိုက်ကြမှ ဖြစ်မယ်ဗျ၊ ကျားကို မျက်စိထဲ သစ်စေးရည်နဲ့ ကျုပ် ပက်ထားခဲ့လို့ ခု မမြင်မစမ်းဖြစ်ကျန်ခဲ့တယ်၊ မြန်မြန်လုပ်ကြစမ်းပါဗျ"

မောကြီးပန်းကြီးနှင့် ဟောဟဲဆိုက်ပြောလာသော ဦးထွန်းလှ၏ စကားကို ကြားလိုက်ရသောအခါ ချောင်းခေါင်းကြီး ဦးအောင်လုံမှာ "ဟယ် . . ."ခနဲ ဖြစ်သွားသည်။

ထိုစဉ်မှာပင် ကျားကြီးဟူသော ဦးထွန်းလှ၏စကားကြောင့် ရွာသူရွာသား ကလေးသူငယ်များပင် သူတို့အနား ဆယ်ယောက်ထက်မနည်း စုရောက်လာကြသည်။



ထိုအထဲတွင် ရွာမှဆိုးတစ်ပိုင်းဖြစ်သော ငမောင်ကြီးကလည်း ပါနေရာ ငမောင်ကြီးကပါ တစ်ခါ . . .

"ဗျို့ . . . ဦးထွန်းလှ အပတောမှာ ကျားတစ်ကောင်ကို ခုတ်ထားခဲ့ပြီတဲ့၊ တို့နဲ့လိုက်ချင်တဲ့လူတွေ မြန်မြန်လာကြ၊ တို့တော့သွားပြီ" ဟု ဗျို့ . . . ဟစ်ကာ အိမ်ပေါ်ပြေးတက်ပြီး လှံရှည်တစ်ချောင်းကို ဆွဲချလာသည်။ ပြီးတော့ ကျားလိုက်ပါကြမည့်သူများကိုစောင့်ရင်း အိမ်ရှေ့တွင် လှံရှည်ကိုထောက်ကာ ဟန်နှင့်ပန်နှင့် ရပ်နေသည်။

ဘယ်လောက်မှမကြာ၊ ဦးအောင်လုံအပါအဝင် ရွာသား ဆ၀ယောက်ခန့်ကလည်း လှံ၊ ဓား၊ မိုန်း၊ ဝါးပြောင်း၊ ဒူးလေး စသည့် ရရာလက်နက်ကိုစွဲကိုင်ကာ ချက်ချင်း ငမောင်ကြီးအနားသို့ လာစုကြသည်။

ဦးထွန်းလှကမူ "ကျားရရင် ခင်ဗျားတို့နော်၊ ကျုပ်တစ်ဝက်ဆိုင်တယ်"ဟုပြောကာ သူ့အိမ်ဘက်ပြေးသွား၏။

အချိန်ကာလမှာ ကျားတစ်ကောင်ရလျှင် ငွေသောင်းချီရသော ၁၉၉၀ ခုနှစ်ပတ်ဝန်းကျင်ဖြစ်သည်။

နိုင်ငံတော်က ဈေးကွက်စီးပွားရေးဖွင့်လှစ်ထားရာ မြန်မာနိုင်ငံရှိ မြေပေါ်မြေအောက် သယံဇာတများကို နိုင်ငံခြားကုမ္ပဏီများက အလုအယက် လာဝယ်နေကြသော ကာလဖြစ်သည်။

ရေသယံဇာတဖြစ်သော ငါး၊ ပုဇွန်၊ ဂဏန်း၊ ရေချူ၊ ခရု၊ ပေါင်း၊ ဘနုကမာအခွံများကိုပင် ဝယ်ကြသလို ကုန်းသယံဇာတနှင့်ပတ်သက်၍လည်း သစ်၊ ကြိမ်၊ ဝက်လာဥ၊ ချေနရောင်ဥ၊ မန်ကျည်းစေ့၊ ကုက္ကိုစေ့၊ စန်ပန်းစေ့၊ ပင်စိမ်းစေ့၊ ဂုံညင်းဒိုး၊ မှိုကျွဲ၊ မှိုထီး စသည်မကျန် နယ်စပ်ဘွင် ဒိုင်ဖွင့်၍ ဝယ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

တောတိရစ္ဆာန်များနှင့်ပတ်သက်၍လည်း ဆင်စွယ်၊ ပြောင်ချို၊ ချေချို၊ ဆတ်ချို၊ တောင်လိပ်၊ ကြက်တူရွေး၊ သာလိကာ၊ ဥဒေါင်း၊ ကင်းလိပ်ချော၊ မြွေပွေး၊ မြွေဟောက် စသည် မြန်မာ့တောတောင်ထဲရှိ သယံဇာတများမှာ လွှင့်ပစ်စရာတစ်ခုမှမရှိသော ကာလလိုဖြစ်နေ သည်။

ထိုအထဲတွင် ဈေးအကောင်းဆုံးမှာ ဝံသည်းခြေနှင့် စပါးကြီး စပါးအုံး၊ မြွေသည်းခြေတို့ဖြစ်သည်။ ယခု ဦးထွန်းလှ ခုတ်သတ်ထား ခဲ့သည်ဆိုသော ကျားကမူ ဆိုဖွယ်ရာမရှိ၊ ဈေးအကောင်းဆုံး တော တိရစ္ဆာန်ဖြစ်နေသည်။ ကျားတစ်ကောင်သာရပါက အစွယ်၊ အရိုး အသားအရေ ဘာတစ်ခုမှ လွှင့်ပစ်ရသည့်အရာဟူ၍မရှိ။ ထို့ကြောင့် လည်း ဦးထွန်းလှက သူ့ကျားရလျှင် သူ့ကို တစ်ဝက်ပေးရမည်ဟု ပြော သွားခြင်းဖြစ်သည်။

ထိုသို့ပြောထားခဲ့ရုံနှင့်လည်း ဦးထွန်းလှက အားမရသေး ကျားရလျှင် သူတစ်ဝက်ဖို့ရသလို ကျားလိုက်ကြရာ၌ပါလျှင် လူအတွက် လည်း ဝေစုတစ်စုရအောင်ဟူသောသဘောနှင့် ကျားကိုက်ခံထား သောလက်ကို ကမန်းကတန်း နနွင်းထည့် ပတ်တီးပတ်ပြီး ကျားလိုက် ရာသို့ လူအုပ်နှင့်အတူ ပါလာပြန်သည်။

ဦးထွန်းလှမှာ အနာဒဏ်ရာကြီးနှင့်ဖြစ်သော်လည်း ဤသည် မည်သူမျှ မကန့်ကွက်ကြ။ သူ အပတော၌ ခုတ်ထားခဲ့သည်ဆိုသော ကျားကြီးကိုရရန်မှာ သူစခုတ်ထားခဲ့သည့်နေရာက ခြေရာခံလိုက် ရမည်ဖြစ်ရာ ဦးထွန်းလှကိုပင် ရှေ့တန်းတင်၍ ရွာကထွက်လာ သည်။



သူတို့ ရွာကထွက်လာချိန်မှာ နေထန်းတစ်ဖျားခန့်ပင်ရှိသွားပြီ။ "ကျား"ဟူသောအသံကိုကြားသည်နှင့် ဝေစုရအောင် ထွက်လိုက်လာ ကြသူတွေကလည်း မနည်း။ လူကြီးတွေမရှိ၍ ဝေစုရအောင် ပြေးလိုက် လာကြသော ကာလသားပေါက်ကလည်း လူနှစ်ဆယ်လောက်ထဲ သုံးယောက်ပါ၏။ သူတို့မှာ ဘယ်လိုပဲဖြစ်ဖြစ် တစ်နေ့တည်း ကျား ရောင်းရငွေထဲက ငါးဆယ်တစ်ရာရလျှင်လည်း မနည်းဟူသော သဘောနှင့် လိုက်ပါလာကြခြင်းဖြစ်သည်။

သို့သော် ဦးထွန်းလှတို့ ကျားလိုက်အဖွဲ့ အပတောမရောက်မီ ပင် ကြိမ်ခုတ်ရာက ရွာဘက်ကို မပြေးရုံတမည် ပြန်လာကြသော အိုက်လောလူတို့သားအဖနှင့် မျက်နှာချင်းဆိုင် ဆုံမိကြသည်။

ဓား၊ လှံ၊ မှိန်း၊ ဝါးပြောင်း၊ ဒူးလေးကိုယ်စီနှင့် လူအုပ်ကြီးကို မျက်နှာချင်းဆိုင်တွေ့မိလိုက်ကြသောအခါ အိုက်လောလူတို့သားအဖ မှာ အံ့ဩသွားကြသည်။ ထို့ကြောင့်လည်း အိုက်လောလူက -

"ကိုကြီးလုံတို့အဖွဲ့ ဘယ်သွားကြမလို့လဲ၊ လူအုပ်ကြီးက မနည်း ပါလား"

ဟု အံ့ဩသလိုကြည့်၍ မေး၏။

"တို့ ကျားလိုက်သွားကြမလို့ကွ၊ မင်းတို့သားအဖလည်း ဝေစု ရအောင် လိုက်ချင်လိုက်ခဲ့ . . ."

"ဗျာ . . . ကိုကြီးတို့အဖွဲ့ ကျားလိုက်သွားကြမလို့"

အိုက်လောလူ၏ ပင်ကိုပြူးကျယ်သောမျက်လုံးက ပိုပြူးထွက် လာပြီး ဦးအောင်လုံ၏စကားမဆုံးမီပင် သူပါးစပ်က အာမေဍိတ်သံ ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွ၊ ထွန်းလှက သူ အပတောထဲမှာ ကျား တစ်ကောင်ကို သစ်စေးရည်နဲ့ မျက်နှာပက်ပြီး ဓားနဲ့ခုတ်ထားခဲ့တယ် ပြောလို့ အဲဒါ ခု ကျားရှာဖို့ ထွက်လာကြတာ"

ဦးအောင်လုံ၏စကားကို ကြားလိုက်ရသောအခါ အိုက်လောလူ တို့သားအဖနှစ်ယောက်မှာ ရုတ်တရက် ငိုင်ကျသွားကြသည်။ ပြီးတော့မှ ငမောင်ကြီးကို စိုက်ကြည့်ပြီး . . .

"ငမောင်ကြီး၊ လာစမ်းပါကွ၊ မင်းနဲ့ ငါတို့ တိုင်ပင်စရာရှိလို့"

ဟု အိုက်လောလူက ရွာမှူးဆိုး ငမောင်ကြီးကို လက်ဆွဲခေါ်ကာ လူအုပ်နှင့် ခပ်လှမ်းလှမ်းနေရာမှာ မတ်တပ်ရပ်လိုက်ကြသည်။

ဘာမှန်းမသိဘဲ အိုက်လောလူဆွဲခေါ်ရာသို့ ပါလာသော ငမောင်ကြီးက –

"ခင်ဗျားဟာက အရေးထဲ ဘာလဲဗျ"

ဟု အော်လိုက်၏။

"တိုးတိုးပြောပါကွ၊ မင်းနဲ့တိုင်ပင်ရအောင် ရွာကို တို့ပြေးလာကြတာကလည်း ကျားတစ်ကောင်တွေ့ထားခဲ့လို့ကွ၊ အဲဒါ ငါတို့သားအဖက မင်းနဲ့တို့ တိုးတိုးတိတ်တိတ်တိုင်ပင်ပြီး အဲဒီကျားကို သွားဖမ်းဖို့ ခု လာခေါ်ကြတာ"

"ဟင် . . . ခင်ဗျားတို့သားအဖလည်း ကျားတွေ့ခဲ့တယ် ဟုတ်လား၊ ဘယ်မှာတွေ့ခဲ့ကြလဲ၊ ပြောစမ်းပါဦး"

အိုက်လောလူက တိုးတိုးပြောပါကွဆိုသဖြင့် ဤတစ်ခါတော့ ငမောင်ကြီး၏အသံက အိုက်လောလူကြားရုံလောက်သာ ထွက်လာတော့သည်။



"ဘယ်မှာတွေ့ခဲ့လဲဆိုတော့ တို့အထက်တော မင်းသိပါတယ်၊ တို့သားအဖ ကြိမ်ခုတ်ခဏနားပြီး တောင်စောင်းမှာ လှဲနားနေကြတုန်း ဘယ်ကဘယ်လို ရောက်လာမှန်းမသိဘူးကွ၊ ကျားကြီးက တို့သားအဖ ကိုယ်ပေါ်တောင် ကျော်ခွနင်းပြေးသွားတာ၊ နည်းနည်းနော နော အကောင်ကြီးမဟုတ်ဘူး၊ ရသာရလိုက်လို့ကတော့ကွာ၊ အနည်းဆုံး လေးငါးသောင်းတော့ အောက်ထစ်ပဲ၊ အဲဒါ တို့ မင်းနဲ့တိုင်ပင်ရအောင် ပြေးလာကြတာ"

"ဟ – ဦးလေးလောပြောပုံအရဆို အဲဒီကျားက ဦးထွန်းလှ ဓားနဲ့ခုတ်ပြီး မျက်စိထဲကို သစ်စေးရည်နဲ့ပက်ထားခဲ့တဲ့ကျားပဲဖြစ်မှာပေါ့၊ ဦးလေးတို့ကို ကျားကြီးက ကျော်ခွတောင် နင်းသွားတယ်ဆိုတော့ ဒါ မျက်စိကန်းနေလို့ပဲနေမှာပ၊ နို့မို့ ကျားကြီးက လူကိုတော့ ကျော်ခွ နင်းသွားမလားဗျ၊ ကိုက်ထားခဲ့မှာပေါ့၊ ခု ဦးထွန်းလှလက်ကိုတောင် ကိုက်ထားခဲ့လို့ ဟိုမှာတွေ့လား၊ ပတ်တီးကြီးနဲ့၊ ဦးလေးလောတို့ တွေ့ ခဲ့ကြတဲ့ကျားဟာ ဦးထွန်းလှခုတ်လွှတ်လိုက်တဲ့ ကျားမျက်ကန်းပဲ ဖြစ် ရမယ်"

ရွာမှူးဆိုး ငမောင်ကြီးက ပကတိ အရိုးခံအတိုင်း ဖြစ်နိုင်ခြေကို ပြောလိုက်သည်။

ငမောင်ကြီး၏စကားကို ကြားလိုက်ရသောအခါ အိုက်လောလူ တို့သားအဖမှာ ပိုပြီး ခေါင်းငိုက်သွားကြ၏။ အစက သူတို့တွက်လာ ကြသည်မှာ စောစောကမှ သူတို့သားအဖကို ကျော်ခွနင်းပြေးသွား သော ကျားကြီးကို သူတို့နှစ်ယောက်တည်းနှင့်လည်း မလိုက်ဝံ့ကြ၊ ထို့ကြောင့် သူတို့နယ်တဝိုက်တွင် နာမည်ကြီးမုဆိုးကျော် ဦးအထော်ကို အကျိုးအကြောင်းပြောပြပြီး ဦးငထော်၏ တပည့်သုံးလေးယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုကျားကြီးကို သူတို့ သွားလိုက်ကြမည်။ ပထမဦးဆုံး ကျားသတင်းပေးသော သူတို့သားအဖက ကျားရောင်းရငွေတစ်ဝက်ကို ရမည့်အပြင် လူဖို့လည်း နှစ်ဖို့ရမည်ဟု ဝမ်းသာအားရ ဦးထော်ကြီးဆီ ပြေးလာကြခါမှ ဦးအောင်လုံတို့အဖွဲ့နှင့် လမ်းမှာဆုံမိကြ၍ ထိုကျားမှာ ဦးထွန်းလှ အပတောထဲက မျက်စိကို သစ်စေးရည်နှင့်ပက်ပြီး ခုတ်လွှတ်လိုက်သော ကျားဖြစ်နေမှန်း သိလိုက်ကြသည်။

ငမောင်ကြီးပြောလိုက်သလို ဤသည်ကို သူတို့သားအဖလည်း ဘယ်လိုမှ မငြင်းနိုင်။ မျက်ကန်းကျားမဟုတ်လျှင် သူတို့သားအဖကို ကိုက်သတ်သွားမည်မှာ အမှန်ပင်။ သို့သော် အိုက်လောလူက ကျားလောဘတက်ပြီး -

"ဒါက မင်းပြောသလို ဦးထွန်းလှကျားလို့ ကံသေကံမ ပြောလို့ရမလားကွ၊ ရတယ်ပဲထားဦး၊ ဦးထွန်းလှက အပတောမှာ ခုတ်ထားခဲ့တာ၊ ခု ငါတို့တွေ့ခဲ့တာက အထက်တော၊ ဒီတော့ ဦးထွန်းလှလိုပဲ ငါတို့လည်း ဝေစုခွဲတဲ့အခါ ရသင့်တယ်၊ ဒီကျားကို ငါတို့သာမတွေ့မိရင် ဘယ်လိုခြေရာခံလိုက်ကြမလဲ၊ ကျားက အပတောမှာမှ မရှိတော့တာ၊ ဒီလိုမဟုတ်လားကွ"

"ခင်ဗျားတို့တွေ့တယ်ဆိုတာက ခုမှ၊ ကျားကြီးနဲ့ကျုပ် နပန်းလုံးခဲ့ရတာက မနက်ကတည်းကဗျ၊ ဒီမှာတွေ့လား၊ ကျုပ်လက်တစ်ဘက်တော်င် ကျားကိုက်သွားတာ၊ ကိုကြီးလုံ၊ အိုက်လော မတရားပြောနေတာ ကြားတယ်နော်"

ကျားကြီးက ဘယ်ဆီရောက်လို့ ဘယ်ဆီပေါက်မှန်းမသိ။ ကျားဝေစုခွဲရေးကိစ္စကို ခုကပင် အခြေအတင် အငြင်းပွားနေကြရာ



ချောင်းခေါင်းကြီး ဦးအောင်လုံမှာလည်း ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

ထိုစဉ် အိုက်လောလူ၏သား ကာလသားပေါက် ငစောင်းဆိုသော ကောင်လေးက -

"အဖေပြောတာ ဟုတ်တာပ၊ ဦးလေးထွန်း အပတောမှာခုတ်ထားခဲ့လို့ အပတောမှာ ကျားရရင်တော့ ဦးလေးထွန်း တစ်ဝက်ဆိုင်တာမှန်တယ်၊ ခုဟာက ကျွန်တော်တို့ ကြိမ်ခုတ်နေကြတဲ့တောမှာ တွေ့တာ၊ အပတောမှာ ခု သွားရှာကြမလို့မဟုတ်လား၊ ဒါဆို သွားရှာကြ၊ ကျုပ်တို့ကတော့ ဘကြီးထော်ကိုခေါ်ပြီး ကျုပ်တို့တွေ့ခဲ့ကြတဲ့ အထက်တောမှာ သွားရှာမယ်၊ ဘယ့်နှယ့်လဲ၊ ကဲ - လာဗျာ အဖေ၊ ကျုပ်တို့ဘကြီးထော် သွားခေါ်ကြမယ်"

"ဟေ့ကောင် ငစောင်း၊ လူကြီးတွေပြောနေတာ မင်းဘာသိလို့ဝင်ပြောနေရတာလဲ၊ မင်းတို့ အထက်တောမှာတွေ့ခဲ့တဲ့ကျားက အပတောကကျားပဲမဟုတ်လား၊ ဦးထွန်းလှခုတ်ထားခဲ့တဲ့ကျားပဲမဟုတ်လား၊ သောက်မှန်းကမ်းမှန်းမသိဘဲ ဝင်ပြောနေတယ်၊ သွားခေါ်လေ၊ မင်းဘကြီးထော်၊ မနေ့ကပင် မိုးမိတ်ဘက်ဆင်းသွားပြီ၊ ရှိပါလိမ့်မယ်ရွာမှာ အားကြီးကြီး၊ သွားခေါ်ကြ"

မုဆိုးကြီးဦးထော်နှင့် ညီအစ်ကိုဝမ်းကွဲတော်ပြီး အိုက်လောလူတို့ထက် ရင်းချာသူ ဦးဘမော်က အော်လိုက်သောအခါ အိုက်လောလူသား ငစောင်းက နှုတ်ဆိတ်သွားသည်။

"ကဲကွာ . . . မင်းတို့ဟာကလည်း မဟုတ်သေးပါဘူး၊ မုန့်ဆီကြော်က, ဘယ်နေမှန်းမသိသေးဘူး၊ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားဆိုသလို ဖြစ်နေကြပြီ၊ ကျားတောင်မရသေးဘူး၊ ဝိဒါဒတွေများလိုက်တာ၊

www.burmeseclassic.com

www.burmeseclassic.com

ငါပြောမယ်၊ တကယ်လို့ ကျားရခဲ့ရင် မောင်ထွန်းလှက အရင်တွေ့ထားတဲ့အပြင် သူ့ခမျာ လက်ကိုလည်း ကျားကိုက်ခံထားရတယ်၊ ပြီးတော့ ကျားကြီး ဝေးဝေးကို မပြေးမရောက်သွားအောင် မျက်လုံးကိုလည်း သစ်စေးရည်နဲ့ ပက်ထားခဲ့တယ်ဆိုတော့ ကျားရရင် မောင်ထွန်းလှက တစ်ဝက်ဆိုင်သင့်တာမှန်တယ်၊ မင်း အိုက်လောလူတို့သားအဖက ဒုတိယလူ၊ ပြီးတော့လည်း ကျားကိုက်လည်းမခံရဆိုတော့ မင်းတို့နှစ်ယောက်အတွက် လူတစ်ဖို့ ဝေပုံကျအပိုပေးမယ်ကွာ၊ ဘယ့်နှယ့်လဲ ငါပြောတာ"

"အိုက်လော၊ မင်းဘာစဉ်းစားနေတာလဲ၊ ကိုကြီးလုံ့ပြောတာ တရားပါတယ်ကွ၊ လက်ခံရမှာပေါ့"

ရွာတွင် လူရှိသေ၊ ရှင်ရှိသေ၊ အစိုးရလခစား မင်းမှုထမ်းဖြစ်သော ချောင်းခေါင်းကြီး ဦးအောင်လုံ၏စကားကိုပင် နာခံရမှန်းမသိဘဲ ခေါင်းငိုက်ပြီး စဉ်းစားသလိုလုပ်နေသော အိုက်လောလူကို "ပါလေရာ" ဟု ရွာတွင် နာမည်ကြီးနေသော ဆယ်အိမ်ခေါင်း ဦးဘကျော်က နားချသည်။

"ဟုတ်ပါတယ်ကွ၊ အိုက်လောရ၊ မင်း ထွန်းလှလို တစ်ဝက်လိုချင်ရင် စောစောကပင် ကျားကိုက်ခံလိုက်ပါလား၊ ဒါဆို မင်း ထွန်းလှလိုပဲ တစ်ဝက်ရစေ့မယ်ကွာ၊ ငါ တာဝန်ခံတယ်"

ရပ်ရေးရွာရေး ဘယ်နေရာဖြစ်ဖြစ် အမြဲဘုကလန့်ပြောနေကျ ဦးအောင်သောင်းကြီးစကားကိုတော့ အားနာတတ်သော ဦးရွှေဝန်က-

"ဟော့ - ခွေးကောင်၊ မပြောကောင်း၊ မဆိုကောင်း"

ဟု အော်ဟန့်လိုက်သည်။



ကျားဝေစုရရေးထက် ဟန်ရေးပြရန် အပျော်လိုက်လာကြသူ ကာလသားပေါက်များနှင့် လူငယ်ပိုင်းအချို့ကမူ တဟားဟားရယ်ပြီး-

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဦးအိုက်လော ကျားကိုက်ခံလိုက်၊ အဲဒါမှ ဦးထွန်းလှနဲ့ ဝေစုတူတူရမှာ"

ဟု တမင်ဝိုင်းနောက် အော်ဟစ်ကြပြန်သည်။

ဤသည်ကို မုဆိုးဂုဏ်၊ ရဲရင့်ဂုဏ်နှင့် ထိန်းနိုင်သော ရွာမုဆိုး ငမောင်ကြီးက -

"ဒီလိုသာ ခင်ဗျားတို့ တစ်ယောက်တစ်ပေါက်ဖြစ်နေကြရင် ကျားမပြောနဲ့၊ ကျားချေးတောင်ရမှာမဟုတ်တော့ဘူး၊ ခုပဲ ဘယ်အချိန်ရှိသွားပလဲ၊ နေမွန်းပဲတည့်တော့မယ်၊ ဘကြီးလုံပြောတာကို အားလုံးလက်ခံကြရင် ကျုပ်နောက်လိုက်ခဲ့ကြ၊ မကျေနပ်တဲ့လူ၊ မလိုက်ချင်တဲ့လူ နေခဲ့လို့ရတယ်၊ ကျုပ်ကတော့ ဦးလေးထွန်း စတွေ့ခဲ့တဲ့ အပတောကကျားကို လက်လွှတ်မခံနိုင်ဘူး၊ ကဲ - သွားပြီ"

ပြောပြောဆိုဆိုနှင့် ရွာမုဆိုး ငမောင်ကြီး အထက်တောဘက်ကို လှံထမ်းပြေးတော့လည်း ဤကျားကိစ္စမှာ အားကိုးအားထားရမည့်သူဆို၍ ဤငမောင်ကြီးတစ်ယောက်သာရှိလေရာ ဦးထွန်းလှ၊ အိုက်လောလူ၊ ဦးအောင်လုံအပါအဝင် အားလုံး ရွာမုဆိုး ငမောင်ကြီးနောက် ကျားလိုက်ရန် တစ်စုတစ်ဝေးတည်း ပါလာကြပြန်၏။

* * *

အထက်တောကိုရောက်သည်နှင့် ပထမဦးဆုံး အိုက်လောလူတို့သားအဖကို ကျားကြီးကျော်ခွနင်းပြေးသွားသည်ဆိုသောနေရာကို ဖြိုခိုင်းကြသည်။ အိုက်လောလူတို့သားအဖကလည်း သူတို့ ခုတ်လက်စ

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်လေးငါးဆယ်ပင်နေရာနားက ကျားကြီးကျော်ခွနင်းပြေးသွားသည်ဆိုသော နေရာကိုပြသည်။ ထိုနေရာမှာ ကျားခြေရာထင်နိုင်သောနေရာမဟုတ်။ ထို့ကြောင့် မုဆိုးငမောင်ကြီးက -

"ဦးအိုက်လော၊ ခင်ဗျားတို့သားအဖကို ကျော်ခွနင်းပြေးပြီး အဲဒီကျားကြီး ဘယ်ဘက်ပြေးသွားလဲ၊ ပြောပါဦး"

ဟု အိုက်လောကို စေ့စေ့ကြည့်၍မေး၏။

"ငါတို့ကို ကျော်နင်းသွားတဲ့ကျားကြီးက ဟိုဘက်ထွက်ပြေးသွားတာပဲကွ"

အိုက်လောလူက ရေပြာချောင်းဘက် လက်ညှိုးညွှန်ပြ၍ပြော၏။

"ကျားအခြေအနေက ဘယ်လိုပြေးသွားလဲ၊ ဦးလေးထွန်း ပြောတဲ့အတိုင်းဆို မျက်စိကန်းနေတဲ့ကျားက တည့်တည့်မတ်မတ်တော့ ပြေးနိုင်မှာမဟုတ်ဘူး၊ အပတောမှာတုန်းကလည်း ဟိုအပင်ဝင်တိုး ဒီအပင်ဝင်တိုက်ပြီး ဦးတည်ရာမဲ့ ထွက်ပြေးတယ်လို့ပြောတယ်၊ ခုလည်း ဦးအိုက်လောတို့ကို ကျော်နင်းခွပြေးသွားတာ လမ်းမရစမ်းမရ ပုံစံမျိုးနဲ့ ပြေးသွားတာလား"

"အဲဒါတော့ ကြောက်ကြောက်နဲ့မို့ ငါတို့လည်း ဘယ်သတိထားမိလိုက်ကြမလဲကွ၊ တောင်စောင်းမှာ မှေးနေကြရာက ကျားကြီးဆီ အနင်းအကျော်ခံရမှ မျက်စိဖွင့်ကြည့်မိကြတာကိုး"

ဤစကားကိုတော့ အိုက်လောလူက အမှန်အတိုင်းပြောသည်။

"ဟော့ကောင်၊ ငမောင်ကြီး၊ ဒီကောင်တွေမေးလို့ အချိန်ကြာ ပဲရှိတော့မပေါ့၊ ဘို့ မြန်မြန် အိုက်လောလူပြောတဲ့ ရေပြာချောင်းဘက် လိုက်ကြမှ ဖြစ်တော့မပေါ့ကွ"



ဆယ်အိမ်မှူး ပါလေရာက ထိုသို့ဝင်ပြောသောအခါ ငမောင်ကြီး အပါအဝင် အားလုံးမှာ ရေပြာချောင်းဘက် ပြေးလိုက်ကြပြန်သည်။

နွေလဖြစ်သဖြင့် ရေပြာချောင်းမှာ ရေခန်းခြောက်နေသည်။ သို့သော် တစ်ချောင်းလုံးခြောက်နေသည်တော့မဟုတ်။ အချို့နေရာများတွင် တင်ကျန်နေသော ရေအိုင်များရှိသေးသည်။ ဤသည်ကပင် ကျားလိုက်အဖွဲ့အတွက် ကံကောင်းသွားခြင်းတစ်ရပ်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ချောင်းကိုစုန်၍ လိုက်ရှာကြရာ ရေအိုင်နားတစ်ခုတွင် လတ်လတ်ဆတ်ဆတ် ကျားခြေရာကြီးတွေကို ထင်ထင်ရှားရှားတွေ့ကြရသည်။ ကျားခြေရာကြီးများမှာ လူကြီးနှစ်ထွာနီးပါးပင်ရှိသဖြင့် မုဆိုးကြီးငမောင်ကြီးက . . .

"သတိထားကြဗျို့ . . . ဧကန္တ နီလာစင်းကြီးဖြစ်ရမယ်၊ ဒီကျားဟာ ဒီရေအိုင်ကရေသောက်ပြီး ဒီဘက်ကမ်းတက်သွားတာ၊ ဟော. . ဟော့ ဒီမှာ ခြေရာထပ်တွေ့တယ်၊ ကဲ - သတိဝီရိယနဲ့လိုက်ကြ"

ဟုပြောပြီး ကျားခြေရာနောက်ကို သူက ဦးဆုံး လှံတည့်၍ မပြေးရုံတမည် လိုက်သွားသောအခါ နောက်လူများကလည်း မုဆိုးငမောင်ကြီးနောက် ပြေးလိုက်ကြသည်။ သို့သော် ကျားခြေရာမှာ ချောင်းမြေပျော့ဖြူသာထင်ပြီး တောင်စ တောချုံထဲရောက်သည်နှင့် ပျောက်သွားသည်။

"ခြေရာလည်း မတွေ့ရတော့ဘူးဆိုတော့ ခင်ဗျားတို့လည်း ဟိုသို့ သည်လှို့ထဲ ရှာကြည့်ကြဦး၊ ကျုပ်နောက်ချည်း လိုက်မနေကြနဲ့၊ ဒီဘက်ကမ်းကို ရောက်လာတဲ့ကျားဟာ ဒီဘက်က လှို့တွေမှာ ပုန်း

www.burmeseclassic.com

www.burmeseclassic.com

နေနိုင်တယ်၊ မျက်စိကန်းနေတဲ့ကျားကို ဘာမှ ကြောက်စရာမလိုဘူး၊ တွေ့တာနဲ့ ဝင်ထိုး ဝင်ခုတ်ကြ"

မုဆိုးငမောင်ကြီးပြောသည့်အတိုင်း ရေပြာချောင်း၏ ဤမှာဘက်ကမ်းရှိ ချောက်တွေ၊ လျှိုတွေထဲ လူအုပ်ကြီးက ချုံကို တဖျန်းဖျန်းရိုက်၍လည်းကောင်း၊ ကျားထွက်ပြေးလာအောင် ညာသံပေး၍လည်းကောင်း၊ တောခြောက်သလို ဝုန်းဒိုင်းကြဲလိုက်ရိုက် လိုက်နှက်၍လည်းကောင်း ရှာကြသည်။

ယခင်က ကျားသံကြားသည်နှင့် ပြေးခဲ့ကြရသော လူများမှာ ယခုအခါ လောဘဇောတိုက်ပြီး ကျားကြီးကို မည်သူမျှ ကြောက်ရလန့်ရမှန်းမသိ ဖြစ်နေကြသည်။ ကျားကသာ သုံးဆယ်လောက်ရှိသော လူအုပ်ကြီးကို ကြောက်လန့်ကာ တပြေးတည်း ပြေးနေပုံရ၏။

ထို့ကြောင့်လည်း ရေပြာချောင်းတစ်ဘက်ကမ်းရှိ တောတောင်တွေကို လူစုခွဲ ဝိုင်းရှာကြသော်လည်း ကျားကိုမဆိုထားနှင့်၊ ငမောင်ကြီးစောစောက စကားချွန်း၍ အမှတ်တမဲ့ပြောလိုက်သလို ကျားချေးပင် မတွေ့ ဖြစ်နေ၏။ အချိန်မှာလည်း နေမွန်းစောင်းကြီးနီးပါး ရောက်သွားပြီ။ သူတို့အားလုံးမှာ တစ်ယောက်မှ နံနက်စာ စားခဲ့ကြသူ မပါ။

သို့သော် ဤကျားကြီးကိုသာ ရလိုက်ကြလျှင်ဟူသော လောဘဇောကြောင့် သူတို့မှာ ထမင်းဆာရမှန်းကိုပင် သတိမရကြ၊ တောခြောက်သလို အော်ဟစ်ကြ၊ ချုံပုတ်၊ ကြိမ်ပုတ်၊ ဝါးပုတ်တို့ကို တဝုန်းဝုန်း တဒိုင်းဒိုင်း လိုက်ရိုက်ကြနှင့်ပင် အချိန်မှာ နေမွန်းစောင်းကြီးရောက်သွားပြီ။ သူတို့ မည်မျှရှာရှာ ကျားကြီးကို ရှာမတွေ့ကြသေး။ ထို့ကြောင့် ဆယ်အိမ်ခေါင်း ပါလေယာက -



"ငမောင်ရေ . . . ဝေး . . . ငမောင်၊ ငတို့ ဒီလိုရှာနေကြတာထက် ဦးထော်ကြီးခွေးတွေ သွားခေါ်ပြီး အနံ့ခံ လိုက်ရှာခိုင်းကြရင် ပိုကောင်းမယ်ထင်တယ်၊ ဝေး . . ."

တောထဲတွင် တစ်စုနှင့်တစ်စု၊ တစ်ယောက်နှင့်တစ်ယောက် မမြင်ကြရသဖြင့် ဆယ်အိမ်မှူး ပါလေယာက မုဆိုးကြီးငမောင်ကြီးကို လှမ်းအော်ပြောသည်။ ငမောင်ကြီးဆီက ချက်ချင်းစကားပြန်မရသဖြင့် ပါလေယာက -

"ဝေး . . . ငမောင်ကြီး၊ ငါပြောတာ ကြားလား"

ဟု လှမ်းအော်လိုက်ပြန်၏။

"ကြားပါတယ် ဦးလေး၊ ဘထော်ကြီးခွေးတွေက သူ့အရှင်မပါရင် ဘယ်လူခေါ်ခေါ် တောတက်မလိုက်ဘူး ဦးလေး၊ အဲဒါ ကျွန်တော်ကိုယ်တွေ့ပါ။ ခု ဘကြီးထော်လည်း မိုးမိတ်ဆင်းသွားတော့ သူ့ခွေးတွေကို ခေါ်လို့ရမှာမဟုတ်ဘူး"

မုဆိုးငမောင်က သူ့ဆရာနှင့် ဦးထော်ကြီးခွေးတွေအကြောင်းကို အတတ်သိသဖြင့် ပြန်အော်ပြော၏။

ငမောင်မှာ ဦးထော်ကြီးဆီ၌ မုဆိုးပညာသင်ခြင်း၊ ဦးထော်ကြီးနှင့် တောလိုက် တောပစ်ထွက်ခြင်းတို့ကို သုံးလေးနှစ် လုပ်လာသူဖြစ်သဖြင့် ဦးထော်ကြီးခွေးတွေအကြောင်း ကောင်းကောင်းသိ၍ ပြန်အော်ပြောခြင်းဖြစ်သည်။

ဤသည်မှာ အမှန်လည်းဟုတ်သည်။ ဦးထော်ကြီးသည် သူ့ခွေးများကို မည်သို့မည်ပုံ မုဆိုးပညာနှင့် သင်ထားသည်မသိ။ သူ့ခွေးများမှာ သူ့သခင်ဆီ၌ ပညာလာသင်နေကြသော ငမောင်တို့လို တစ်ရပ်တည်း တစ်ရွာတည်းသား တပည့်ရင်းတွေပင် တောတက်ခေါ်၍

www.burmeseclassic.com



ရသော ခွေးများမဟုတ်။ ဦးထော်ကြီးခွေးများမှာ သူ့သခင်ကလွဲပြီး မည်သူခေါ်ခေါ် ခေါ်မရသောခွေးများဖြစ်လေသည်။

သည်လိုနှင့် ရေပြာချောင်းတစ်ဘက်ကမ်းရှိ တောတောင်တွေမှာ ထောင်းလမောင်းသာ ကျေတော့မည်။ မနက်က ဦးထွန်းလှနှင့် နပန်းလုံးခဲ့ကြပြီး အိုက်လောလူတို့သားအဖပါ တွေ့လိုက်ကြရသော အပတောကကျားကို ခုထိရှာမရ ဖြစ်နေကြသည်။

ကျားလိုက် ကျားရှာထွက်လာကြသော အဖွဲ့ထဲမှာ ကာလသားပေါက်လေးတွေလည်းပါနေရာ တစ်ချို့မှာ ထမင်းဆာသဖြင့် တိတ်တိတ်ကလေးပင် ရွာပြန်လာကြပြီ။ အကယ်၍ ကျားတွေ့၍ အော်ကြသတ်ကြသံကြားလျှင်တော့ ဤကာလသားလေးတွေမှာ ဝေစုရအောင် ရေပြာချောင်းဘက် ပြန်ပြေးလာကြမည့်သူများ ဖြစ်လေသည်။

အမှန်ကတော့ လူငယ်များသာ ထမင်းဆာ၍ ရွာကို တိတ်တိတ်ပြန်ပြေးသွားကြသည်မဟုတ်၊ လူကြီးအချို့ပင် အလိုလိုပြန်ပြေးကုန်ကြပြီဖြစ်သည်။ နောက်တော့ နေကလည်း သုံးဗိုဟ်ခတ်သွားပြီဖြစ်ရာ လက်လျှော့၍ ရွာပြန်ရန် လူစုလိုက်ကြသောအခါ ကျားလိုက်ပါလာကြသူ လူသုံးဆယ်ကျော်မှာ နှစ်ဆယ်လောက်သာ ကျန်တော့သည်။ သို့သော် သူတို့သည် ကျားရှာမတွေ့သဖြင့် ရွာကိုပြန်လာကြသော်လည်း လက်တော့ မလျှော့ကြသေး။

ဦးထွန်းလှ ခုတ်လွှတ်လိုက်သော ကျားနာမှာ ညကျလျှင် ဒဏ်ရာဒဏ်ချက်ကြောင့် တစ်နေရာရာက ဟိန်းဟောက်အော်ဟစ်သံကို မုချကြားကြမည်။ ထိုအခါ ညတွင်းချင်း လူစုပြီး မီးရှူး မီးတုတ်တွေနှင့် လိုက်ကြရန်ကိုပင် အချို့က တိုင်ပင်လာကြသည်။



ဦးထွန်းလှ ဓားမတိုနှင့် နှစ်ချက်သုံးချက် ခုတ်လွှတ်လိုက်သော ကျားမှာ ထိုဒဏ်ရာက နာကျင်ကိုက်ခဲလာလျှင် ထိုဒဏ်ရာကို သူ့လျှာနှင့်လျက်တတ်သောအကျင့်ရှိသည်။ ကျားလျှာမှာ အလွန်ကြမ်းပြီး လျှာရင်းတွင် ဆူးလေးဆိုပင် အဆူးကလေးများပါလေရာ ဒဏ်ရာကို လျှာနှင့်လျက်လေ ပြလေ၊ ဒဏ်ရာက ပိုကျယ်လာလေဖြစ်ရာ ဒဏ်ရာရထားသောကျားမှာ မကြာမီ သေကိုသေရမည်။ မသေမီ ကျားကြီးသည် မုချ အော်ဟစ်ဟိန်းဟောက် အော်ညည်းမြည်တမ်းတတ်သည်။ ထို့ကြောင့် တစ်နေ့မဟုတ်တစ်နေ့ ဤကျားကို မုချ သူတို့ရကြလိမ့်မည်ဟု မုဆိုးငမောင်ကြီးက ပြန်လာကြသူများကို လမ်း၌ ပြောလာလေသည်။

သို့သော် သူတို့ ရွာကိုပြန်ရောက်ကြပြီး မနက်စာနှင့် ညနေစာထမင်းကို တစ်ပေါင်းတည်းစားနေကြချိန်ပင် ထိုကျားသတင်းကို ကြားလိုက်ကြရပြန်သည်။ ထိုသတင်းကို လာပြောသူမှာ သစ်ထုတ်လုပ်ရေးက တောလိုက်စာရေး မောင်ကြွယ်ဖြစ်သည်။

မောင်ကြွယ်တို့ သစ်ထုတ်လုပ်ရေးမှာ လသာအခြေစိုက်စခန်းရှိသည်။ ထိုစခန်းမှ မိမိသားမယားရှိသော ယင်းတောရွာသို့ ပြန်လာသူက ပြောသည်မှာ ယနေ့ညနေ၌ လသာရွာသူများ ချောင်းထဲတွင် ရေချိုးနေကြရာ ဧရာမကျားကြီးတစ်ကောင်သည် ချောင်းထဲ ရေဆင်းချိုးနေကြသော ရွာသူများအား ကမ်းပေါ်ကခုန်ဆင်းပြီး ကိုက်သတ်ရန် လိုက်လေရာ ရေဆင်းချိုးနေကြသော မိန်းမသူအချို့မှာ အထိတ်တလန့်အော်ဟစ်ပြီး ချောင်းထဲက ထမီပင်မပါဘဲ တက်ပြေးလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အကုန်သူလိုလိုပင် ကိုယ်တုံးလုံးတက်ပြေးလာကြရာ ရွာနားရောက်မှ ချုံထဲဝင်ပြေးကြပြီး ရွာထဲက မိန်းမသူအချင်းချင်းကို ချောင်းနား၌ ချွတ်ပုံထားခဲ့ကြသော ထမီများကို သွားယူပေးရန် အကူအညီတောင်းကြသည်။ ထိုအခါ ရွာသူများကလည်း ကျားကိုကြောက်သဖြင့် သွားမယူရဲကြရာ မင်းယောက်ျားများကို အကူအညီတောင်း၍ ချောင်းနားက ထမီများကို သွားယူပေးကြရကြောင်း ရယ်စရာလုပ်၍ ကျားသတင်းပေးသည်။

ထိုအခါ လသာချောင်းဘက်ရောက်သွားသော ကျားကြီးမှာ သူတို့အပတောကကျားသာဖြစ်ရမည်။ မျက်ကန်းကျားနာသည် လသာသူများ ရေဆင်းချိုးနေကြသည်ကို ကိုက်သတ်ရန် ခုန်ဆင်းလာခြင်းမဟုတ်၊ သူတို့ တောနင်းတောခြောက် ဝိုင်းလိုက်သဖြင့် အထက်တောက သွေးရှူးသွေးတန်းနှင့် ပြေးသွားသော ကျားသာဖြစ်ရမည်။

ဤကျားမှာ မျက်စိလည်းကန်း၊ ဒဏ်ရာလည်းရထားသဖြင့် ဝေးဝေးလံလံကို ဘယ်လိုမှ မပြေးနိုင်တော့။ ထို့ကြောင့်လည်း သူတို့ရွာနှင့် အနီးကလေးဖြစ်သော လသာချောင်းဘက် ရောက်သွားခြင်းဖြစ်သည်။ ထို့ကြောင့် သူတို့ရထိုက်သော အပတောကကျားကို နေမဝင်မီပင် ရချင်ရနိုင်သဖြင့် လိုက်ကြတော့မည်ဟု လူစုကာ မုဆိုးငမောင်ကြီးဦးဆောင်၍ လသာချောင်းဘက် ပြေးလိုက်ကြပြန်လေသည်။

* * *

ညနေချိန်၌ သူတို့ ရပ်ဓလေ့ ရွာဓလေ့ မိန်းမယောက်ျား အကုန်သူတို့မှာ ချောင်းကမ်းနား၌ အဝတ်ကိုပုံချထားကာ ရေချိုးရန် လူသံ



ပေး၍ ရေချိုးလေ့ရှိကြရာ ယနေ့ ရွာသူများ ချောင်းထဲ ရေဆင်းချိုးနေကြချိန်တွင် ကျားကြီးတစ်ကောင်က ချောင်းထဲပင်ခုန်ချပြီး လူကိုကိုက်ရန် လိုက်သည်ဟု ချောင်းဘက်က ပြေးလာကြသော မိန်းမသူများစကားကို ကြားကြရသောအခါ လသာရွာသားကြီးများမှာလည်း ကျားဈေးကောင်းနေချိန်ဖြစ်သဖြင့် ထိုကျားကို သတ်ဖြတ်ရယူနိုင်ရန် လူစု၍ ခွေးတစ်အုပ်နှင့် ချက်ချင်း ကျားလိုက်ရန်ပြင်ဆင်ကြရတော့သည်။

ထိုအချိန်၌ပင် ငမောင်ဦးဆောင်သော ယင်းတောရွာသားများ လသာသို့ ရောက်လာကြသည်။ သူတို့ ရွာသူများကို ဤနေ့ညနေချိန်၌ လသာချောင်းထဲတွင် ကိုက်သတ်ရန်ကြိုးစားသွားသည်ဆိုသော ကျားကြီးမှာ သူတို့ အပတောက ကျားမျက်ကန်း ကျားနာဖြစ်ကြောင်း ပြောပြကြသည်။

ထိုအခါ ထိုကျားမျက်ကန်း၊ ထိုကျားနာကြီးကို ယင်းတောရွာသားများနှင့် လသာရွာသားများ စုပေါင်းကာ လူလေးငါးဆယ် ခွေးတစ်အုပ်နှင့် လိုက်ကြရန် သဘောတော့ တူကြသည်။ သို့သော် လသာချောင်းထဲခုန်ချပြီး ကျားကြီး ဘယ်နေရာက ပြန်တက်ပြေးသွားသည်။ ဘယ်ဘက်ပြေးသည်ကို စောစောကမှ ချောင်းထဲက တက်ပြေးလာကြသော မိန်းမသူများကို တစ်ခါထပ်မေး၍ နေရာပြခိုင်းကြရပြန်သည်။

မိန်းမသူများမှာ ရှက်ရှက်နှင့်မို့ နေရာလိုက်ပြရန် တစ်ယောက်မှ ထွက်မလာကြ။ ထိုအခါ "ဘယ်နေရာလဲ၊ ဘယ်ဘက်ကို တက်ပြေးသွားလဲဆိုတာလောက်တော့ ပြောပြကြပါ"ဟု မိန်းမသူများကို ရှိုးဦးတင် တောင်းပန်ကြရပြန်သည်။ မိန်းမသူများက ရှက်၍ ထွက်မလာ

www.burmeseclassic.com

ရလျှင်တော့ မည်သည့်ရွာသားတွေကကြားကြား ဝိုင်းလိုက်သတ်ဖြတ်ကြရန် အသင့်ပြင်၍ နားစွင့်လျက်ရှိနေကြသည်။

ရွာနှစ်ရွာကလူများ နားစွင့်နေကြသော်လည်း ထိုည၌ မည်သည့်နေရာကမှ ကျားညည်းသံ၊ ကျားမြည်သံ၊ ကျားဟိန်းသံများကို မကြားကြရဘဲ တစ်မိုးသောက် တစ်နေ့ရောက်သွားသည်။ လသာရွာသားများသည် သူတို့ရွာဘက် ရောက်လာပြီးမှ ယင်းတောရွာဘက်ကမ်းပြန်တက်ပြေးသွားသော ကျားနာကြီးကို ယင်းတောရွာသားများသည် တိတ်တဆိတ်လိုက်ရှာပြီး အပိုင်စီးသွားကြလေပလားဟူသော သံသယနှင့် ယင်းတောရွာသို့ မနက်မိုးမလင်းမီကပင် ရောက်လာကြပြီး ကျားနာမျက်ကန်းကြီး သတင်းကို ထောက်ကြသည်။

ယင်းတိုက်ရွာသားများကလည်း သူတို့၏ အပတောက ကျားကြီးသည် လသာချောင်းဘက်မှ သူတို့ရွာဘက်ကမ်းကို ပြန်တက်ပြေးလာသော ခြေရာကို ချောင်းကမ်း၌ တွေ့ခဲ့မြင်ခဲ့ကြသော်လည်း ဤကျားမှာ မျက်ကန်းကျားဖြစ်နေရာ ဦးတည်ရာမဲ့ လျှောက်ပြေးသွားကာ လသာရွာဘက်ရှိ တောတောင်ထဲ တစ်ခါပြန်ရောက်သွားပြီး လသာရွာသားများ ရှာဖွေသတ်ဖြတ်ကာ 'မောင်ပိုင်စီးလိုက်ကြလေပလားဟူသော သံသယနှင့် လသာရွာထဲကို စနည်းနာ အကြိုထောက်ရန် လူလွှတ်၍ စုံစမ်းကြပြန်သည်။

သည်လိုနှင့် ကျားနာမျက်ကန်းကြီးသတင်းမှာ စုပ်စမြုပ်စ မပေါ်လာတော့ဘဲ သုံးရက်သုံးည ကြာသွားလေသည်။ လေးရက်မြောက်သောနေ့၌မူ ရေပြာရွာရှိ ကြိမ်ခုတ်သမားညီအစ်ကိုနှစ်ယောက်ထဲက အစ်ကိုဖြစ်သူ ဆယ့်လေးနှစ်သား လှရန်ကို ကျားကိုက်သွား



ကြသော်လည်း နေရာပြောလိုက်သောအခါ ထိုနေရာကို ရွာခံတွေကလည်းသိသဖြင့် ထိုနေရာသို့ ပြေးလိုက်ကြပြန်သည်။

လသာချောင်း ဟိုဘက်သည်ဘက်ကမ်းတွင် ကျားတက်ပြေးသွားသော ခြေရာကို လိုက်ရှာကြရင်း မိုးချုပ်သွားသည်။ ခြေရာကိုတော့ တွေ့ပါ၏။ သို့သော် ကျားနာမျက်ကန်းကြီးသည် လသာချောင်းတစ်ဘက်ကမ်းကို တက်ပြေးသွားခြင်းမဟုတ်ဘဲ ယင်းတောရွာဘက်ကမ်းကိုသာ မြန်လှည့်တက်ပြေးသွားသော ခြေရာများကို တွေ့ကြရပြန်သည်။ ထိုအခါမှ ယင်းတောရွာသားများ တောခြောက်ဝိုင်းလိုက်၍ ယင်းတောရွာဘက်က သွေးရူးသွေးတန်းပြေးလာသောကျားသည် လသာရွာသူများ ရေချိုးနေကြသော လသာချောင်းထဲ မမြင်မစမ်းနှင့် အားလွှန်ကျပြီး လူကိုကိုက်ရန် ခုန်ဆင်းခြင်းမဟုတ်ဆိုသည်ကို သိကြရတော့သည်။

ထိုအခါ ယင်းတောရွာသားများနှင့် လသာရွာသားများမှာ ထိုကျားမျက်ကန်းကြီးကို လသာချောင်းနားတဝိုက်၌ လိုက်ရှာကြပြန်သည်။ လူတွေကို အရမ်းကြောက်သွားပုံရသော ကျားကြီးသည် ဘယ်တောဘယ်ကောင်ကို သွေးရူးသွေးတန်းနှင့် မမြင်မစမ်း တက်ပြေးသွားပြန်သည်မသိ။ မိုးသာချုပ်သွားသည်။ လသာချောင်းနားပတ်ဝန်းကျင်ရှိ တောတောင်ထဲတွင် ကျားမျက်ကန်းကြီး၏ အစအနကိုပင် ရှာမရဖြစ်သွားကြပြန်သည်။

ထိုအခါ မိုးချုပ်သွားပြီဖြစ်သဖြင့် လသာရွာသားများနှင့် ယင်းတောရွာသားများမှာ ကိုယ့်ရွာကိုယ် ပြန်ကြရသည်။ သို့သော် ဤနေ့ည ကျားနာကြီး၏ ညည်းသံ၊ အော်သံ၊ ဟိန်းဟောက်သံ တစ်ခုခုကို ကြား

www.burmeseclassic.com

www.burmeseclassic.com



သောသတင်းက ယင်းတောရွာနှင့် လသာရွာသို့ ရောက်လာပြန်သည်။

ထိုအခါ ယင်းတောရွာများက ထိုကျားသည် သူတို့၏ မူလပိုင်ရှင်ဖြစ်သော အပတောက ကျားနာမျက်ကန်းသာဖြစ်ရမည်ဟု ပိုင်ရှင်ခံရန် ရေပြာရွာဘက်ကို လူစုလူဝေးနှင့် လိုက်ကြပြန်သလို လသာရွာသားများကလည်း ထိုကျားသည် သူတို့ရွာကိုလာသွားပြီး မိန်းမသူများမှာ ဣန္ဒြေပျက် အရှက်ရခဲ့ကြသဖြင့် ထိုကျားကို သူတို့ရွာသားများကလည်း တစ်ဖို့တစ်စု ပိုင်သင့်ပိုင်ထိုက်သည်ဟု အသံကြားသည်နှင့် ရေပြာရွာကို လူစုလူဝေးနှင့် အလျင်အမြန် ပြေးလိုက်လာကြပြန်သည်။

ယင်းတောရွာသားများနှင့် လသာရွာသားများ တပ်ချီရောက်လာကြချိန်မှာ ရေပြာရွာသားများသည်လည်း ကျားကိုက်သွားသော ကြိမ်ခုတ်သမားလေး ငလှရန်၏အလောင်းကို မိဘဆွေမျိုးသားချင်းများနှင့် တောနင်းတောတိုက် စုပေါင်းရှာနေကြပြီ။

ကျားကိုက်ဆွဲချီသွားသော ငလှရန်၏ညီ ငလှသီး၏ ပြောပြချက်အရ သူတို့ညီအစ်ကိုနှစ်ယောက်သည် "စီလာတော"ဟုခေါ်သော ဆင်ကျင့်၊ မှိန်းသင်တောနား၌ ကြိမ်ခုတ်နေကြစဉ် ဘယ်ကဘယ်လို ရောက်လာမှန်းမသိလိုက်သော ကျားကြီးသည် ငလှရန်ကို တစ်ချက်တည်း ခုန်အုပ်ကိုက်ချီပြေးသွားသည်။ သူ့အစ်ကို ငလှရန်နှင့် သူနှင့်မှာ နှစ်လံသုံးလံခန့်သာ ဝေးသည်ဆို၏။

ကျားကြီးကိုက်ချီပြေးသွားသော ငလှရန်မှာ ကူပါကယ်ပါ အော်ပြီး ကျားနောက်ပါသွားသည်။ ညီဖြစ်သူ ငလှသီးမှာ သူတို့နှင့် ကြိမ်ခုတ်အတူတက်လာကြပြီး မနီးမဝေးတွင် ကြိမ်ခုတ်နေသော



ဦးလေးတော်သူ ဦးကြာပွင့်ရှိရာဘက် ကြောက်လန့်အော်ဟစ်ပြီး ပြေးလာသည်။ ထိုအခါမှ ဦးကြာပွင့်သည် သူတို့အနီးအနားရှိ ကြိမ်ခုတ်သမား၊ ဆင်ဝိုင်းကလူများကို အော်ပြော၍ အကူအညီတောင်းကာ ကျားနောက်လိုက်ကြသည်။

ငလှရန်၏အော်သံကို ဦးကြာပွင့် မကြားလိုက်ရသော်လည်း သွေးစက်ကျရာကိုတော့ တွေ့ရသည်။ ထိုအခါ သူသည် အနီးအနားရှိ ကြိမ်ခုတ်၊ သစ်စေးထိုးသူများနှင့် ဆင်ဝိုင်းကလူများကို အော်ခေါ် အကူအညီတောင်းကာ ငလှရန်ညီ သေီးလှကိုလည်း မိဘဆွေမျိုးများနှင့် ရွာကလူများကိုခေါ်ရန် လွှတ်လိုက်သဖြင့် ရွာသားကြီးများ လိုက်လာကာ ယခုအခါ ငလှရန်အလောင်းကို လိုက်ရှာနေကြသည်။

ထိုသို့ ငလှရန်အလောင်းကို လိုက်ရှာနေကြစဉ် လသာရွာ၊ ယင်းတိုက်ရွာ၊ ရေပြာရွာ၊ ဆင်ဝိုင်းက ဆင်သမားများနှင့် သစ်ထုတ်လုပ်ရေးက အရာရှိ၊ အရာခံ၊ အမှုထမ်းများအပြင် တောပစ်ဝါသနာပါသူ တောကောင်းကြီး ဦးခွန်ဖူးကလည်း သူ့တပည့်တစ်ယောက်နှင့် ရိုင်ဖယ်သေနတ်ကြီးထမ်းကာ ရောက်ချလာသည်။ ထို့ကြောင့် ကျားမျက်ကန်းကို လိုက်ရှာကြသူများမှာ လူပေါင်းတစ်ရာနီးပါး ဖြစ်သွားလေသည်။

ထိုသို့ လူပေါင်းတစ်ရာနီးပါး တောနင်းရှာကြရာ နေမွန်းစောင်းကြီးလောက်အရောက်မှာ ငလှရန်အလောင်းကို တွေ့ကြသည်။ အလောင်းမှာ လျှိုထဲက ကျောက်လုံးကြီးနှစ်လုံးကြားထဲ မှောက်လျက်တွေ့ရ၏။ သို့သော် အောက်တစ်ပိုင်းက အသားတွေကို ကျားစားသွားပြီ။ ခြေသလုံးရိုးနှစ်ရိုးပေါ်တွင် ယင်ရိုင်းမဲမကြီးတွေက အုံ့ခဲနေကြသည်။

www.burmeseclassic.com



ငလှေရန်အနားရှိ ကျောက်လုံးကြီးနှစ်လုံးဘေးတွင် ငလှေရန်၏ သွေးစသွေးန လတ်လတ်ဆတ်ဆတ် ပေကျံနေသည်ကိုလည်း တွေ့ရ၏။ ဤသည်မှာ ကျားသည် သူ့သဘာဝအတိုင်း ငလှေရန်ကို မစားမီ ရိုက်ပုတ်ကစားထားသဖြင့် ကျောက်တုံးနှစ်တုံးတွင် ပေကျံနေသော သွေးစသွေးနများဖြစ်မည်။

ငလှေရန်အလောင်းကို မိဘတွေက ရွာသယ်သွားပြီး ရွာသင်္ချိုင်းတွင် သင်္ဂြိုဟ်ချင်ကြသည်။ ဤသည်ကို မုဆိုးငမောင်ကြီးက -

"အစ်ကိုတို့ အစ်မတို့သားကို ကိုက်သတ်သွားတဲ့ကျားသေပြီးမှ ငလှေရန်အလောင်းကို သင်္ဂြိုဟ်ကြရင် မကောင်းဘူးလား"

မုဆိုးငမောင်ကြီး၏စကားကို ရုတ်တရက် မည်သူမျှ သဘော မပေါက်ကြသဖြင့် ငမောင်ကြီး၏မျက်နှာကို ဝိုင်းကြည့်ကြကာ အားလုံး အံ့အားသင့်သွားကြသည်။ ကျားသေပြီးမှ ငလှေရန်အလောင်းကို သင်္ဂြိုဟ်ကြမည်ဆိုသည်မှာ မည်သို့နည်း။

"ငမောင်၊ ကျားသေပြီးမှဆိုတဲ့ မင်းစကားကိုလည်း ရှင်းပါဦး ခုတောင် ကျားက ဘယ်ရောက်နေမှန်းမသိတဲ့ဟာ၊ ဘယ်လိုကျားသေပြီးမှလဲကွ"

ကျားရလျှင် ဝေစုတစ်ဝက်ပင် သူ့ကိုပေးရမည်ဟု တောင်းဆိုဖူးသော ယင်းတိုက်ရွာသား အိုက်လောကြီးက ထမေးသည်။

"ဦးအိုက်လော၊ ကျုပ်ပြောဘာက ဒီလိုဗျ၊ ခု ဒီညီလေး ငလှေရန် အလောင်းကို ဒီမှာပဲ တစ်ညထားပေးပါ၊ ခု မနက်ကမှဆုံးတာဆိုတော့ တစ်ညနဲ့လည်း အလောင်းက မပုတ်မသိုးနိုင်သေးဘူး၊ ဒီအလောင်းကို ညကျရင် ကျားက မုချလာစားမှာပဲ၊ ဒါဟာ ကျားတွေရဲ့သဘာဝဆိုတာ

လူတိုင်းသိပါတယ်၊ ကြိမ်တောင်က ချွန်းကြီးနွားကို ကိုက်တုန်းက ဦးကြီးထော်နဲ့ ကျုပ်တို့ ဒီလိုပဲသတ်ခဲ့ကြတယ်"

"မင်းပြောတာက မရှင်းလိုက်တာကွာ၊ ဒီလိုပဲသတ်ခဲ့ကြတယ်ဆိုတာ ဘယ်လိုသတ်တယ်ဆိုတာ အများနားရှင်းအောင် ပြောဦးမှပေါ့"

ထုံးစံအတိုင်း လသာဆယ်အိမ်မှူး ပါလေယာက မုဆိုးငမောင်ကြီးကို လူနိုင်မို့ ဟောက်သလိုပြော၏။

"ဒီလိုလေအစ်ကိုကြီး၊ ဒီအလောင်းကို ဒီမှာထားပြီး ကျုပ်တို့က ညကျ လင့်ထိုးစောင့်မယ်၊ ကျားက အလောင်းကိုပြန်စားဖို့လာတာနဲ့ သေနတ်နဲ့ပစ်ရုံပဲ"

"သေနတ်နဲ့ပစ်မှာ. . အမယ် - မင်းက ဘယ်သေနဲ့ပစ်မှာလဲ"

ရပ်မှာရွာမှာ နဝေတိမ်တောင် အမြဲမေးတတ်၊ ပြောတတ်သော ဦးရွှေထွန်းက ထမေးပြန်၏။

"ဦးလေးကို အဲဒါကြောင့် ရွာကလူတွေ နဝေတိမ်တောင် ပြောကြတာပေါ့၊ ဒီမှာ ဝန်ထောက်ကြီးနှစ်ယောက်တောင်ရှိနေပြီး ဘယ်သေနတ်နဲ့ပစ်ပစ် ဒီကျား မသေဘူးလား"

"ငမောင်ကြီးပြောတာ ဟုတ်ပါတယ်၊ ဒါ ဝန်ထောက်ကြီးတို့ကို အကူအညီတောင်းရမှာပ၊ ဝန်ထောက်ကြီးတို့လည်း ဒီမှာနေ၊ ဒီမှာ အလုပ်လုပ်ဆိုတော့ ကိုယ့်ရပ်ကိုယ့်ရွာလိုပဲ ကူညီကြပါ"

ရေပြာရွာလူကြီး ဦးထွန်းလူက ဦးခွန်ဖူးနှင့် ဦးထန်နားတို့ကို ကြည့်၍ ပြောလိုက်သည်။

"ကူညီဖို့ကတော့ ကျွန်တော်တို့ ဝန်မလေးပါဘူး ဦးထွန်းလူ၊ ဒါပေမယ့် ခု လူတစ်ရာနီးပါး ဒီနေရာမှာ တောနင်း၊ တောခြောက်

www.burmeseclassic.com

www.burmeseclassic.com

ရှာထားကြတော့ ကျားက ဒီနေရာကို လာပါဦးမလား၊ ကိုငမောင်ကြီး ပြောပါဦး"

"ဟာ - ဝန်ထောက်မင်း၊ ကျားမလာမှာတော့ လုံးဝမပူပါနဲ့ဗျာ၊ ညကျရင် သူ့အစာရှိရာကို ကျားက မုချလာမှာပါ၊ အထူးသဖြင့် လူသားစားထားတဲ့ကျားက လူသားအရသာကိုသိတော့ မုချလာမှာ ကိန်းသေပါတယ် ဝန်ထောက်မင်း"

"ကောင်းပြီဗျာ၊ လင့်ထိုးမယ့်ကိစ္စ ဘာဘာညာညာ တောထုံးစံအတိုင်း လုပ်ရမယ့်ကိစ္စတော့ ကိုငမောင်ကြီးပဲ စီစဉ်လုပ်ပါ၊ ကျွန်တော်နဲ့ ဦးခွန်ဖူးတို့ကတော့ ကျွန်တော့်စခန်းမှာပဲ ရှိနေမယ်၊ ညကျ လာခေါ်ပါ"

"ဟုတ်ကဲ့ ဝန်ထောက်မင်း၊ ကောင်းပါပြီ၊ အားလုံး ကျွန်တော် စီစဉ်ထားလိုက်ပါ့မယ်၊ စိတ်ချပါ"

ဦးခွန်ဖူးနှင့် ဦးထန်နားတို့ ပြန်သွားရန် ခြေလှမ်းအရွေ့တွင် လသာရွာလူကြီး ဦးထိန်ပေါက -

"ဝန်ထောက်မင်းတို့၊ ခဏ၊ ခဏနော်၊ ရှင်းရှင်းလင်းလင်း ဝန်ထောက်မင်းတို့ရှေ့ မေးချင်လို့ပါ"

"ဟုတ်ကဲ့ မေးပါ"

သစ်တောဝန်ထောက် ဦးခွန်ဖူးက "ဘာများမေးမလို့ပါလိမ့်" ဟူသောအတွေးနှင့် ဦးထိန်ပေါ်မျက်နှာကိုလှမ်းကြည့်ကာ မတ်တပ်ရပ်နေသည်။

"ခုည ကျားပစ်ကြမှာတော့ ဝန်ထောက်ကြီးနှစ်ယောက်ရယ် မုဆိုးငမောင်ကြီးရယ်ဆိုတော့ သုံးယောက်ပေါ့နော်"



"ကျုပ်သားကို ကိုက်သတ်သွားတဲ့ကျားကို ကျုပ်လည်းသတ်ဖို့ ချင်ပါတယ်၊ ဝန်ထောက်မင်း"

ငလှရန်အဖေက ငိုသံပါကြီးနှင့် ဝန်ထောက်နှစ်ယောက်ဘက် ကြည့်၍ အားကိုးတကြီး ဝင်ပြော၏။

"အဲ - အဲဒီကိစ္စက ကိုငမောင်ကြီးနဲ့ ပိုပြီးပတ်သက်နေပါတယ်၊ ဘယ့်နှယ်လဲ ကိုငမောင်ကြီး၊ ကာယကံရှင်အဖေပဲဗျာ၊ ပါလို့ ရနိုင်လား"

"ရပါတယ်"

"အေး . . . ပြီးရောပေါ့နော် ဦး၊ ကိုငမောင်ကြီးက စီစဉ်ရမယ့်သူဆိုတော့ သူ့သဘောပါပဲနော်၊ ကဲ - ကျွန်တော်တို့ကိုလည်း အားလုံး ခွင့်ပြုကြ . . ."

"ခဏ၊ ခဏလေး၊ ဝန်ထောက်မင်းတို့ ခဏလေး နေပေးကြပါဦး၊ ကျွန်တော် စောစောကတင်ပြထားတဲ့ကိစ္စက မရှင်းသေးလို့ပါ"

"ဘာကိုမရှင်းတာလဲ ခင်ဗျားက"

လသာရွာသား ဦးထိန်ပေါ်ကို ယင်းတိုက်ရွာသား မျက်နှာသိသူကြီးတစ်ယောက်က အမြင်ကပ်သလို ဝင်မေးပြန်သည်။

"မရှင်းတာက ဘာလဲဆိုတော့ ကျားကိုပစ်လို့တော ရပါပြီဆိုပါတော့၊ အဲဒီကျားရောင်းရငွေကို ဘယ်လိုခွဲဝေယူကြမလဲဆိုတာ ကပင် ကျုပ်တို့ရွာသားတွေတော့ ရှင်းရှင်းလင်းလင်း သိထားချင်လို့ပါ၊ ကျုပ်တို့ လသာရွာသားတွေကတော့ ဒီကျားကိုရရင် ကိုယ်ကျိုးအတွက် မဟုတ်ပါဘူး၊ ဒီနှစ် ဇရပ်မိုးဖို့တောင် စီစဉ်ကြပြီးသားဗျ၊ အဲဒါ သိချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

လသာရွာသား ဦးထိန်ပေါ်၏စကားကို ဝန်ထောက်ကြီးနှစ်ယောက်ကတော့ "ဘယ်လိုလူတွေနဲ့ လာတွေ့နေပါလိမ့်"ဟု သက်မချကြသည်။

"အဲဒီကိစ္စ ကျုပ်ပြောမယ် ဦးထိန်ပေါ်၊ ကျုပ်တို့ ဦးထိန်ပေါ်တို့ဆိုတာ တစ်ခြားလူတွေမဟုတ်ဘူး၊ ရပ်နီးရွာနီးချင်း၊ တစ်ရွာက အကူအညီလိုရင်လည်း တစ်ရွာကပေးနေကျ၊ အဲဒီတော့ ဒီကိစ္စမှာ ကျားရလို့ရောင်းလိုက်ပြီဆိုပါတော့၊ ခု ခင်ဗျားလူအုပ်တွေကိုပဲကြည့်၊ ဝေစုခွဲကြရင် တစ်ယောက် ဘယ်လောက်ရမှာမို့လဲ၊ အဲဒီတော့ ဝန်ထောက်မင်းတို့ကို ဦးထိပ်ထားပြီး ကျွန်တော်တင်ပြပါရစေ၊ ခု ကျားပစ်ကြမှာက ဝန်ထောက်ကြီးတို့နှစ်ယောက်နဲ့ ငမောင်ကြီးပါ၊ အဲ - မောင်လှရန်အဖေဆိုပါတော့ဗျာ အကောင်အထည်ကို သက်စွန့်ဆံဖျား ဆောင်ရွက်ကြရမယ့်ပုဂ္ဂိုလ်က ၄-ယောက်၊ အဲဒီလေးယောက်မှာ အနစ်နာဆုံးက ငလှရန်အဖေ၊ ဒုတိယက ဒီကျားကိုစတွေ့ပြီး ဒီကျားအကိုက်ခံရတဲ့ ကိုလှထွန်း၊ ဒီတော့ တောထဲတောင်ထဲ စကားရှည်နေကြတာ မုဆိုးငမောင်ကြီးတို့ကတော့ ကြိုက်ချင်မှကြိုက်မယ်၊ တိုတိုပဲပြောပါရစေ ကျားကိုရလို့ ရောင်းရငွေကို သုံးပုံ ပုံမယ်၊ တစ်ပုံကို ကိုလှထွန်းယူ နှစ်ပုံကို ငလှရန်အဖေကို ပေးလိုက်ကြ၊ ဘယ့်နှယ့်လဲ ကျုပ်ပြောတာ ငါ့တူ ငမောင်ကြီး မင်းက စီစဉ်ရတဲ့လူဆိုတော့ အဓိက မင်းကိုလည်း ငါတောင်းပန်ပါတယ်၊ ငါ့တူ ဒီကိစ္စမှာ မင်းခြူးတစ်ပြားမယူပါနဲ့ နစ်နာထားတဲ့ ကာယကံရှင်တွေကို လူသာမုခေါ် နတ်သာမုခေါ် စွန့်လိုက်ပါကွာ လူလေးနော်၊ ဝန်ထောက်ကြီးတို့ကိုတော့ ဒီငွေလောက် ခင်ဗျားတို့ပေးလည်း မယူဘူးဆိုတာ ကျုပ်အတတ်သိလို့ ပြောတာ ဘယ့်နှယ့်လဲ ကျုပ်ပြောတာ"



ရေပြာရွာလူကြီး ဦးဗန်နော၏စကားကို မည်သူမျှ မငြင်းနိုင်ကြသဖြင့် ဦးဗန်နော၏စကားက အတည်ဖြစ်သွားသည်။ ဒါတောင် မုဆိုးငမောင်ကြီးက သူ့ဦးကြီးတော်သူ ဦးဗန်နောကို -

"ကောင်းပြီ၊ ကျွန်တော်တို့ မုဆိုးထုံးစံကတော့ ကျားပစ်သူ ကျားစွယ်တော့ ယူရတယ်နော်"

ဟု ရယ်ကျဲကျဲနှင့် သူ့ဦးကြီးကို စသည်။

"ခွေးကောင်၊ ကျားက မင်းပစ်မှာလား၊ ဝန်ထောက်ကြီးတို့ပစ်မှာလား၊ မင်းပစ်ရင်လည်း မပေးဘူးကွာ၊ ဟိုတစ်ဘက်သားခမျာ နစ်နာထားကြတယ်"

ဦးဗန်နောမှာ လူဖြောင့်စိတ်တိုဖြစ်သဖြင့် အားလုံး တဝါးဝါး ရယ်ကြကာ ကျားဝေစုပြဿနာ ပြီးသွားသည်။ ဝန်ထောက်နှစ်ယောက် မုဆိုးငမောင်ကြီးတို့မှာ ယနေ့ည ကျားပစ်ဖို့တာဝန်သာ ကျန်တော့၏။

* * *

ဦးခွန်ဖူး၊ ဦးထန်နား၊ မုဆိုးငမောင်ကြီးနှင့် ငလှရန်အဖေ ဦးလှဝန်းတို့ လေးယောက်သည် မုဆိုးငမောင်ကြီး စီစဉ်ထားသော လင့်စင်ပေါ်ကို နေဝန်းသစ်ဖျားတင်စကပင် ရောက်နေကြသည်။ ဝန်ထောက်နှစ်ယောက်တွင် ရိုင်ဖယ်သေနတ်နှစ်လက်ပါသလို မုဆိုးငမောင်ကြီးနှင့် ဦးလှဝန်းတို့မှာလည်း ဒူးလေးတစ်ယောက်တစ်လက် အပြင် လှံရှည်တစ်ယောက်တစ်ချောင်းကိုလည်း လိုလိုမည်မည် ယူလာခဲ့ကြသည်။ ငလှရန်လေးအလောင်းရှိရာ ကျောက်တုံးနှစ်လုံးကြားနှင့် သူတို့လင့်စင်မှာ အထက်အောက် သုံးလေးလံခန့်သာ ကွာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မုဆိုးငမောင်ကြီးပြောသလို လှေရန်လေးအလောင်းကိုစားရန် ကျားသာအမှန်လာပါက ပစ်မလွဲ ပစ်ကွင်းကောင်းဖြစ်သဖြင့် ဝန်ထောက်ကြီးနှစ်ယောက်မှာ တစ်ခါမှမပစ်ဖူးကြသေး ကျားပစ်ရန်ကိုသာ စိတ်စောလျက်ရှိကြသည်။ လှေရန်အဖေခများမှာတော့ ယခုထိ မျက်ရည်တစမ်းစမ်းဖြစ်နေသည့်အပြင် မုဆိုးငမောင်ကြီးက နှပ်ညှစ်သံမမြည်ရ ပြောထားသဖြင့် သူ့ခမျာ ပုဆိုးခါးပုံစနှင့် နှပ်သုတ်နေရရာ ပုဆိုးခါးပုံစတစ်ခုလုံးမှာ နှပ်ချေးနှပ်ရည်တို့နှင့် ချွဲရွှဲနေသည်။

သစ်ဆိုင်သစ်တောထဲ နေလုံးဝင်သွားသည်နှင့် ဘယ်လောက်မှ မကြာ၊ တစ်တောလုံး တစ်တောင်လုံး ဆူညံသောအသံကြီး ပေါ်ထွက်လာသည်။ တစ်ခါမှ ဤလိုအတွေ့အကြုံမျိုးမရှိကြသော ဝန်ထောက်နှစ်ယောက်နှင့် ဦးလှဝန်းတို့မှာ မုဆိုး ငမောင်ကြီး၏ မျက်နှာကို အထိတ်တလန့် လှည့်ကြည့်မိလိုက်ကြသည်။

"ဘာမှမဟုတ်ဘူး၊ တောတိုက်ထားလို့ တောဟည်းတာ၊ ဘာမှမကြောက်ကြပါနဲ့"

မုဆိုးငမောင်ကြီးက တိုးတိုးပြောလိုက်သည်။ သူတို့ကြည့်ရသည်မှာ အေးအေးဆေးဆေးအနေအထားပင်ရှိသဖြင့် ကျန်လူများက စိတ်သက်သာရာ ရသွားကြသည်။ သို့သော် ငမောင်ကြီးပြောသော တောဟည်းသံကား ပျောက်မသွားသေး။ သူတို့လင့်စင်ရှိရာဘက် နီးသထက်နီးလာသလို အသံကြီးက ပို၍မြည်ဟည်းလာသည်။ မုဆိုးငမောင်ကြီးက"ဘာမှမကြောက်ကြနဲ့"ဟု ပြောသော်လည်း သုံးယောက်စလုံးမှာ ကျောထဲကတော့ စိမ့်သွားကြသည်။

မကြာမီ အသံကြီးက ပျောက်သွား၏။ အချိန်မှာ မှောင်စပြုလာပြီ။ တောင့က် တောကြက်တို့ တွန်မြည်သံအပြင် ပိုးကောင်မွှား



ကောင်တို့၏ တစီစီမြည်သံတွေကိုလည်း အရပ်ရှစ်မျက်နှာက ကြားလာရသည်။ မုဆိုးငမောင်ကြီးတော့ မည်သို့နေမည်မသိသော်လည်း ကျန်လူများမှာ ရင်တဒိတ်ဒိတ်ခုန်နေကြသည်။ တောကြီးထဲဖြစ်၍လား၊ ကြောက်စိတ်ကြောင့်လားမသိ၊ အအေးက ပိုလာသလိုပင်။ မိုးနှောင်းသမယဖြစ်သဖြင့် လေကငြိမ်နေသည်။ ထို့ကြောင့် တောထဲတွင် သူတို့လင့်စင်ပေါ်က သစ်ရွက်တစ်ရွက်ကလည်း ကြွေကျလာသံကိုပင် လန့်ချင်စရာ ကြားနေရသည်။

လသာညဖြစ်သဖြင့် ပန်းတိန်ငှက်မြည်သံနှင့် ဇီးကွက်မြည်သံတို့က စူးစူးရှရှရှိသည်။ သက်ငယ်ခေါင်းချချိန်ပင် မရောက်တတ်သေး။ တစ်ဘက်တောင်ကျောက ချေ(ဂျီ)တစ်ကောင် ဟောက်ပြေးသွားသံကို ကြားလိုက်ရသည်။

"ကျားကြီးလာနေပြီ"

မုဆိုးငမောင်ကြီးက လေသံတိုးတိုးနှင့် အတပ်ပြောလိုက်သည်။

ကျန်လူသုံးယောက်တို့၏အကြည့်က လှေရန်အလောင်းရှိရာကျောက်လုံးနှစ်လုံးကြား ရောက်သွားကြသည်။ နေ့ခင်း လင့်ထိုးကတည်းကပင် လဆန်းဆယ်ရက်လ၏ အလင်းကျနိုင်အောင် အလောင်းပေါ်ရှိ သစ်ကိုင်းသစ်ရွက်များကို ကိုင်းညွှတ်တုပ်ချည်ကာ အလင်းဖွင့်ထားခဲ့သဖြင့် လရောင်သည် လှေရန်လေးအလောင်းပေါ် ထင်ထင်ရှားရှားပင် ကျနေသည်။ သူတို့တွင် ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးကိုယ်စီ ပါလာကြသော်လည်း မည်သည့်အကြောင်းဖြစ်ဖြစ် ကျားမပစ်မီ လက်နှိပ်ဓာတ်မီးကိုမသုံးရဟု မုဆိုးငမောင်ကြီးက မှာထားသဖြင့် လရောင်ထဲက အလောင်းကိုသာ စိုက်ကြည့်ပြီး ဝန်ထောက်ကြီးနှစ်ယောက်က သေနတ်ချိန်ထားကြသလို လှေရန်အဖေကလည်း သူ

www.burmeseclassic.com

www.burmeseclassic.com

ဒူးလေးကို သူ့သားအလောင်းဆီ ချိန်ရွယ်ထားသည်။ မုဆိုးငမောင်ကြီးကမူ ဘာမှလှုပ်ရှားမှုမရှိသေးဘဲ စောစောက ချေဟောက်သံကြားရာဘက်ကိုသာ လှမ်းကြည့်နေသည်။

ထိုစဉ် "ဝေါင်း . . ." ဟု ကျားဟိန်းသံကြီးတစ်ချက်သည် တစ်တောလုံး တစ်တောင်လုံးကို လှုပ်ခါသွားသလား ထင်လိုက်ရသည်။ ထို့ကြောင့်ပင်ထင်၏။ စောစောက တစီစီတညံညံ မြည်နေကြသော ပိုးကောင်မွှားကောင်များ ပန်းတိမ်ငှက်နှင့် ဇီးကွက်မြည်သံတို့ကပါ ချက်ချင်းပျောက်သွားသည်။ တစ်တောလုံး တစ်တောင်လုံးမှာ ရုတ်ခြည်း ချောက်ချားစရာကောင်းလောက်အောင် တိတ်ဆိတ်သွားသည်။

"ဖျပ် . . . ဖျပ်၊ ဖျပ် . . . ဖျပ် . . . ဖျပ် . . . ဖျပ် . . ."

ချောက်ချားစရာကောင်းလောက်အောင် တိတ်ဆိတ်သွားရာက ရှဉ့်ငပေါတစ်ကောင်၏ စုတ်ထိုးသံက ပေါ်လာပြန်သည်။ မကြာမီမှာပင် ယုန်ဖြူလေးလို အကောင်တစ်ကောင်က ဖြိုးဖြိုးဖြောက်ဖြောက် အသံနှင့်အတူ ခုန်ဆွခုန်ဆွနှင့်ရောက်လာပြီး ငလှရန်အလောင်းကောင်ကို ခုန်တက်ပြန်ဆင်းသွားပြီး တောထဲဝင်သွားသည်။

"ဘာကောင်လဲဗျ၊ ယုန်နဲ့တူသလိုလိုနဲ့ ယုန်လေးလည်း မဟုတ်ဘူးထင်တယ်"

"အဲဒါ ယုန်မဟုတ်ဘူး၊ ကျား - အဲလူကိုကိုက်တဲ့ ကျားကိုစီးနေတဲ့ကျားသဘက်ဗျ၊ ကျားမလာမီ သူက ရှေ့တော်ပြေးလာတတ်တာ"

ဦးခွန်ဖူးနှင့် ဦးထန်နားတို့နှစ်ယောက်ကြားထဲ နေရာယူထားသော မုဆိုးငမောင်ကြီးက ဦးထန်နားအမေးကို တိုးတိုးဖြေလိုက်၏။ ပြီး "ကျားကြီးလာတော့မယ်၊ သတိထားကြ"ဟု လေသံနှင့်ပြောကာ



ထိုအချိန်ကျမှ မုဆိုးငမောင်ကြီးကလည်း သူ၏ဒူးလေးကို ငလှရန်လေးအလောင်းရှိရာသို့ တည့်ချိန်လိုက်သည်။ ဦးခွန်ဖူးနှင့် ဦးထန်နားတို့ကမူ ငလှရန်လေးအလောင်းရှိရာသို့ သေနတ်ချိန်ထားကြသည်မှာ ကြာပြီ။ ကျားဟိန်းလိုက်သံကြားကတည်းကပင်ဖြစ်သည်။

ယုန်ဖြူလေးလိုအကောင်၊ မုဆိုးငမောင်ကြီးပြောသော ကျားသဘက် တောထဲဝင်သွားပြီးသည်နှင့် ကျားကြီးသည် ငလှရန်လေးအလောင်းကောင်ရှိရာသို့ ရောက်ချလာသည်။ ကျားကြီးမှာ နည်းနည်းနောနောကျားကြီးမဟုတ်။ နီလာစင်း ရိုးကျားကြီး။ ကျားကြီးသည် ငလှရန်လေးအလောင်းကို ချက်ချင်းမစားသေးဘဲ တစ်ချက်နမ်းရှုပ်သလို ခေါင်းနှင့်တို့ထိကာ လက်နှင့်ပုတ်လိုက်သည်။

လရောင်ထဲတွင် မြင်နေရသော ကျားကြီးမှာ မုဆိုးငမောင်ကြီးတို့ လင့်စင်ရှိရာဘက်ကို ချက်ချင်းခေါင်းလှည့်မလာသေးဘဲ အလောင်းကောင်ကို ပုတ်ကစားနေသည်။ ဤကျားကို အပတော၌ သစ်စေထိုးသမား ဦးလှထွန်းက သစ်စေးရည်နှင့် မျက်နှာကိုပက်ပြီး ဓားနှင့်လည်း တစ်ချက်နှစ်ချက် ခုတ်ထားသဖြင့် ကျားနာမျက်ကန်းဖြစ်နေသည်ဟု ဆိုခဲ့ကြသည်။ ယခု သူတို့မြင်နေရသည်မှာ ကျားကြီးက မျက်ကန်းကျားနာမဟုတ်ဘဲ ပကတိအကောင်း လှုပ်ရှားနေသည်ကို မြင်နေကြရသောအခါ ဝန်ထောက်နှစ်ယောက်နှင့် ငလှရန်အဖေတို့မှာ အံ့သြသွားကြသည်။

ဤသည်ကို မုဆိုးငမောင်ကြီးအား ငလှရန်လေးကို ခုန်အုပ်ကိုက်ချီပြေးသွားသည်ဆိုကတည်းက တွက်မိထားပြီ။ အပတော၌ ကျားကို သစ်စေးရည်ဖောက်နှင့်လှမ်းပက်လိုက်၍ ကျားက ရုတ်တရက် မျက်စိစပ်ကာ ဦးတည်ရာမဲ့ သွေးရူးသွေးတန်း ဟိုတိုက်သည်လိုးဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြေးရင်းက အမျိုးသမီးများရေချိုးနေကြသော လသာချောင်းထဲ မမြင် မစမ်းလိမ့်ကျပြီး ချောင်းရေကို ကူးပြေးကတည်းက ကျားမျက်စိ ပြန် မြင်သွားပြီ။ ဦးလှထွန်း ကြောက်ကြောက်နှင့်ခုတ်လွှတ်လိုက်သော ဒဏ်ရာမှာလည်း ထိထိရောက်ရောက်မဟုတ်သဖြင့် ကျားကြီးကား ယခု အကောင်းပကတိပင်။

ထို့ကြောင့်လည်း သူ့သဘာဝအတိုင်း လှေရန်လေးအလောင်း ကို ချက်ချင်းမစားသေးဘဲ လက်နှင့်ပုတ်ကာ ဆော့ကစားနေသေ သည်။ ထိုသို့ ပုတ်ကစားနေသည်ကို လက်နက်ချိန်ရွယ်ပြီး စိုက်ကြည့် နေကြသူ ဝန်ထောက်နှစ်ယောက်နှင့် လှေရန်အဖေ ဦးလှဝန်းတို့မှာ ပစ်ချင်လွန်း၍ လက်ယားနေကြပြီ။ သို့သော် မုဆိုးငမောင်ကြီးက ပစ်မိန့်မပေးသေးသဖြင့် သူတို့မှာ အသက်ကိုအောင့်ကာ ကျားကြီး ဆော့ကစားနေသည်ကိုသာ စိုက်ကြည့်နေကြရတုန်း။

ကျားကြီးက လှေရန်လေးအလောင်းကို ထိုသို့ ပုတ်ကစားနေ စဉ် မုဆိုးငမောင်ကြီးက "တောက်" တစ်ချက်ကို ကျယ်ကျယ်လော လောင် ခေါက်လိုက်သည်။ ထိုအခါမှ ကျားကြီးသည် ငမောင်ကြီး တက်ခေါက်လိုက်သံကြောင့် လင့်စင်ရှိရာဘက်ကို ခေါင်းမော့ကြည့် လာသည်။ ထိုအခါမှ မုဆိုးငမောင်ကြီးက အသံနက်ကြီးနှင့် "ပစ် ဟုအော်လိုက်ကာ သူ့ဒူးလေးညှို့က မြားသည်လည်း ဝှီခနဲထွက်သွာ လေသည်။ တစ်ချက်တည်းမှာပင် -

"ဒိုင်း . . ."

"ဒိုင်း . . ."

"ဝှီ . . ."

"ဝေါင် - ဟရူး - ရူး - ရူး . . ."



ဟူသောအသံများနှင့်အတူ ကျားကြီးသည် တစ်ချက်ထွက်ခုန် လိုက်ကာ ကျောက်တုံးပေါ်သွားတင်ပြီး မချိမဆံ့ အသက်ငင်ကာ ငြိမ်ကျသွားသည်။ ထိုအချိန်မှာပင် မုဆိုးငမောင်ကြီး ကြိုတင်စီစဉ်ထား ခဲ့သော ရေပြောရွာသားများသည် လက်နှိပ်ဓာတ်မီး၊ ကညင်ဆီမီးတုတ်၊ မီးရှူးများနှင့် ညာသံပေးကာ အုန်းအုန်းကြွက်ကြွက် လိုက်လာကြ လေသည်။

ထိုအခါ ဝန်ထောက်ကြီးနှစ်ယောက်နှင့် ငမောင်ကြီး၊ ဦးလှဝန်း တို့မှာလည်း လက်နှိပ်ဓာတ်မီးကိုယ်စီနှင့် လင့်အောက်ဆင်းလာကြ သည်။

ကျားသေကိုဓာတ်မီးထိုး၍ကြည့်ကြရာ ဝန်ထောက်နှစ်ယောက် ပစ်လိုက်သော ရိုင်ဖယ်ကျည်နှစ်တောင့်မှာ ပါးစပ်နှင့်နှာခေါင်းကို ဖောက်ဝင်သွားတာတွေ့ရပြီး ငမောင်ကြီး၏ အဟက်အထစ်ပါသော ဒူးလေးမြားစူးက လည်ပင်းကို ဟိုဘက်သည်ဘက် ဖောက်ထွက်နေ၏။ ဦးလှဝန်း၏ မြားစူးမှာလည်း ကျားကြီး၏ လက်လှုပ်ကို စူးဝင်နေလေ သည်။

ကျားကြီးကို လက်နှိပ်ဓာတ်မီးနှင့်ထိုးပြီးကြည့်ကြရာ ကျားကြီး မှာ လုံးဝအသက်မရှိတော့။ ကျည်နှစ်ချက်ထိထားသဖြင့် မျက်နှာ တစ်ပြင်လုံးမှာလည်း သွေးအလိမ်းလိမ်းနှင့် စုတ်ပြတ်နေသည်။

ဓာတ်မီးရောင်ထဲတွင် ကျောက်တုံးခြေရင်း၌ လှစ်ခနဲ အရာ ဝတ္ထုတစ်ခုကို မြင်မိလိုက်သဖြင့် မုဆိုးငမောင်က ကောက်ကြည့်လိုက် သည်။ ပါးစပ်ထဲကို ရိုင်ဖယ်ကျည်ထိသွားသဖြင့် ပြုတ်ထွက်သွားသော ကျားစွယ်တစ်ချောင်းပင်။

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးငမောင်သည် ဝန်ထောက်နှစ်ယောက်နှင့် ဦးလှဝန်းတို့ ကျားကြီးကို ကိုင်စမ်းကြည့်နေကြစဉ် ကျားပါးစပ်က ပြုတ်ထွက်လာသော ကျားစွယ်တစ်ချောင်းကို ခါးပုံစထဲ အလျင်အမြန်ထည့်ပြီး လိပ်ထားလိုက်သည်။

"ကိုငမောင် ကျားကြီးက အမြီးပါဆို ခုနစ်တောင်ကျော်တယ်ဗျ၊ တကယ့်ရိုးမကျားကြီးပဲ"

ဝန်ထောက်ကြီး ဦးခွန်ဖူး၏အပြောကို မတ်တပ်ရပ်ကြည့်နေသော မုဆိုးငမောင်က

"ဟုတ်လား ဝန်ထောက်ကြီး"

ဟုပြောကာ ပြုံးနေလိုက်သည်။

တစ်ဆက်တည်းမှာပင် သူ့ဦးကြီးကို နေ့လည်ကမှ သူပြောခဲ့သောစကားကို သတိရသွားသည်။

"ဦးကြီးကောင်း၊ ကျွန်တော်တို့ မုဆိုးထုံးစံကတော့ ကျားပစ်တဲ့လူက ကျားစွယ်တော့ ယူရတယ်တဲ့" ဟူ၏။

ထိုအချိန်မှာပင် လက်နှိပ်ဓာတ်မီး၊ မီးရှူး၊ မီးတုတ်များနှင့် ညာသံပေးကာ အော်လိုက်လာကြသော ရေပြာရွာသားများလည်း ရောက်လာကြလေရာ ငလှရန်လေးအလောင်းနှင့် ကျားအသေကို ထမ်းကာ ညကြီးမင်းကြီး ရွာကို ပြန်လာကြလေသည်။

*ဖိုးကျော*

သန်းဆွေသစ်

# လူသတ်ကောင်အကျွတ်ဝါမုဆိုး

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ ... ဆရာကြီး၊ မော်တော်လုပ်ဖို့ သေချာသွားပြီလား ..."

ကိုကျော်မြသည် ဧည့်ခန်းထဲသို့ဝင်လာသည်နှင့် ကျွန်တော့်ကို လှမ်း၍မေး၏။ "မိဘစကား၊ နွားထောင်ငြား၊ သံပြားကျောက်စောင်း၊ ကိုးသော်ပြောင်း၏။ တဲ့ ဗျာ ..."ဟု ကျွန်တော်က ပြန်ပြောလိုက်သောအခါ သူက သာဓုခေါ်သည်။

"သာဓု ... သာဓု ..."

"သာဓု .. တစ်ကြိမ်ကျန်သေးတယ်ဗျာ .." ဟု ကျွန်တော်က နောက်သည်။

"မခေါ်သေးဘူး ... စောင့်ကြည့်ရဦးမယ်၊ မိုးထဲ ရေထဲလေထဲမှာ ဘယ်လောက်ခံနိုင်မှာလဲ၊ တစ်ပတ်မကြာ ပြန်ပြေးချင်ပြေးလာမှာ၊ အဲဒီတော့မှ ငါ့သာဓု အလကားဖြစ်သွားမယ် ..."ဟု သူက ပြန်နောက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကျော်မြရယ် . . . မင်းသူငယ်ချင်းကို အားလေးဘာလေး ပေးပါဦးကွယ့်၊ မော်တော်တစ်စင်းလုံးကို သားကြီးလက်ထဲ အပ်ထားလိုက်ပြီလေ . . . မော်တော်လုပ်ပြီး ပိုက်ဆံစု၊ အဆင်ပြေတော့ . . . မိန်းမယူပေါ့ . . ."ဟု အမေက ပြုံးကာ ရယ်ကာနှင့် ပြောသည်။

အမေ့စကား မဆုံးမီမှာပင် အဖေသည် အိမ်အပေါ်ထပ်မှ ဆင်းလာခဲ့၏။

"မမေ . . . ငါ့သားက မော်တော်လုပ်ပြီး ငွေစုပြီးမှ မိန်းမယူနိုင်မယ်ပေါ့ . . . ဟုတ်လား . . .၊ ငါတို့မှာ ဒီသားကြီးနဲ့ ဟောဒီသမီးလေး နှစ်ယောက်တည်းရှိတာ၊ တို့ပိုင်သမျှပစ္စည်းဥစ္စာအားလုံးဟာ ငါ့သားနဲ့ ငါ့သမီးတို့အတွက်ပဲ မမေ၊ မင်းစကားကို ဆင်ဆင်ခြင်ခြင်ပြော"

အဖေက အမေ့ကို ပိတ်၍ပြောလိုက်၏။

"ဟုတ်ပါဘူးတော် . . . တော့သားကို စိတ်ငြိမ်စေချင်လို့၊ အဖေ၊ အမေနဲ့ ညီမလေးတို့ကိုပစ်ထားခဲ့ပြီး ရန်ကုန်ကို ပြန်ပြေးမှာစိုးလို့၊ သားကြီးပင်ပန်းမှာသိရက်နဲ့ ဒီမော်တော်ကိုအပ်တာ ရှင်အသိပဲ မဟုတ်လား . . ."

အမေက သူ့ရင်ထဲရှိသည့်အတိုင်းပင် ပြော၏။

"ဟုတ်တယ်၊ အဒေါ်၊ သားက အိမ်ပေါ်သို့မရောက်မီကတည်းက ရန်ကုန်ပြန်သွားဖို့ ပြောနေပြီခင်ဗျား . . ."ဟု ကိုကျော်မြက ပြော၏။

"ဦးတို့မှာ ဒီမော်တော်ကို ချည်နှောင်ထားရတာ လေးငါးလ ရှိနေပြီလေ. . .၊သားကြီးက ကျောင်းပြီးပြီဆိုတော့ အလုပ်မရှိ အတွေ့အကြုံ 'ဗဟုသုတ ရတာပေါ့လေ"



အဖေက စကားကို လျှော့ချလိုက်၏။

ကျွန်တော် ကျောင်းပြီး၍ အိမ်သို့ပြန်ရောက်သည်နှင့် အဖေရော အမေကပါ မော်တော်ကို ကျွန်တော့်လက်ထဲသို့ အပ်ကြ၏။

"သားကြီး၊ အလုပ်မဝင်မီ ဒီရတနာထွန်းမော်တော်ကို အဆင်ပြေသလိုလုပ်ပေါ့ . . .၊ အလကားနေမယ့်အတူတူ အတွေ့အကြုံ၊ ဒေသန္တရဗဟုသုတရတာပေါ့ . . ."ဟု ဆိုလာပါသည်။

သည်လိုနှင့် ကျွန်တော်သည် မော်တော်ဆရာ ဖြစ်လာခဲ့၏။ မော်တော်က ငယ်သည်။ မိုးထဲလေထဲ၊ လှိုင်းထန်သောမြစ်ထဲတွင် ခရီး 'ရှည်သွားလာဖို့မလွယ်ဟုထင်သဖြင့် ပုဏ္ဏားကျွန်း၊ ယိုးတရုတ်၊ ချောင်း တွင်းခရီးသည်ပို့ဆောင်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

ဤသို့ဖြင့် မော်တော်စ၍ထွက်လာသောနေ့မှာပင် ဂစ္ဆပနဒီမြစ်၊ ယိုးချောင်းဝတွင် အံ့ဩ ကြောက်ရွံ့တုန်လှုပ်ဖွယ်ကောင်းသော ဤအဖြစ်အပျက်နှင့် ကြုံတွေ့ရတော့ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

| ၁ |

၁၉၆၈-ခုနှစ်ကဖြစ်သည်။

ကျွန်တော်၏အလုပ်မှာ မော်တော်ဘုတ်ထောင်သူဖြစ်၏။ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်းမြို့ဇာတိဖြစ်သည်။

ဂင္ဂပနဒီ၏ မြစ်လက်တက်တစ်ခုဖြစ်သော ယိုးချောင်း၏ ဝဲယာ နှစ်ဘက်ရှိရွာများမှ ရွာသူရွာသား ဈေးသည် ခရီးသည်များကို ဟိုရွာ၊ သည်ရွာသို့ ကူးတို့ပို့ပေးရသော ခရီးသွားလုပ်ငန်းဖြစ်၏။ တစ်နေ့ ဂင္ဂပနဒီမြစ်တစ်နေရာအရောက်တွင် -

"ဟာ - ဟိုမှာ ဘာကောင်ကြီးလဲ၊ ဘာကောင်ကြီးတွေလဲ"

မော်တော်ဘုတ်ပေါ် ပါလာကြသော ခရီးသည်များထဲက တစ်စုံတစ်ယောက်၏ တကြောက်တလန့် (အထိတ်တလန့်)အော်လိုက်သံကြောင့် ကျွန်တော် ကုန်းပတ်ပေါ် ပြေးထွက်လာရသည်။ ကုန်းပတ်ပေါ်တွင် မတ်တတ်ရပ်လိုက်ကာ ရှေ့ဘေးဝဲယာကို ကြည့်ရသည်။ မော်တော်နားတွင် ရုတ်တရက် ဘာမှမမြင်ရသဖြင့် လည်ပင်းတွင် အမြဲဆွဲထားသော အဝေးကြည့်မှန်ပြောင်းနှင့် ပတ်ဝန်းကျင်ဘယ်ညာကို ကြည့်ရသည်။



ကျွန်တော်တို့ ယိုးချောင်းတွင်း၌ မော်တာ်ထောင်ထားသူများမှာ နေ့ညမဟူ၊ ဥတုသုံးပါးမရွေး၊ အချိန်အခါမဲ့လည်း ကူးတို့ပို့တန် ပို့ကြရရာ ကျောက်ဆောင်ကျောက်တန်း၊ သောင်ကမ်း ရေဝဲကတော့များနှင့် ဆုံတတ်ကြသလို မိုးဦးကျ မိုးတွင်းဆိုလျှင် အထက်အညာက မျောပါလာတတ်သော လူတစ်ယောက်နှစ်ယောက်ဖက်ရှိ သစ်တုံးသစ်ပင်လုံးများနှင့်လည်း မတိုက်မခိုက်မိစေရန် ဝေးဝေးက ရှောင်မောင်းတတ်ကြသည်။ ထို့ကြောင့် အဝေးကြည့်မှန်ပြောင်းကို လည်ပင်းတွင် အမြဲဆွဲထားကြရသည်။

မော်တော်ရှေ့တွင် မသင်္ကာဖွယ်ရာ တစ်စုံတစ်ခုကိုမြင်၍ တစ်ယောက်ယောက်က လှမ်းအော်လိုက်လျှင် ချက်ချင်းပြေးထကြည့်ရသည်။ ထို့ကြောင့် ယခုလည်း တစ်စုံတစ်ယောက်က အထိတ်တလန့် အော်လိုက်သံကြောင့် ချက်ချင်းထွက်ကြည့်ရ၏။

အဝေးကြည့်မှန်ပြောင်းနှင့် လှည့်ပတ်ကြည့်လိုက်ရာ မည်သည့်တိရစ္ဆာန်ဟု ခွဲခြားမသိနိုင်သေးသော သတ္တဝါကြီးနှစ်ကောင်၏ ဦးခေါင်းပိုင်းကို မော်တော်ရှေ့ ရေပြင်တွင် မမျှော်လင့်ဘဲ မြင်လိုက်ရသဖြင့် အံ့သြသွားရသည်။

သတ္တဝါကြီးနှစ်ကောင်သည် ရေပြင်ပေါ်တွင် ခေါင်းသုံးတောင်ခန့်ဖော်လျှက် ပါးစပ်ကျယ်ကြီးကို ဟ,ဖြဲကာ မော်တော်ရှေ့ မနီးမဝေးတွင် မျက်နှာချင်းဆိုင်ရန် နှစ်ကောင်စလုံး ကူးပြေးလာနေကြသည်ကို မြင်လိုက်ရသည်။

"ဘယ်မှာလဲ၊ ဘာအကောင်လဲ"

www.burmeseclassic.com

www.burmeseclassic.com

မော်တော်လုပ်သား ကောင်လေးများကလည်း အော်မေးရင်း ကျွန်တော့်အနား ပြေးရောက်လာကြ၏။

"ဟို - ဟိုမှာလေ၊ မင်းတို့ မမြင်ကြဘူးလား"

မော်တော်လုပ်သား ကောင်လေးများက ကျွန်တော်လက်ညှိုး ညွှန်ပြရာဘက်ဆီ လှမ်းကြည့်လိုက်ကြပြီး -

"ဟာ - ဟုတ်တယ်ဟ၊ ဘာကောင်ကြီးတွေပါလိမ့်"

သတ္တဝါကြီးနှစ်ကောင်မှာ ရေပြင်ပေါ်၌ တစ်ကောင်နှင့် တစ်ကောင် မျက်နှာချင်းဆိုင်ရန် တဝေါဝေါ ကူးလိုက်လာနေကြသည် ကိုကြည့်ပြီး အားလုံး အံ့ဩသွားကြပြန်၏။ ထိုစဉ်မှာပင် အရေးထဲ အရာပေါ် ဆိုသလို မော်တော်၏စက်သံက "ဖုတ်ချက်၊ ဖုတ်ချက်" မြည်ကာ စက်ရပ်သွားသည်။

ရေသတ္တဝါကြီးနှစ်ကောင်မှာ တစ်ကောင်နှင့်တစ်ကောင် မျက်နှာချင်းဆိုင်ရန် တဖြည်းဖြည်း နီးလာနေပြီ။

"တောက် - အရေးထဲကွာ"

စက်ရပ်သွားသော မော်တော်သည် ဂင်္ဂါပနဒီမြစ် ရေအလယ် တွင် ဦးတည်ရာမဲ့ ကသောင်းကနင်း မျောပါနေ၏။

"ဒုက္ခတော့ ရောက်ကုန်ကြတော့မှာပဲ၊ ကျောက်ဟက် မြန်မြန် ချကြပါတော့လားကွ၊ မင်းတို့ ဘာလုပ်ကြည့်နေကြတာလဲ"

ကျွန်တော်က စိုးရိမ်တကြီး အော်ပြောလိုက်သည်။

မော်တော်လုပ်သား ကောင်လေးနှစ်ယောက်သည် အမြ‌ေ အလွှားနှင့် ဦးကျောက် ပဲ့ကျောက်နှစ်လုံးကို ကမန်းကတန်းဆွဲချလိုက် ကြသည်။ ထိုအချိန်မှာ စက်ဆရာ လှဖြူသံနှင့် ဆလင် ထွန်းအောင် ကျော်တို့ကလည်း မော်တော်ရှေ့ပိုင်းသို့ ပြေးထွက်လာကြပြန်၏။



ရေပန်းရေမွှာများ ဖွေးဖွေးလွှင့်စဉ်ကာ ရေမသတ္တဝါကြီး နှစ်ကောင်သည် တဝေါဝေါအသံနှင့် မျက်နှာချင်းဆိုင်ရန် ပြေးလာနေ ကြသည်မှာ မော်တော်နှင့် ပေနှစ်ဆယ်ခန့်အကွာသို့ ရောက်လာကြ သည်။

မျက်နှာချင်းဆိုင်မိလိုက်ကြသည်နှင့် သတ္တဝါကြီးနှစ်ကောင် သည် ပါးစောင်ချင်း "ဘောင်း"ခနဲ ရိုက်လိုက်ကြကာ "ဂေါင်း - ဂေါင်း ဂေါက် ဂေါက်" အသံနှင့် မာန်ဖီပြီး တဖြည်းဖြည်း တစ်ကောင်နှင့် တစ်ကောင် နောက်ဆုတ်သွားကြသည်။ သို့သော် မကြာလိုက်၊ တစ်ကောင်နှင့်တစ်ကောင် အတော်ဝေးဝေးသို့ နောက်ဆုတ်သွားကြ ရာမှ တစ်ခါ ပထမနည်းတူ တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်ကြ ရန် သုံးတောင်ခန့်ရှည်သောခေါင်းကို ရေပြင်ပေါ် ဖော်ထောင်ကာ ပြန်ပြေးလာနေကြပြန်၏။

မျက်နှာချင်းဆိုင်မိကြသည်နှင့် စောစောကနည်းတူ တစ်ကောင် နှင့်တစ်ကောင် "ဘောင်း" ခနဲ ပါးစောင်ချင်းရိုက်လိုက်ကြ၍ စောစော ကနည်းတူ မာန်ဖီဆုတ်ခွာသွားကြပြန်၏။ ထိုသို့ ဆုတ်ခွာသွားကြပြီး တစ်ဖန် ပြန်လှည့်ပြေးလာနေကြပြန်ပြီ။

ထိုအခါမှ ထိုရေသတ္တဝါနှစ်ကောင်မှာ မိကျောင်းကြီးများဖြစ် ကြောင်း ကျွန်တော်တို့အားလုံး သိလိုက်ကြရသည်။

"လှ - လှဖြူသံ၊ လှဖြူသံ၊ မင်း - မင်း - ဒါကိုပဲကြည့်နေတော့ မှာလား၊ ဒီကောင်နှစ်ကောင် သဲကြီးမဲကြီး တိုက်ခိုက်နေကြတာကြည့် ပြီး မော်တော်စက်ကို မပြင်ကြတော့ဘူးလား"

ကျွန်တော်က ထိုသို့အော်လိုက်မှ စက်ဆရာ လှဖြူသံသည် စက်ခန်းထဲသို့ ပြေးဆင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါကြီးနှစ်ကောင်ကား စောစောကအတိုင်း တစ်ကောင်နှင့်တစ်ကောင် ပါးစောင်ချင်းရိုက်လိုက်၊ ပါးစပ်ကြီးကိုဖြဲဟပြီး ဂေါင်း . . . ဂေါင်း . . . ဂေါက် - ဂေါက်မြည်လိုက်၊ မာန်ဖီလိုက်၊ နောက်ဆုတ်သွားလိုက်၊ ပြန်ပြေးလာကြပြီး အငြိုးကြီးစွာ ပါးစောင်နှင့်ရိုက်လိုက် နှင့် သဲကြီးမဲကြီး တိုက်ခိုက်နေကြတုန်း။

"ဟ - ဟ၊ ပြေးလာနေကြပြန်ပြီ၊ ပြေးလာနေကြပြန်ပြီ"

မိကျောင်းကြီးနှစ်ကောင်တိုက်ပွဲမှာ မော်တော်နှင့် ပိုမိုနီးလာသဖြင့် ခရီးသည်များက စိုးရိမ်တကြီး ထအော်ကြပြန်သည်။

ခရီးသည်များ စိုးရိမ်ကြမည်ဆိုကလည်း စိုးရိမ်စရာပင်။ မိချောင်းကြီးနှစ်ကောင် တိုက်ခိုက်နေကြသည်မှာ မော်တော်နှင့် နီးနေ၏။ ပါးစပ်ကို အစွမ်းကုန်ဟဖြဲ၍ တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်ရန် ပြေးလာနေကြသော မိကျောင်းနှစ်ကောင်၏ပါးစပ်ထဲက လွှသွားလို သွားများနှင့် နေရောင်ထဲ၌ လဲ့လဲ့တောက်နေသော မျက်လုံးများကိုပင် မြင်နေကြရရာ ကျွန်တော်ပင် ကျောစိမ့်သွားမိသည်။

"ဒီလမ်းဒီခရီးတစ်ဝိုက်မှာ ဒီမိကျောင်းကြီးနှစ်ကောင်ဟာ ဒီလိုပဲ နယ်လုရင်း တိုက်ခိုက်တတ်ကြတာ အလျင်လေးငါးနှစ်က ကျွန်တော် တစ်ခါမြင်ဖူးလိုက်တယ်၊ အဲဒီတုန်းကတော့ ဒီလို နီးနီးလေး မဟုတ်ဘူး၊ မော်တော်စက်ကလည်းကောင်းတော့ ခဏပဲကြည့်ခဲ့ကြရတယ်"

ယခင် မော်တော်ပိုင်ရှင်များနှင့် ဤလမ်းဤခရီးကို အခေါက်ခေါက်အခါခါ သွားလာဖူးထားသော ဝါရင့်ဆလင်ကြီး ကိုထွန်းအောင်ကျော်က ကျွန်တော့်မျက်နှာကိုကြည့်ပြီး ပြောလာ၏။



"မိကျောင်းဆိုတာ လေထန်လှိုင်းကြီး မြစ်တွေထဲ မနေဘူး ဆိုကွ"

ကျွန်တော်က ကြားဖူးနားဝကို ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ မြစ်ထဲမှာနေရင်လည်း ခဏပဲ၊ ခုမြင်နေရတဲ့ မိကျောင်းနှစ်ကောင်ဟာ ဒီမြစ်ထဲ အမြဲနေနေကြတဲ့ မိကျောင်းတွေ မဟုတ်ဘူး၊ မြောက်ဘက်ကအကောင်ဟာ ယိုးချောင်းထဲမှာနေတယ်၊ တောင်ဘက်ကမိကျောင်းဟာ ဟင်းရော်ချောင်းထဲမှာနေတယ်၊ ဂစ္ဆပနဒီမြစ် အရှေ့ဘက် ယိုးချောင်းဝမှာ သောင်ပြင်ကျယ်ကြီးရှိတယ်၊ အဲဒီသောင်ပြင်ကို လေညှင်းခံအိပ်ဖို့လာကြရင်း တွေ့လို့ နယ်လုကိုက်နေကြတာ"

ကိုထွန်းအောင်ကျော် ပြောနေချိန်မှာပင် မိကျောင်းကြီးနှစ်ကောင် စောစောကလို တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်ရန် လာနေကြပြန်သည်။

ခရီးသည်များမှာ မိကျောင်းကြီးနှစ်ကောင် အပြန်အလှန် တိုက်ခိုက်နေကြသည်ကိုကြည့်ရန် မော်တော်ဘေးတစ်ဘက်သို့ စုပြုံရောက်လာကြရာ မော်တော်မှာ လက်ယာဘက်သို့ စောင်းသွားလေသည်။

"မိကျောင်းကိုက်တာကိုကြည့်ကြတာ အကြောင်းမဟုတ်ဘူး၊ ခု မော်တော်စောင်းသွားပြီး မော်တော်မှောက်ရင် အကုန်ဒုက္ခရောက်ကုန်မယ်၊ တစ်ဘက်တည်းမှာ စုပြုံမနေကြပါနဲ့၊ တစ်ဘက်ထဲမှာ စုပြုံကြည့်မနေကြပါနဲ့၊ မော်တော်မှောက်ရင် အကုန်သေကုန်လိမ့်မယ်"

ကျွန်တော်က အထိတ်တလန့် အော်ပြောလိုက်မှ ကုန်းပတ်တစ်ဘက်တည်းပေါ်က ခရီးသည်တစ်ချို့ မော်တော်ဝမ်းဗိုက်ထဲ ဆင်းသူကဆင်း၊ နောက်တစ်ဘက်ကို ပြောင်းသူကပြောင်းကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"သတိထားကြနော်၊ မိကျောင်းတွေဟာ လှေပေါ်ကလူတွေကို အမြီးနဲ့ယမ်းသတ်ချပြီး ကိုက်တတ်တယ်ဆိုတာ ခင်ဗျားတို့ မကြားဖူးကြဘူးလား၊ ကုန်းပတ်အစမှာ မနေကြပါနဲ့"

ဆလင်ကြီး ကိုထွန်းအောင်ကျော်ကလည်း သူ့အတွေ့အကြုံကြောင့် အော်ဟစ်သတိပေးနေသည်။

ကိုထွန်းအောင်ကျော်၏ မိကျောင်းသတိပေးသံနှင့်အတူ မော်တော်ဝမ်းခေါင်းထဲက စက်သံကို ကြားလိုက်ရပြီး -

"စက်ကောင်းသွားပြီဗျို့ .. မော်တော်ထွက်မယ်၊ ကျောက်ဟက်နုတ်ကြပါ၊ ကျောက်ဟက်နုတ်ကြပါ"

မော်တော်ဝမ်းခေါင်းထဲရှိ စက်ဆရာ၏အသံနှင့်အတူ မော်တော်လုပ်သား ကောင်လေးနှစ်ယောက်က ဦးပဲ့ တစ်လုံးစီ ကိုက်ချထားသော ကျောက်ဟက်နှစ်လုံးကို ဆွဲနုတ်တင်လိုက်ကြသည်။

ထိုအချိန်မှာ တစ်ကောင်နှင့် တစ်ကောင် ပါးစောင်ချင်း တဘောင်းဘောင်းရိုက်၍ တိုက်ခိုက်နေကြသော မိကျောင်းကြီးနှစ်ကောင်က တဖြည်းဖြည်း ဆုတ်ခွာသွားနေကြပြန်သည်။

မော်တော်က ဂစ္ဆပနဒီကို ဆန်တက်လာသောအခါ မိကျောင်းကြီးနှစ်ကောင်မှာလည်း ဝေး၍ ဝေး၍ ကျန်နေခဲ့သည်။ ဤမိကျောင်းကြီးနှစ်ကောင်သည် မည်မျှကြာကြာ တိုက်ခိုက်ပြီး နယ်လု ချောင်းလုရန်ပြုနေကြလိမ့်မည် မသိပေ။

* * *



| ၂ |

မော်တော်၏စက်သံက ဆူညံစွာ ကျယ်လောင်လာသည်။ ယိုးချောင်း၏ ရေအလျဉ်က အရှိန်အဟုန်ပြင်းစွာ ပြေးဝင်လာနေ၏။ မော်တော်သည် ရေစီးကြောင်းအတိုင်း ရှေ့သို့ ပြေးနေသည်။ သပုန်ရွာသို့မရောက်မီ ကျားကူးချောင်းဝသို့အရောက်တွင် လှေတစ်စင်းမှ လူများက -

"သပုန်ရွာနဲ့ ဆားငံကန်ရွာကြားမှာ လူသတ်ကောင်ပေါ်နေတယ်ဗျို့ . . . သတိနဲ့သွားကြ"

ဟု လှမ်းအော်၍ ပြောကြ၏။

"ဘာလူသတ်ကောင်လဲ . . ."

အနားၤရှိနေကြသော ကောင်လေးတွေကို မေးလိုက်မိ၏။

"မသိဘူး ဆရာ . . . ဘာလူသတ်ကောင်လဲ . . ."

မော်တော်လုပ်သား ကောင်လေးတွေက မရှင်းလင်းနှင့် ပြောသည်။

ကျွန်တော်သည် ဆလင်ခန်းထဲမှာထားခဲ့သော နှစ်လုံးပြူးကုတ်ချိုးသေနတ်ကိုသွားယူကာ သေနတ်ခါးကိုချိုးလျက် ကျည်ဆံများကို စစ်ဆေးလိုက်၏။ ညာဘက်ပြောင်းဝတွင် လက်လုပ်ယမ်းပြင်း ကျည်ဆန်က ရှိနေ၍ ဘယ်ဘက်ပြောင်းဝတွင် LG ကျည်ဆန်က ရှိနေသည်ကို တွေ့ရသဖြင့် သေနတ်ကိုဆွဲယူကာ မော်တော်ဦးသို့ တက်လာခဲ့၏။

"မင်းတို့ ငြိမ်ငြိမ်နေကြ . . . ခရီးသည်တွေကိုလည်း သတိပေးထားပါ . . ."

www.burmeseclassic.com

www.burmeseclassic.com

မော်တော်စာရေး အောင်ကျော်ဝင်းသည် ကုန်းပတ်ပေါ်တက်သွားကာ သတိပေးနေ၏။

"ဟာ . . . ဆရာ . . . ဆရာ . . ."

သာထွန်းစံက တကြောက်တလန့် အော်လိုက်၏။

"ဘာလဲကွ . . ."

"မိကျောင်းကြီးဆရာ . . . ဧရာမ မိကျောင်းကြီး . . ."

သူ့အသံက လှိုက်ဖိုနေသည်။

ကျွန်တော်သည် သေနတ်၏ လက်ယာဘက်ပြောင်းကို ဆွဲတင်လိုက်သည်။

"ကိုထွန်းအောင်ကျော် . . . မိကျောင်းကြီးကိုတွေ့လား . ."

"တွေ့တယ် . . ."

ဤမိကျောင်းကြီးမှာ ဂစ္ဆပနဒီမြစ်ထဲတွင် တိုက်ခိုက်နေကြသော နှစ်ကောင်ထဲက တစ်ကောင်သည် မော်တော်နောက်ကို လိုက်နေသည့် ထင်သဖြင့် -

"အဲဒီ မိကျောင်းကြီးဆီကို ဦးတည်မောင်းပေးဗျာ . . ."

မော်တော်၏ဦးသည် မိကျောင်းကြီးဆီသို့ ဖြည်းဖြည်း ရွေ့လျားနေ၏။ မိကျောင်းကြီးသည် တောင်ဘက်သို့မျက်နှာလှည့်ကာ ငြိမ်သက်စွာ လှိုင်းစီးနေ၏။

"စက်ရှိန်လျှော့ပါ . . ."

ကျွန်တော်က အော်၍ပြောလိုက်သည်။

ရင်ထဲ တထိတ်ထိတ်ခုန်နေသည်။ အံကို တင်းတင်းကြိတ်ထားလိုက်၏။



သေနတ်ပြောင်းကို မော်တော်ဦးမှာ မှေးတင်လျက် ပစ်ကွက်ကိုတွက်ဆနေသည်။

"ဒီမိကျောင်းကြီးက ယိုးချောင်းဝ ဂစ္ဆပနဒီမြစ်ထဲမှာ စိန်တစ်လုံးနဲ့ သဲကြီးမဲကြီးတိုက်ခိုက်နေခဲ့တဲ့အကောင်ပဲ ဖြစ်လိမ့်မယ် . . ."

ဟု ခရီးသည်တစ်ယောက်က ထင်မြင်ချက်ကိုပြော၏။

"လူသတ်ကောင် ဆရာရယ် . . . အဲဒါ လူသတ်ကောင်ဗျာ့"

နောက်လူတစ်ယောက်၏အသံက ပေါ်လာပြန်သည်။

မော်တော်သည် မိကျောင်းနှင့် တဖြည်းဖြည်းနီးလာပြီ။ ကိုက်သုံးရာ . . . ကိုက်နှစ်ရာငါးဆယ် . . . ကိုက်နှစ်ရာ . . . ကိုက်တစ်ရာ . . . ကိုက်ငါးဆယ် . . .။

ကျွန်တော် ရင်ခုန်နေသည်။ စိတ်ကို အတင်းအကြပ်ထိန်း၏။ မိမိ၏စိတ်ကို မထိန်းနိုင်သောသူသည် တံတိုင်းမရှိသော မြို့ပျက်ကြီးနှင့် တူ၏ဟူသော ဓောလမုဘုရင်ကြီး၏ မိန့်ကြားချက်ကို စာအုပ်တစ်အုပ် တွင် ဖတ်ခဲ့ဖူး မှတ်ခဲ့ဖူး၏။

ယိုးချောင်းလေကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်သည်။ အသက်ကို အောင့်ထားလိုက်၏။ ဘယ်ဘက်မျက်လုံးကိုမှိတ်သည်။ ညာဘက် မျက်လုံးနှင့် သေနတ်ချိန်သီးနှင့် မိကျောင်းကြီးကိုချိန်လျက် ညာဘက် ခလုတ်ကို ဆွဲညှစ်လိုက်သည်။

"ဒိုင်း . . ."

သေနတ်သံနှင့်အတူ မိကျောင်းကြီး၏ ဦးခေါင်းထက်တွင် မီးပွင့်သွားသည်။ ဦးခေါင်းမှ အမြီးဖျားထိ ဆယ့်နှစ်တောင်ခန့် ရှည်မည်ဟုထင်ရသော ဧရာမမိကျောင်းကြီးသည် အလှုပ်ကြမ်းထဲမှ

www.burmeseclassic.com

www.burmeseclassic.com



လင်းပိုင်တစ်ကောင်နှယ် မိုးပေါ်သို့ခုန်တက်ကာ ရေထဲသို့ပြန်အကျ တွင် ဒုတိယသေနတ်ခလုတ်ကို "ဒိုင်း . . ."ခနဲ ဖြုတ်ချလိုက်၏။

ဧရာမမိကျောင်းကြီးသည် ရေထဲသို့ ဒိုင်ဗင်ထိုးကျသွားပြီး နောက် ရေဝဲ ရေကတော့များ ဘောင်ဘင်ခတ်သွားလေသည်။

"ထိတယ်ကွ . . ."

"ပထမပစ်တဲ့ ကျည်ထိတယ် . . . . နောက်ပစ်တဲ့ကျည်က မထိဘူး . . ."

"ထိတယ် . . . နှစ်ချက်လုံးထိတယ် . . ."

ခရီးသည်များသည် ဆူဆူညံညံ ငြင်းခုန်နေကြ၏။

မော်တော်သည် ရှေ့သို့ပြေးနေ၏။ ယိုးတရုတ်ရွာဆိပ်ကမ်းသို့ အဝင်တွင် ရွာထဲမှ ကလေးငယ်များ ပြေးဆင်းလာကြ၏။

ကျွန်တော်သည် သေနတ်နှင့် ကျောပိုးလွယ်အိတ်ကိုဆွဲယူကာ ကုန်းပေါ်သို့တက်လာသည်။

မော်တော်ဝန်းကျင်မှာကား လူသတ်ကောင်မိကျောင်းကြီး အကြောင်းကို ပြောမဆုံးပေါင် . . . တောသုံးထောင်ဖြစ်၍ ကျန်နေ ခဲ့လေသည်။

[ ၃ ]

"နတ်မိကျောင်းကွ . . ."

လက်ဖက်ရည်ဆိုင်ထဲဝင်လာသည်နှင့် "မိကျောင်း"ဟူသော အသံကို ကြားနေရပြန်သည်။

လူငယ်တစ်ယောက်၏ပြောသံကို ကြားသည်။



"ဘာကွ . . ဘာနတ်မိကျောင်းလဲ၊ အဓိပ္ပာယ်မရှိလိုက်တာ" ကျန်လူငယ်တစ်ယောက်က ဒေါနှင့်မောနှင့် ပြောသည်။

ကျွန်တော်၏အကြားအာရုံသည် သူတို့ဆီသို့ ရောက်နေ၏။

"သားပြောသလို နတ်မိကျောင်းတော့ ဟုတ်မယ်မထင်ပါဘူး၊ ဒီမိကျောင်းဟာ ဦးတို့ငယ်စဉ်ကတည်းက ဒီ ယိုးချောင်းတနံတလျားမှာ တွေ့နေကြတာပဲ . . . ၊ အခုဆိုရင် နှစ်ပေါင်းနှစ်ဆယ်ကျော်ရောပေါ့" ဒီမိကျောင်းကြီးကို သေနတ်နဲ့ အကြိမ်ကြိမ်ပစ်ခဲ့ကြတယ်၊ မှိန်းနဲ့ အကြိမ်ကြိမ်ထိုးခဲ့ကြပေမယ့် မသေဘူး၊ အင်မတန်ပါးနပ်တယ်၊ ရဲလည်း ရဲတယ်၊ ဒါကြောင့် တစ်ချို့လူတွေက နတ်မိကျောင်းလို့ ပြောကြတာပါ"

"ပြီးတော့ မိကျောင်းဟာ ဦးခေါင်းသုံးတောင်ရှိရင် လူယောင် ဖန်ဆင်းလို့ရတယ် ဘာညာဆိုပြီး ပြောကြတယ် . . ."

"ဒါဟာလည်း တကယ်စဉ်းစားကြည့်တော့ သိပ်အဓိပ္ပာယ်မရှိ လှဘူး . . ."

လက်ဖက်ရည်ဆိုင်ရှင်က ဝင်ပြောသံကိုကြား၏။ အခြား လူတစ်ယောက်က -

"ဒီမိကျောင်းကြီးက သူ့နယ်ကို ဘယ်မိကျောင်းမှ အဝင်မခံဘူး၊ ဝင်လာတာနဲ့ အတင်းလိုက် အတင်းကိုက်တာပဲ၊ အဲဒီတော့ မိကျောင်း တွေက တောက်တဲ့ချောင်းနဲ့ ပြင်လှချောင်းတွေထဲမှာပဲ နေရဲကြတယ်၊ မိကျောင်းမကြီးတွေဟာ အဲဒီ တောက်တဲ့ချောင်းဖျား၊ ပြင်လှချောင်း ဖျားက ကုန်းဝိုင်းကျပြီး ရေအိုင်ကြီးတွေအနားက ချုံထူထူ တောကြီး တွေထဲမှာ အသိုက်လုပ်ပြီး ဥ၊ ဥကြတယ်၊ သားပေါက်တွေကို ရေအိုင် တွေထဲမှာထားတယ်၊ အဲ - မိကျောင်းသိုက် ရေအိုင်နားကိုရောက်သွား တဲ့ လူတွေ၊ ကျွဲတွေ၊ နွားတွေကို အတင်းလိုက်ကိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်သောက်ရင်း သူတို့ပြောနေကြသောစကားကို ကျွန်တော် ငြိမ်၍နားစွင့်ထားသည်။

ကိုယ်တွေ့တစ်ခုကို ပြောရဦးမယ် . . .၊ လွန်ခဲ့တဲ့ ခြောက်လ၊ ခုနစ်လလောက်က နွေရာသီတစ်ရက်မှာပေါ့ . . .၊ ကျုပ်နဲ့ ဝေလှတို့က ခြံတိုင်ခုတ်ဖို့သွားကြတယ်၊ ပြင်လှချောင်းကိုလည်းရောက်ရော အပင်တစ်ပင်ပေါ် တက်လိုက်တာနဲ့ ခြံတိုင် ဆယ်လုံး ဆယ့်ငါးလုံးရတယ်၊ အပင်တိုင်းမှာ ထင်းတွေ ခြံတိုင်တွေက အများကြီးပဲ . . .၊ အံ့တောင်အံ့ဩရတယ်၊ ဒီတော့ ဒီခြုံတွေဟာ ပြင်လှရွာနဲ့ ပြင်ယားချောင်းရွာနှစ်ရွာကြားမှာဆိုတော့ ဒီလိုပေါမယ်မထင်ဘူး၊ ဒါနဲ့ ဖြောင့်ဖြောင့်လှလှတွေကို ရွေးခုတ်ကြတယ်၊ ပြီးတော့ . . . ကဏန်းတွေကလည်း လျှောက်သွားနေလိုက်တာ အများကြီးပဲ . . .၊ တိုင်ခုတ်ပြီးတော့ ကဏန်းတွေကို လိုက်ဖမ်းကြတယ်၊ အဲဒီမှာ 'ဂေါက် . . . ဂေါက် . . . ဂေါက် . . .' ဆိုတဲ့ အသံတစ်သံကို ထင်ထင်ရှားရှား ကြားလိုက်ရတယ်၊ ဝေလှက 'ဘာသံလဲကွာ . . .'လို့ လေသံလေးနဲ့မေးတယ် . . .၊ 'ဂေါက် . . . ဂေါက် . . . ဂေါက် . . .' နဲ့ ကြောက်စရာအသံက ပေါ်လာပြန်တယ်၊ အပေါ်သွားနဲ့ အောက်သွားရိုက်တဲ့အသံမျိုးပဲလို့ စိတ်ကထင်တယ် . . .၊ 'ဟော့ကောင် . . . ဟိုချုံထဲကနေ့တူတယ် . . .' လို့ပြောရင်းက ကျုပ် နှလုံးခုန်မြန်လာတယ်၊ ကျုပ်က လက်ညှိုးထိုးပြနေတုန်းမှာပဲ 'ဝရှမ်း . . .' ဆိုတဲ့အသံနဲ့အတူ မိကျောင်းမကြီးတစ်ကောင် အသိုက်ပေါ်က ခုန်ဆင်းလာကာ ကျုပ်တို့ဆီကို ပါးစပ်ကြီးဖြဲဟပြီး ပြေးလိုက်လာတယ် . . .၊ 'ဟော့ကောင် . . . ပြေးကွ . . . ပြေး . . . ပြေး . . .' လို့ ကျုပ်က တကြောက်တလန့်နဲ့ အော်ပြောပြီး ဦးတည်ရာကို စွတ်ပြေးကြတယ်"



မိကျောင်းနှင့်တွေ့ခဲ့သည်ဆိုသော လူကြီးက စကားရပ်ကာ လက်ဖက်ရည်တစ်ငုံသောက်ပြီး သူ့စကားကိုဆက်ပြောနေ၏။ အားလုံး ထိုလူကြီးစကားကို နားစွင့်နေကြသည်။

"ကျုပ်က အနောက်ဘက်ကိုပြေးတယ်၊ ဝေလှက မြောက်ဘက်ကိုပြေးတယ်၊ မိကျောင်းမကြီးက နီးလာနေပြီ . . .၊ ပုဆိုးခါးပုံစမှာလည်း ကဏန်းလုံးနှစ်ဆယ်လောက်ပါတော့ ဒီအလေးနဲ့ကို မပြေးနိုင်ဘူး၊ ဒါနဲ့ ပုဆိုးကိုချွတ်ချလိုက်တယ်၊ မိကျောင်းမကြီးက လက်တစ်ကမ်းသို့ ရောက်နေပြီ၊ 'ကျုပ်ကို မိကျောင်းကိုက်တော့မယ် . . .၊ ကျုပ် သေရတော့မယ် . . .' ကျုပ်ရှေ့က လမုပင်ရဲ့အကိုင်းကို ခုန်ဆွဲပြီး လှမ်းတက်လိုက်တာ အပေါ်သို့ ကမန်းကတန်း ရောက်သွားတယ်၊ ခဏနေတော့ ဝေလှရဲ့ 'ကူပါ . . . ကူကြပါ . . .' ဆိုတဲ့အသံကို ကြားလိုက်ရတယ်၊ ကျုပ် အံ့အားသင့်နေတယ်၊ မိကျောင်းမကြီးက ကျုပ်နောက်လိုက်လာတာ၊ 'ဘာကြောင့် ဝေလှ' က 'ကူပါ . . . ကယ်ပါ ကိုသိန်းအောင်' ရယ်နဲ့ အော်နေသလဲ . . . ကျုပ်မတွေးတတ်ဘူး"

လူကြီးက လက်ဖက်ရည်သောက်လိုက်၊ ပြောလိုက်၊ ဆက်ပြောနေသည်။

"ကျုပ်တစ်ကိုယ်လုံး တုန်နေတယ်၊ လူမှာ အသက်ရှူမရသလို ဖြစ်နေတယ်၊ ဒူးခေါင်းနီးပါးနစ်နေတဲ့ နွံထဲမှာ ဆယ့်နှစ်တောင် ဝါးပြန် လေးငါးပြန် ပြေးရတာ၊ ဘယ်လွယ်မှာလဲ . . .၊ မိကျောင်းမကြီးဟာ ဖြဲတဲ့မျက်လုံးကြီးနဲ့ ခေါင်းထောင်လို့ အတော်ကြာကြည့်နေခဲ့ပြီး ပြန်လည်ထွက်သွားတယ်၊ အတော်ကြာတော့မှ ကျုပ် သစ်ပင်ပေါ်က ဆင်းရဲတယ်၊ ကျုပ်မှာ ပုဆိုးလည်းမပါဘူး၊ ဓားလည်းမပါဘူး၊ ဝေလှကို လည်း ကျုပ်မသွားရဲဘူး၊ ခြေထောက်တွေမှာလည်း ဘူးတွေ

www.burmeseclassic.com

ဖြူငုတ်တွေနဲ့ထိထားလို့ နာကျင်နေတယ်၊ ကျုပ်ကိုယ်ကျုပ် မနည်းထိန်းပြီး ရွာကပြန်လာခဲ့တယ်၊ ရွာဘေးက ချောင်းထဲဆင်းနေပြီးမှ လူတွေကို ပုဆိုးယူပေးဖို့ ပြောရတယ်"

"ဒါ . . . ဒါဖြင့် . . . ကိုဝေလှကော . . ."

စောစောက နတ်မိကျောင်းဟုပြောသောကောင်လေးက စိတ်အားထက်သန်စွာမေး၏။

ကိုသိန်းအောင်ဆိုသောလူသည် ဟိုအဝေးဆီသို့ ငေးနေ၏။

"ဟင် . . . အစ်ကိုကြီး . . . ကိုဝေလှဆိုတဲ့လူကော. . . ဘာဖြစ်သွားလဲ . . ."

ကောင်လေးက ထပ်၍မေးသည်။ ကိုသိန်းအောင်သည် သူ့ထံဆီသို့ ဖြည်းဖြည်းလှည့်လာ၏။

"ဝေလှ . . . ဝေလှနဲ့ အဲဒီအချိန်ကစလို့မတွေ့ရတော့ဘူးကွ မိကျောင်းကိုက်ခဲ့သွားရတယ်"

ကိုသိန်းအောင်အသံက တုန်လှုပ်နေသည်။

"ဟုတ်တယ်၊ ပြင်လှချောင်းဖျား . . . သာစည်ရွာချောင်းဖျား တောက်တဲ့ချောင်းဖျားကို လူတွေရှောင်ကြတယ်၊ အဲဒီနေရာတွေ တကယ့်မိကျောင်းအိုးတွေပဲ . . .၊ မိကျောင်းသားပေါက်လေးတွေ မိကျောင်းကြီးတွေက ဘယ်လောက်စားစား၊ လူတွေဘယ်လော သတ်သတ် . . . ကုန်တယ်လို့ကိုမရှိဘူးလေ . . ." ဟု လက်ဖက်ရည်ဆိုင်ရှင်က ဝင်ပြော၏။

"ဩော် . . . ဒါနဲ့ မော်တော်ဆရာ၊ မနေ့ နေ့လယ်က မိကျောင်းကို သေနတ်နဲ့ နှစ်ချက်တောင်ပစ်ခဲ့တယ်ကြားတယ်၊ ခေါင်းကိုထိ မီးပွင့်သွားတယ်လို့ ခရီးသည်တွေ ပြောနေသံကြားရတယ်"



လက်ဖက်ရည်ဆိုင်ရှင်က ကျွန်တော့်ဖက်သို့ လှည့်ကြည့်ရင်း မေး၏။

ကျွန်တော် ခေါင်းညိတ်ပြလိုက်ကာ ပြုံး၍နေလိုက်သည်။ လူတွေက ကျွန်တော့်ကို လှည့်၍ကြည့်နေကြ၏။

"မိကျောင်းကြီးတွေရဲ့ ဦးခေါင်းပေါ်မှာ ကျောက်ခဲကျောက်လုံးတွေ စုပုံထားသလိုပဲ၊ အဲဒါကြောင့် ကျည်ထိရင် မီးပွင့်တာပေါ့"

လူကြီးတစ်ယောက်က ဝင်၍ပြောသည်။

သည်ရွာတွင်မက ယိုးချောင်း၏ ဝဲယာရွာတိုင်းလိုလိုမှာ လူတွေ ဝိုင်းဖွဲ့၍ စကားပြောကြတိုင်း မိကျောင်းအကြောင်းက မပါလျှင် မပြီး သလောက်ဟု ဆိုရမည်ထင်သည်။

ကျွန်တော်သည် လက်ဖက်ရည်ဖိုးရှင်းနေစဉ် မော်တော်စာရေး အောင်ကျော်ဝင်း ရောက်လာခဲ့၏။

"ကိုကြီး . . . ဒီရေခမ်းတော့မယ်၊ အုံးပတီးဈေးကို ကျွန်တော်တို့သွားလိုက်ရမှာလား . . ."

ဟု လာ၍မေးသည်။

"ငါလည်းလိုက်မယ်ကွ . . . . မရောက်ဖူးသေးဘူး၊ မင်းတို့ အဆင်သင့်လုပ်ထား၊ ငါ အခုဆင်းလာခဲ့မယ်"

ဟုပြောကာ ဦးလေးအိမ်သို့ ထွက်လာခဲ့သည်။

"ဦးလေး . . .၊ ကျွန်တော် အုံးပတီးဈေးကို လိုက်သွားမယ်"

ဟုပြောခဲ့ကာ သေနတ်နှင့် အနွေးထည်တို့ကိုယူ၍ မော်တော်သို့ ဆင်းလာခဲ့ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

နေဝန်းက အနောက်ဘက်သို့ ယွန်းနေပြီ . . . ။

ဒီရေသည် တာဝေးအပြေးသမားတစ်ယောက်နှယ် ပြေးတက်လာနေ၏။

မော်တော်သည် စက်သံတထုတ်ထုတ်နှင့် ဒီရေကို မျက်နှာချင်းဆိုင်ပြေးနေသည်။

အုံးပတီးရွာ၊ ငပြောက်ဆည်ရွာဘက်တွင် ရေစီးသန်နေသဖြင့် လက်ယာဘက်ကမ်းရှိ သဲတော်ရွာဘက်ကမ်းမှ မော်တော်ကို ကပ်မောင်းရသည်။ ခပ်လှမ်းလှမ်းတွင် လူနှစ်ယောက် ကွန်ပစ်နေကြသည်ကို မြင်နေရ၏။

ကုန်းပတ်ပေါ်တွင် စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်နေစဉ်

"ဆရာ . . . ဆရာ . . . မိကျောင်းကိုက်တယ် . . . မိကျောင်း ကိုက်တယ် . . ." ဟု ကောင်လေးတစ်ယောက်က အော်ပြောသဖြင့် သေနတ်ကိုဆွဲယူကာ မော်တော်ဦးသို့ ပြေးထွက်လာခဲ့၏။

"ဘယ်သူ့ကိုကိုက်တာလဲကွ . . . ဘယ်မှာလဲ . . ."

"ဟိုမှာ . . . ဟိုမှာ . . ."

သူညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

"ဟာ . . . ဘုရား . . . ဘုရား . . ."

ကျွန်တော်ပင် ဘုရားတလိုက်မိ၏။

ရေမြွေတစ်ကောင်က ဖားလေးတစ်ကောင်၏ခါးကိုကိုက်လျက် ရေကူးနေသလို မိကျောင်းကြီးသည် ကွန်ပစ်သမား၏ခါးကို



ခပ်စောင်းစောင်းကိုက်ထား၏။ လူသည် ပိုးတုံးလုံးတစ်ကောင်နှယ် တွန့်လိမ်ကာ ရှန်းကန်အော်ဟစ်နေသည်။

"ကယ်ပါဦး . . . ကယ်ကြပါဦး . . ."

ကျန်နေခဲ့သော ကွန်ပစ်သမားကလည်း အော်ဟစ်၍ အကူအညီတောင်းနေသည်။

"မော်တော်ဆရာရယ် . . . ကူညီပါဦးဗျာ . . ."

"ကယ်ကြပါဦး . . . ကယ်ကြပါဦး . . ."

မော်တော်ထဲမှ ခရီးသည်များကလည်း ဝိုင်းဝန်းအော်ဟစ်လိုက်ကြသည်။

ချောင်းက ကျဉ်းကျဉ်းလေးဖြစ်သဖြင့် မိကျောင်းသည် ကွန်ပစ်သမားကို ခါးလယ်မှကိုက်ချီကာ ရေပေါ်မှာ နှစ်တောင်ခန့်မော်လျက် ရေဆန်ကူးပြေးနေသည်ကို မြင်နေရ၏။

"စက်ကုန်ဖွင့် . . ."

ဟု ကျွန်တော်အော်လိုက်သည်။

မော်တော်၏စက်သံက ဆူညံစွာ မြည်ဟည်းလာသည်။

မော်တော်သည် မိကျောင်းကြီးနောက်သို့ ပြေးလိုက်နေ၏။ ကျွန်တော်သည် မော်တော်ဦးမှာရပ်လျက် သေနတ်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ မိကျောင်းကြီးကို မျက်ခြည်မပြတ်လှမ်းကြည့်ရင်း လိုက်ပါလာ၏။

"ကွန်ငြိနေတယ်နဲ့တူတယ် . . . ကမ်းစပ်ကနေ ခါးလောက်ထိဆင်းပြီး ခြေထောက်နဲ့စမ်းလို့ ကွန်ကိုဖော်နေတုန်း 'ဝုန်း . . .' ဆို မိကျောင်းကြီးပေါ်လာပြီး ကိုက်ချီသွားတာကို မြင်လိုက်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com

အခြင်းအရာအလုံးစုံကို မြင်လိုက်ရသော မော်တော်လုပ်သား မောင်စော၏ပြောနေသံကို ကြားလိုက်သည်။

မိကျောင်းကြီးသည် သူ့နောက်ကို မော်တော်လိုက်လာမှန်းသိ၍ ထင်၏၊ ရေပန်းရေမွှားများ ပန်းထကာ ရေပြင်ပေါ်မှာ တဝဲဝဲပြေးနေ၏။ မော်တော်သည်လည်း သူ့နောက်သို့လိုက်နေသည်။ ကျွန်တော်သည် သေနတ်နှင့်ချိန်ရွယ်လိုက်၏။

မိကျောင်းကြီးသည် "ဗွမ်း"ခနဲ ရေထဲသို့ ငုတ်သွားလေသည်။ မိကျောင်းတို့သည် လူကိုကိုက်ပြီးလျှင် ငုတ်လိုက်ပေါ်လိုက် သုံးကြိမ် သုံးခါပြုလုပ်ပြီးမှ သူတို့စားကျက်သို့ယူသွားကာ သစ်ပင်၊ ကျောက်ဆောင် စသည်တို့နှင့် ဖွတ်ဖွတ်ကြေအောင်ရိုက်ထုပြီးမှ မျိုချလေ့ရှိကြောင်း မှတ်သားဖူးသည်။ ထို့ကြောင့် မိကျောင်းကြီးပြန်ပေါ်လာလိမ့်ဦးမည်ဟု ကျွန်တော် မျှော်လင့်နေသည်။

"စက်လျှော့ . . ."

စက်သံက နည်းနည်းလျှော့၍သွား၏။

မိကျောင်းကြီးသည် ကျွန်တော်တို့နှင့် ကိုက်နှစ်ဆယ်ခန့်တွင် ပြန်ပေါ်လာသည်။ မိကျောင်းကိုက်ခံထားရသူမှာ မအော်နိုင်တော့သော်လည်း လူးလွန့်လှုပ်ရှားနေတုန်းပင်ဖြစ်၏။

"ဒိုင်း . . ."

သေနတ်သံက ပတ်ဝန်းကျင်ကို ပဲ့တင်ထပ်သွားသည်။

မိကျောင်းကြီးသည် ဒိုင်ဗင်ထိုး၍ ရေထဲသို့ငုတ်သွားစဉ် လူသည် လွင့်စဉ်လွတ်ထွက်သွားသည်ကို တွေ့ရ၏။

"ထိတယ် . . . ထိတယ်၊ လူလွတ်သွားပြီ . . . လူလွတ်သွားပြီ"

"လည်ပင်းအပေါ်ကို ရှပ်ထိသွားတာနဲ့တူတယ်"



အော်ရင်း ဟစ်ရင်း လူ့အုပ်ကြီးသည် လက်ဝဲဘက်မော်တော်နံမှာ စုရပ်လိုက်ကြစဉ် မော်တော်သည် လက်ဝဲဘက်သို့ မှောက်လုမတတ် တိမ်းစောင်းသွားသည်။

မော်တော်၏ဘေးနံကိုမှီလျက်ရပ်နေသူ မောင်အေးသည် ရေထဲသို့ ဗွမ်းခနဲ လိမ့်ကျသွားလေ၏။

"ဟ - ဟ - မော်တော်ကလူတစ်ယောက် လိမ့်ကျသွားပြီ၊ လုပ်ကြပါဦး . . လုပ်ကြပါဦး . . ."

ခရီးသည်များက တကြောက်တလန့်နှင့် အော်ဟစ်နေကြပြန်သည်။ မော်တော်သည် ဟန်ချက်ပျက်နေဆဲပင်ဖြစ်၏။

"တောက် . . .၊ သိပ်အမှုမဲ့ အမှတ်မဲ့ နိုင်တဲ့ကောင်ကွာ . . ."

တောက်ခေါက်လိုက်မိသည်။ ဒေါသသည် ခေါင်းပေါ်သို့ ခုန်တက်လာ၏။ အရေးထဲမှာ အရာပေါ်နေသည်။

ကွန်ပစ်သမား မိကျောင်းကိုက်ခံထားရသူကို မတွေ့ရသော်လည်း ဝန်းဝိုက်ကွေ့ရေဝဲတွင် မြွေကြီးတစ်ကောင် ခေါင်းထောင်နေသလိုမျိုး မိကျောင်းသည် ရေပေါ်မှာ နှစ်တောင်ခန့်ပေါ်လျက် လွတ်ထွက်သွားသောအစာကို ရှာနေဟန်ရှိ၏။

"ရဲတင်းလိုက်တဲ့ လူသတ်ကောင်၊ ဟိုတုန်းကတော့ လူတွေကို ဒုက္ခမပေးပါဘူး၊ ဟိုဆားငံကန်ရွာက စောသာလှကိုစားပြီးကတည်းက လူသားအရသာကိုသိသွားလို့ လူတွေကိုပဲ မရ,အရ လိုက်ရှာသတ်ဖြတ်စားလာတာ မနည်းတော့ဘူး . . ."

ဟု မိကျောင်းကြီးအကြောင်းကို စိတ်ပါလက်ပါနှင့် လူကြီးတစ်ယောက်က အရေးထဲ သမိုင်းကို ဖတ်နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

မော်တော်သည် အရှိန်လွန်ပြီး တော်တော်လှမ်းလှမ်းသို့ ရောက်သွား၏။ မောင်စောသည် ရေကူးလျက် မော်တော်ဆီသို့ တကြောက်တလန့် ပြေးလာနေသည်။ မိကျောင်းကြီးသည် မောင်စောဆီသို့ တဝေါဝေါနှင့် ကူးလာနေလေပြီ . . .

"မောင်စော . . . မိကျောင်းကြီးလိုက်လာတယ်ကွ၊ မြန်မြန်ကူး . . . မြန်မြန်ကူး . . ."

မော်တော်ပေါ်ကလူတွေ ဝိုင်း၍အော်နေကြ၏။

ကျွန်တော်သည် မိကျောင်းကြီးကို သေနတ်နှင့်ချိန်ရွယ်နေ၏။

မော်တော်က ကွေ့လှည့်၍ မောင်စောထံသို့သွားသည်ဖြစ်ရာ ကျွန်တော့်မှာ ဟန်ချက်ပျက်သွား၏။

မော်တော်သည် မောင်စောနှင့် မိကျောင်းကြီး၏ကြားတွင် ဖြတ်သွခဲ့ကာ စက်အား၊ ရေအားနှင့် ရှေ့သို့လွန်သွားပြန်၏။

မိကျောင်းနှင့် မောင်စောသည် ပေနှစ်ဆယ်ကျော်ခန့်သာ ဝေးတော့သည်။ မျက်နှာချင်းဆိုင်ဖြစ်နေ၏။ မော်တော်ကို နောက်ဆုတ်နေစဉ် မောင်စောခမျာ ရေထဲသို့ ငွမ်းကနဲငုတ်လိုက်ရာ ပုဆိုးကျွတ်ကျလျက် ရေထဲမှာ သူ့ပုဆိုးက ပေါလောပေါ်မျောနေစဉ် မိကျောင်းကြီးသည် မောင်စော၏ပုဆိုးကို ချက်ချင်းထိုးဟပ်လိုက်သည်။ ကျွန်တော်သည် သေနတ်မောင်းကို ဒိုင်းခနဲ ဆွဲဖြုတ်လိုက်၏။

L.G ကျည်ဆန် (ကိုးလုံးကျည်)က ယမ်းအားပျော့သဖြင့် သိပ်မထိရောက်။ မိကျောင်းကြီးသည် ရေထဲသို့ငုတ်သွားပြန်၏။

"မိကျောင်းကြီး ရေငုတ်လာနေပြီဟေ့ . . မောင်စော . . မောင်စော . . ."



မော်တော်လုပ်သားများနှင့် ခရီးသည်များက ဆူညံစွာအော်ဟစ်၍ မောင်စောကို မော်တော်ပေါ်သို့ ဝိုင်းဝန်းကာ အတင်းဆွဲတင်ကြ၏။

မောင်စောခမျာ ဟောတဲ . . ဟောဟဲ . . . နှင့်ဖြစ်နေကာ ပုဆိုးမပါတော့ . . .။

ခရီးသည် မိန်းမသုံးလေးယောက်က မျက်နှာလွှဲနေကြသည်။

"ဟေ့ - ကောင်လေးတွေ၊ ပုဆိုးယူပေးလိုက်လေ . . ."

ကျွန်တော်က လှမ်းအော်၍ သတိပေးလိုက်သည်။ သည်တော့မှ သတိရကြတော့၏။

"ဟုတ်သားပဲ . . ."

အောင်ကျော်ဝင်း ပြောဆိုရင်း ပြေးသွားကာ ပုဆိုးယူ၍ပေး၏။ မောင်စောသည် ခရီးသည်များကို ကျောခိုင်းရပ်လျက် ပုဆိုးဝတ်လေသည်။

"မသေကောင်း မပျောက်ကောင်း မောင်စောရယ် . . . ကံကောင်းလို့ပေါ့"

ကျွန်တော်သည် သူ့ကို မဆူရက်၊ အပြစ်မပြောရက်ပါ။

မိကျောင်းကြီးကိုရော၊ မိကျောင်းအကိုက်ခံရသူကိုပါ လုံးဝမတွေ့ရတော့ပါ။ ယိုးချောင်းရေပြင်သည် ပုခက်လွှဲနေ၏။

မော်တော်သည် ယိုးတရုတ်ရွာဆိပ်ကမ်းမှာ ထိုးရပ်လိုက်သောအခါ လူအုပ်ကြီးက ပြုံဆင်းလာနေသည်။

ကျွန်တော်သည် သေနတ်ကိုဆွဲယူကာ မော်တော်ဆိပ်မှ တက်လာခဲ့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

မွန်းလွဲသုံးနာရီတွင် ယိုးတရုတ်မော်တော်ဆိပ်မှ ထွက်လာခဲ့သည်။ လူသတ်ကောင်သည် ခေါင်းထဲသို့ရောက်နေ၏။

ကျွန်တော် အံကြိတ်လိုက်မိသည်။

"ဒီမိကျောင်းကို ဘယ်လိုသတ်ရမှာလဲ၊ ကုတ်ချိုးကျည်ဆန်နှင့် မထိရောက်ဟု ခံစားနေရသည်။ အမြန်ဆုံး လိုင်စင်ခံ၍ ရိုင်ဖယ်သေနတ်တစ်လက်ကိုင်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။

အတွေးမဆုံးမီမှာပင် "old petter" စက်အိုကြီးသည် "ဖုတ်ချက်. . . ဖုတ်ချက်. . . "နှင့် တစ်ချက်နှစ်ချက်မြည်ကာ စက်ရပ်သွားပြန်၏။

BURMESE CLASSIC .com

"တောက် . . ."

ကျွန်တော် "တောက်" တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်မိသည်။

"ကမ်းကပ်ကွာ . . . ကမ်းကပ် . . ."

မော်တော်ကို တက်ခတ်လျက် ဆင်ထိမ်းရွာထိပ်တွင်ကပ်သည်။ စက်ဆရာသည် စက်ခန်းထဲတွင် စက်ပြင်နေစဉ် ခရီးသည်များမှာ ရွာထဲသို့ ဆင်းသွားကြလေ၏။ ထိုစဉ် . . .

"ကယ်ကြပါဦး . . . ကယ်ကြပါဦး . . ."

ဟူသောအသံကို ကြားသည်။

သေနတ်ကိုဆွဲကာ မော်တော်ဦးသို့ ထွက်လာခဲ့၏။

"ဘာဖြစ်တာလဲကွ . . ."



"ခရီးသည်နှစ်ယောက် ချောင်းကမ်းစပ်က အုန်းပင်အကွယ်မှာ အပေါ့သွားနေတုန်း မိကျောင်းကြီးက အမြီးနဲ့ရိုက်ချလို့ ကိုက်ချီသွားတယ်တဲ့"

ကျွန်တော် ခေါင်းကြီးသွားသည်။ ကျွန်တော့်မှာလည်း တာဝန်မကင်းသလိုဖြစ်သွားသည်။

"မော်တော်ပျက်လို့ ခရီးသည်ကို မိကျောင်းကိုက်သွားတယ်" ဆိုသည့်သတင်းပြန့်သွားလျှင် စီးပွားရေးကိုထိခိုက်နိုင်သည်။ ကျွန်တော့်ကိုလည်း အထင်သေးစရာဖြစ်သွားနိုင်၏။ ခဏခဏစက်ပျက်သောမော်တော်ကို ဘယ်ခရီးသည်မှ စီးချင်ကြတော့မည်မဟုတ်။

"ကိုထွန်းအောင်ကျော် . . . အမြန်ဆုံးလှေရှာဗျာ . . ."

ကိုထွန်းအောင်ကျော် အပြေးအလွှားထွက်သွားသည်။ ခဏနေတော့ . . .

"ကိုဆွေ. . . လှေအကြီးတစ်စင်းရတယ်၊ လူသုံးယောက်လည်း ရောက်နေပြီ . . ." ဟု လာပြော၏။

ကျွန်တော် မိုက်မိုက်ကန်းကန်းဆုံးဖြတ်ချက်ချလိုက်ပြီး သေနတ်ထဲသို့ ယမ်းပြင်းကျည်ဆန်နှစ်တောင့် ထည့်သည်။ ယမ်းပြင်းလုပ်ကျည်ဆန်ရှစ်တောင့်ကို အင်္ကျီညာအိတ်တွင်ထည့်သည်။ ဘောင်းဘီတိုနှင့် ကက်ဦးထုပ်တို့ကိုဝတ်ဆင်ကာ လှေဆီသို့ အပြေးအလွှား ဆင်းလာခဲ့သည်။

"လှေထွက် . . . မြန်မြန်လှော်ကြ . . ."

လှေသည် ဆင်ထိမ်းချောင်းမှ ယိုးချောင်းထဲသို့ထွက်သည်နှင့် ချက်ချင်း မိကျောင်းကြီးသည် သင်္ဘောကြီးတစ်စင်းနှယ် ရေပြင်ပေါ်မှာ တစ်ကိုယ်လုံးဖော်လျက် ပြေးလွှားနေသည်ကိုမြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းအကိုက်ခံနေရသူသည် မိကျောင်းကြီး၏ခေါင်းပေါ်တွင် ကိုယ်တစ်ပိုင်းတင်ကာ မိကျောင်းကြီး၏နှာခေါင်းနှစ်ဖက်ကို အတင်းဖမ်းကုတ်ထားသဖြင့် မိကျောင်းကြီးသည် နာကျင်စွာပြေးလွှားနေသော်လည်း လူ၏ပေါင်တစ်ဖက်ကို ကိုက်ခဲထားဆဲပင်ဖြစ်၏။

"မကြောက်နဲ့ . . . လုံးဝမကြောက်နဲ့၊ မိကျောင်းရဲ့နှာခေါင်းကို ဖြဲပစ်၊ မျက်လုံးကြီးကို ထိုးဖောက်ပစ် . . ."

ကျွန်တော်က အော်ပြောလိုက်သည်။

လှေသည် မိကျောင်းကြီးနောက်သို့ ပြေးလိုက်နေ၏။ ကျွန်တော်က လှေပေါ်တွင်ရပ်လျက် သေနတ်ကိုဆုပ်ကိုင်ကာ ပစ်ကွင်းကို ရှာနေမိသည်။ မိကျောင်းကို သေနတ်နှင့်ပစ်လိုက်လျှင် လူကိုထိသွားနိုင်ဖွယ်ရှိ၏။

ကျွန်တော်သည် ယမ်းပြင်း လက်လုပ်ကျည်ဆန်ကိုထုတ်ယူလိုက်ကာ L.G ကျည်ဆံတစ်လုံးကိုထည့်ပြီး မိကျောင်းကြီး၏ဦးခေါင်းအနီးသို့ ခြောက်လှန့်သည့်သဘောဖြင့် "ဒိုင်း . . ."ခနဲ ပစ်ထည့်လိုက်၏။

မိကျောင်းကြီးသည် ချက်ချင်းပင် လက်ဝဲကမ်းသို့ တက်ပြေး၏။

"လှော် . . . လှော် . . .၊ အဲဒီမိကျောင်းကြီး ကမ်းတက်တဲ့နေရာကို အမြန်လှော် . . ."

ကျွန်တော်က အလျင်စလို ပြောလိုက်သည်။ လှေသည် မိကျောင်းတက်ပြေးရာကမ်းစပ်မှာ ထိုးရပ်သည်။ ချက်ချင်းပင် ကမ်းစပ် သို့ ခုန်၍တက်လိုက်၏။



"ခင်ဗျားတို့ ဒီမှာပဲ သတိနဲ့နေကြ၊ ကျုပ်အသံပြုမှ လှေနဲ့လိုက်လာခဲ့၊ ကိုထွန်းအောင်ကျော်လည်း ဓားရှည်ကိုယူပြီး ကျွန်တော့်နောက်ကိုလိုက်ခဲ့ . . ."

စကားဆုံးသည်နှင့် မိကျောင်းခြေရာနောက်သို့ ပြေးလိုက်လာခဲ့၏။ အတော်လေးပြေးလိုက်လာခဲ့ရာ ချောင်းလက်တက်လေးတစ်ခုကမ်းစပ်တွင် ခြေရာပျောက်သွား၏။ မိကျောင်းကြီးသည် ချောင်းထဲသို့ ဆင်းသွားလေပြီ . . .။

ရေထဲမှာပဲ ငုတ်နေလေသည်လား၊ ချောင်းဖျားသို့ပဲ ပြေးသည်လား၊ ချောင်းဝသို့ပဲ ပြန်ပြေးသည်လား၊ တစ်ဘက်ကမ်းသို့ပဲ ကူးသွားသည်လား၊ တော်တော်လေးစဉ်းစားရကျပ်သွားသည်။

ကျွန်တော်သည် အံကိုတင်းတင်းကြိတ်ကာ နားစွင့်ရင်း ဟိုဟိုဒီဒီကြည့်ကာ မိကျောင်းကြီးကို လိုက်ရှာနေ၏။

"ကိုထွန်းအောင်ကျော် . . .၊ ဘယ်လိုလုပ်ကြမလဲ . . ."

"ဒီလူသတ်ကောင်ဟာ ချောင်းဖျားကိုတက်ပြေးနိုင်တယ် . ."

ထိုစဉ်မှာ ချောင်းလေး၏တစ်ဘက်ကမ်းမှ "ဂေါင်း . . ဂေါင်း ဂေါင်း . . ဂေါက် . . . ဂေါက် . . . ဂေါက် . . . "ဟူသောအသံများကို ကြားလာရ၏။

ထွန်းအောင်ကျော်သည် ရေထဲသို့ခုန်ဆင်းလိုက်သည်။

"နေဦး . . . ကျုပ်ရှေ့ကသွားမယ်၊ ခင်ဗျား ကျုပ်နောက်က လိုက်ခဲ့ . . ."

ကျွန်တော်သည် ရှေ့ကပြေး၏။ ကိုထွန်းအောင်ကျော်က နောက်ကလိုက်သည်။ အသံကြားရာအနီးသို့ရောက်သွားသောအခါ "ဟာ . . . "ခနဲ ဖြစ်သွား၏။

www.burmeseclassic.com



မိကျောင်းကိုက်ခံရသူသည် လမုပင်အကိုင်းတစ်ကိုင်းမှာ တွယ်ဖက်လျက်ရှိနေကာ မိကျောင်းကြီးက အမြီးကိုအားပြုကာ မတ်တတ်ရပ်လျက် ခုန်၍ဟပ်နေ၏။

"ဂေါင်း . . ဂေါင်း . . ဂေါက် . . ဂေါက် . . ဂေါက် . ."

ကြောက်မက်တုန်လှုပ်ဖွယ်အသံများကို ကြားနေရသည်။

ကျွန်တော်သည် အသက်ကိုပြင်းပြင်းတစ်ချက်ရှူသွင်းလိုက်ကာ သေနတ်မောင်းခလုတ်ကို "ဒိုင်း . ."ခနဲ ဖြုတ်ချလိုက်၏။

"ဒိုင်း"ခနဲ ပေါက်ကွဲသံနှင့်အတူ မိကျောင်းကြီး၏ဦးခေါင်းထက်မှာ မီးပွင့်သွား၏။

"ဂေါင်း . . . ဂေါင်း . . ." နှင့် တစ်ချက်နှစ်ချက်အော်ကာ မိကျောင်းကြီးသည် လက်ဝဲဘက်လျှိုအတိုင်း ဆင်းပြေးနေ၏။

ကျွန်တော်သည် သေနတ်မောင်းကို ဖြုတ်ချလိုက်သည်။ "ဒိုင်း" ခနဲ ပေါက်ကွဲသံနှင့်အတူ မိကျောင်းကြီး၏ယာဘက်ဘေးမှ သွေးဘွေ့ ဖြာကျလာ၏။

မိကျောင်းကြီး ဆက်၍ပြေးနေသည်။

ကျွန်တော်သည် သေနတ်ထဲသို့ ကျည်ဆန်နှစ်တောင့်ထပ်ဖြည့်ကာ မိကျောင်းကြီး၏နောက်သို့ ဆက်လိုက်သွား၏။

မိကျောင်းကြီးသည် ကြောက်လန့်တကြားနှင့် ချောင်းထဲသို့ ခုန်ဆင်းသွားသည်ကို တွေ့လိုက်ရသဖြင့် မိကျောင်းကိုက်ခံရသူထံသို့ ပြန်ပြေးလာခဲ့သည်။

ကိုထွန်းအောင်ကျော်သည် မိကျောင်းကိုက်ခံရသူအား ကုန်းပိုးလျက် လှေဆီသို့ပြန်လာခဲ့ကြပြီး မော်တော်သို့ လှေသမားများကို ပို့ခိုင်းလျက် ပုဏ္ဏားကျွန်းမြို့သို့ ထွက်လာခဲ့ကြ၏။



မိကျောင်းကိုက်ခံရသူအား ပုဏ္ဏားကျွန်းမြို့ဆေးရုံသို့ ပို့ပေးခဲ့ကြ၏။

မော်တော်သည် ယိုးတရုတ်ရွာသို့ ညရှစ်နာရီမှ ပြန်ရောက်လာခဲ့သည်။

[ ၆ ]

"သတ်ရမယ် . . . သတ်ကို သတ်ရမယ် . . ."

လူတစ်ယောက်၏အသံက "ဟိန်း" ထွက်လာသည်။

"သတ်ရမယ် . . . သတ်ပစ်ရမယ် . . . ဒီလူသတ်ကောင်ဟာတို့မသတ်ရင် သူက လူတွေကို ဒီလိုပဲ သတ်နေဦးမှာပဲ . . ."

"သတ်မှာကတော့ ဟုတ်ပါပြီ၊ မင်းတို့ ဘယ်လိုသတ်မှာလဲ"

ရွာသူကြီး ဦးကျော်ဖြူက စဉ်းစဉ်းစားစားနှင့်ပြောသည်။

"မော်တော်ပိုင်ရှင် ကိုဆွေကလည်း အကြိမ်ကြိမ်သေနတ်နဲ့ပစ်ပြီးပြီ၊ မသေဘူး၊ လူတွေပြောနေကြသလို နတ်မိကျောင်းများ ဖြစ်နေသလား . . ."

လူတစ်ယောက်က ဥပါဒ်နစကား ထပြောပြန်၏။

"မဟုတ်ပါဘူး၊ နတ်မိကျောင်းဖြစ်လို့ မသေတာမဟုတ်ပါဘူး၊ ကျွန်တော့်သေနတ်က ယမ်းအားပျော့လို့ပါ၊ မကြာမီ ရိုင်ဖယ်သေနတ်ရတော့မှာပါ၊ ကျွန်တော် လိုင်စင်ခံထားပါတယ်"

"ရိုင်ဖယ်သေနတ်ရတော့ ကောင်းတာပေါ့၊ လောလောဆယ် ကျော်စိန်တို့ မိကျောင်းဖမ်းတဲ့အဖွဲ့ကို တာဝန်ပေးချင်တယ် . . ."

ဟု ဦးလေးစောဦးက ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဒီမိကျောင်းလူသတ်ကောင်ကို သတ်ပေးမယ်၊ ကျွန်တော်တို့ကို နှစ်သောင်းခွဲပေးပါ"

ကျော်စိန်က ပြောသည်။

"နှစ်သောင်းတော့ယူပါကွာ၊ မင်းတို့ တစ်ယောက်လေးထောင် ရတာပေါ့ . . .၊ လေးထောင်ဆိုတဲ့ငွေဟာ မင်းတို့ တစ်နှစ်လုံးလုပ်လို့ ရမှာမဟုတ်ဘူး . . ."

သူကြီးက ပြေရာပြေကြောင်းပြော၏။

"ကျုပ်တို့ ဒီမိကျောင်းကြီးကို အသက်နဲ့လဲပြီးဖမ်းရမှာဆိုတာ လည်း ထည့်တွက်ကြပါဦးလေ . . ."

အောင်ထိက ဝင်ပြော၏။

"မင်းတို့ အရင်မိကျောင်းတွေကို ဖမ်းလို့ရောင်းခဲ့ကြတုန်းက သောင်းဂဏန်းမပြောနဲ့၊ တစ်ထောင်နှစ်ထောင်နဲ့ ရောင်းခဲ့ကြတာ တစ်ရွာလုံးသိတယ်၊ အခုတော့ နှစ်သောင်းကြီးတောင်ပေးထားတာ၊ နှစ်သောင်းဆိုတဲ့ငွေဟာ နည်းနည်းနောနောလား . . .၊ မင်းတို့ ကျေနပ်သင့်တယ် . . ."

ဦးဘစိန်က ဝင်ပြော၏။

"ဘယ်တူမှာလဲဗျ . . .၊ အခု မိကျောင်းက နတ်မိကျောင်း၊ လူယောင်ဆောင်နိုင်တဲ့မိကျောင်း . . . လူသတ်ကောင်ကြီးဆိုတာ လူတွေပြောနေတာ လူတိုင်း ကြားနေ သိနေတာပဲ . . .၊ မတော်ရင် ကျုပ်တို့ အသက်ပါသွားမယ် . . ."

ထွန်းလှက ဝင်ပြောပြန်သည်။

"အဓိပ္ပာယ်မရှိလိုက်တာကွာ. .၊ ဘာ နတ်မိကျောင်းလဲ၊ ဘာ လူယောင်ဆောင်နိုင်တာလဲ၊ နတ်မိကျောင်းဆိုရင် မင်းတို့ဖမ်းနိုင်မှာ



လား . . .၊ လူယောင်ဆောင်နိုင်တယ်ဆိုရင် မင်းတို့ကို လာသတ်အော ကြာပြီ၊ မင်းတို့က မိကျောင်းတွေကို ဖမ်းသတ်နေတဲ့လူတွေ၊ စဉ်းစား လည်း ပြောကြ . . ."

ဦးဘသိန်းက ဒေါနှင့်မောနှင့် ဝင်၍ပြော၏။ အစည်းအဝေး သည် တော်တော်လေး တင်းတင်းမာမာဖြစ်လာနေသည်။

"နှစ်သောင်းငါးထောင်မရရင်တော့ ကျုပ်တို့ မဖမ်းနိုင်ဘူး၊ မသတ်နိုင်ဘူး . . ."

အောင်ထိက အကျပ်ကိုင်လာသည်။

"ဒါ တို့ရွာ တစ်ရွာတည်းကိစ္စမဟုတ်ဘူး၊ တစ်နယ်လုံးကိစ္စ၊ တို့က လူမှုရေးအရ အများအကျိုးအတွက် ဒီလောက်ငွေကြေးကို ခက်ခက်ခဲခဲ စုဆောင်းပေးရမှာ၊ ငွေနှစ်သောင်းခွဲဆိုတာ ရွှေငါးကျပ် ရတယ်ကွ . . .၊ မင်းတို့ လူမှုရေးစိတ်လေး ဘာလေး မွေးကြပါဦး လား . . ."

"လူမှုရေး . . ဘာရေး . . နားမလည်ဘူးဗျာ၊ ကျုပ်တို့က အသက်နဲ့လဲရမယ့်ကိစ္စပဲ၊ နှစ်သောင်းခွဲမရရင် မလုပ်နိုင်ဘူး . . . ."

ကျော်စိန်ကပါ တင်းတင်းမာမာ ပြောလာပြန်၏။

ကျွန်တော်ကမူ မော်တော်သမားတစ်ယောက်အဖြစ် ဖိတ်၍ သာလာရသော်လည်း ကျွန်တော်က ဤရွာသားတစ်ယောက်မဟုတ်။ သို့သော် ကျွန်တော်မှာလည်း ဤချောင်း ဤခရီးကို နေ့စဉ် မော်တော် ဘားတိုပို့နေရသူမို့ ဝင်မပါ၍မဖြစ်ပြန်။

"ကျွန်တော့်ကို စကားနည်းနည်း ဝင်ပြောခွင့်ပြုပါ"

"မောင်ဆွေ . . .၊ နည်းနည်းမဟုတ်ဘူး၊ များများပြောကွာ မောင်ဆွေ့စေတနာကို တို့အားလုံး နားလည်ကြတယ်၊ လေးစားကြ

www.burmeseclassic.com


တယ်၊ ဒီမိကျောင်းကို မင်းလည်း တစ်ခါနှစ်ခါတောင် သေနတ်နဲ့ ပစ်ဖူးထားတော့ ဖြစ်နိုင်တဲ့အကြံဉာဏ်လေး ပြောပါဦး"

သူကြီးက စိတ်အားထက်သန်စွာ ခွင့်ပြု၏။

"ကိုကျော်စိန်ခေါင်းဆောင်တဲ့အဖွဲ့က ဒီ မိကျောင်းလူသတ်ကောင်ကြီးကို ရအောင်ဖမ်းပေး၊ သတ်ပေးကြပါ၊ ခင်ဗျားတို့တောင်းတဲ့ ငွေငါးထောင်ကို ကျွန်တော်ပေးပါ့မယ်၊ ရွာသားတွေက နှစ်သောင်း၊ ကျွန်တော့်ဆီက ငါးထောင်ဆိုတော့ ခင်ဗျားတို့ပြောတဲ့ နှစ်သောင်းခွဲ ရပြီပေါ့ . . ."

"ဖြစ်ပါတယ်၊ ဘယ်သူ့ဆီကပေးပေး၊ နှစ်သောင်းခွဲရရင် ဒီလူသတ်ကောင်မိကျောင်းကြီးကို ကျုပ်တို့ မရ-အရ သတ်ပေးမယ်၊ အခု စရံငွေငါးထောင်ပေးပါ"

ဟု ကိုကျော်စိန်က ထပ်၍ပြော၏။

"ဟ - တို့က အစည်းအဝေးလာတာလေ၊ မင်းတို့ မိကျောင်းဖမ်းဖို့သဘောတူမတူ သိရသေးတာမှမဟုတ်သေးဘဲနဲ့ ငွေယူလာရမှာလား၊ ပြီးတော့ ရွာကကောက်ခံပေးရမှာ"

ဟု သူကြီးကပြော၏။

"မင်းတို့ သိပ်လွန်နေပြီကွ . . .၊ မင်းတို့ နှစ်သောင်းခွဲတောင်းလို့ နှစ်သောင်းခွဲလည်း ပေးထားပြီလေ၊ ရွာကကောက်ခံရမယ်ဆိုတာလည်း မင်းတို့မသိမဟုတ်၊ သိရက်သားနဲ့ အခုချက်ချင်းပေးရမယ်ဆိုပြီး လုပ်လာပြန်တယ်၊ ဒါ ရပ်ရေး ရွာရေးကိစ္စပဲ၊ မင်းတို့လည်း ဒီရွာမှာနေတဲ့လူတွေပဲ၊ ဒီကိစ္စဟာ မင်းတို့နဲ့မပတ်သက်ဘူးလား၊ ခွဲတန်းအရ မင်းတို့လည်းပေးရမှာပဲ၊ တကယ်လို့ မင်းတို့ထင်သလို မိကျောင်းကို မဖမ်းပေးနိုင်ဘူး၊ မသတ်ပေးနိုင်ဘူးဆိုရင် ဒီငွေကို မင်းတို့ ဘယ်လိုပြန်ပေးမှာလဲ . . ."

ဦးဘသိန်းက ရှင်းရှင်းလင်းလင်း ထပ်ပြောပြန်၏။

"ကျုပ်တို့မှာ ဝယ်စရာ၊ လုပ်စရာတွေရှိသေးတယ်ဗျာ၊ လှေငှားရမယ်၊ မှိန်းကောင်းကောင်းလုပ်ရမယ်၊ ဒါအတွက် ကျုပ်တို့မှာ ပိုက်ဆံမရှိဘူး၊ ဒါကြောင့်တောင်းတာ . . ."

ကျော်စိန်က ထပ်၍ပြောပြန်၏။

"ကောင်းပြီလေ . . .၊ ခင်ဗျား ငါးထောင်လိုချင်ရင် အခု ကျွန်တော် ထုတ်ပေးမယ်၊ ခင်ဗျားတို့ဘက်က တာဝန်ကျေပါစေ . . ."

ကျွန်တော်သည် ငွေငါးထောင်ကို သူတို့ရှေ့တွင်ထုတ်၍ ရွာသူကြီး ဦးကျော်ဖြူ၏လက်သို့ တရိုတသေ သွားပေးလိုက်သည်။

"ဟော့ - ကျော်စိန်၊ လာယူ ငွေငါးထောင် . . ."

ဟု သူကြီးက လှမ်းခေါ်ပေးသည်။

ကျော်စိန် ငွေငါးထောင် လာယူ၏။

"မင်းတို့ ဒီလူသတ်ကောင် မိကျောင်းကြီးကို မရ-အရ သတ်ပေးရမယ်နော်၊ ဒီမိကျောင်းကြီးကိုသတ်ပြီးရင် ချက်ချင်း ကျန်ငွေကို ကျုပ်ဆီမှာ လာယူ၊ ဟုတ်ပြီလား . . ."

သူကြီးက အားရပါးရပြော၏။

"ဒီလူသတ်ကောင်ကို ကျုပ်တို့သတ်မယ် . . . ကျုပ်တို့ သတ်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျော်စိန်တို့ငါးယောက်၏အသံက တစ်ပြိုင်တည်း ပေါ်လာသည်။

အစည်းအဝေးသည် အောင်မြင်စွာ ပြီးဆုံးသွား၏။ လူတွေ အသက အသက ပြန်သွားကြသည်။

| ၃ |

လကွယ်နေ့ညဉ့် . . . ။

ညဉ့်သည် ပိန်းပိတ်အောင်မှောင်နေသည်။

ကျော်စိန်ခေါင်းဆောင်သော မိကျောင်းဖမ်းအဖွဲ့သည် ထို အမှောင်ထဲတွင် ယိုးချောင်း၏လက်ယာဘက်ကမ်းစပ်ကို ဓာတ်ခဲငါးခဲ ထိုး ဓာတ်မီးနှင့်ထိုးလျက် လှေသည် ဖြည်းဖြည်းလေး ရွေ့လျားနေ၏။ ကမ်းစပ်သည် ဓာတ်မီးရောင်ကြောင့် လင်းလက်နေသည်။ ကျော်စိန် သည် တစ်လံခန့်ရှည်ကာ အဟက်နှစ်ဘက်ပါသောမှိန်းကို အဝတ် လျှော်ကြိုး သုံးလွန်းတင်နှင့် သေသေချာချာ ချည်နှောင်ထားပြီး သုံး တောင်ရှည်သောဖောင့်သီးကို တပ်ဆင်ထားသည်။ သံမှိန်းကို ခါးလယ် က ကိုင်ထားကာ ဘယ်ခြေရှေ့ ညာခြေနောက် အနေအထားဖြင့် လှေပေါ်တွင် မတ်တပ်ရပ်လျက် လိုက်ပါလာနေ၏။

အောင်ထိက ဓာတ်မီးကိုကစားလျက် လှေဦးတွင် မတ်တပ်ရပ် ကာ အပေါ်ပိုင်းကိုယ်တုံးလုံးနှင့် မျက်လုံး၊ နားတို့ကို အစွမ်းကုန်ဖွင့်ကာ လိုက်ပါလာနေ၏။ မောင်ပုက လှေကို ရွေ့လျားရုံလှော်ခတ်၍ ရေစီး အတိုင်း မျှောလိုက်နေ၏။ ထွန်းလှက အရင်းအဖျားဖြတ်ထားသော ငှက်ပျောပင်ကို လက်နှစ်ဘက်ဖြင့် ပွေ့ပိုက်ထား၏။ သာထွန်းလှသည်



မနိဘောင်ကို လက်နှစ်ဘက်ဖြင့် ပွေ့ပိုက်ထားကာ ကျော်စိန်၏ ဝဲယာ တွင် မတ်တပ်ရပ်ကာ လိုက်ပါလာခဲ့ကြ၏။

သူတို့အားလုံးသည် ပုဆိုးကို ခါတောင်းကျိုက်ထားကြပြီး တစ်တောင်ခန့်ရှည်မည့် ဓားမြှောင်တစ်ချောင်းစီကို ခါးမှာထိုးထားကြ သည်။ ကိုယ်ပေါ်တွင် အင်္ကျီမပါသော်လည်း သူတို့ မချမ်းကြပါ။ သူတို့၏ အသိအမြင်ထဲ၌ လူသတ်ကောင် မိကျောင်းကြီးက စိုးမိုး၍ ထားလေသည်။

လှေသည် ဖြည်းဖြည်းရွေ့လျားနေသည်။ လူသတ်ကောင် မိကျောင်းကြီး၏ အရိပ်အယောင်ကိုမျှ မတွေ့ရသေး။ လူသတ်ကောင် ကို အမြဲလိုလိုတွေ့ရသောနေရာကား ပြင်လှချောင်းဝအိုင်၊ ဆားငံကန် ရွာရှေ့ ရေဝဲကွေ့၊ တောက်တဲ့ချောင်းဝ၊ ထိုနေရာသို့ရောက်သည်နှင့် သူတို့ ရင်ခုန်နေသည်။

လူသတ်ကောင်နှင့်တွေ့လျှင် မီးဝင်သည်နှင့် ချက်ချင်း မီးကို စိုက်ကြည့်ကာ ဓာတ်မီးရောင်ဆွဲခေါ်ရာသို့ ရေပေါ်မှာ နှစ်တောင်သုံး တောင်ခန့် ခေါင်းဖော်လျက် နီရဲသော ဧရာမပါးစပ်ကြီးကို ဖြဟကာ ပြေးလိုက်လာပေလိမ့်မည် . . . ။

သူတို့သည် အတွေးကိုယ်စီနှင့် တိတ်တိတ်ဆိတ်ဆိတ် အသံ တိတ်လာနေကြသည်။ စကားတစ်ခွန်းမှ မပြောဖြစ်ကြ။

"ဟူး . . . "

ထွန်းလှက "ဟူး" ခနဲ သက်ပြင်းချသည်။

"ပူ . . . . ပူ . . . . ပူ . . . . "

ဘုတ်ငှက်တို့၏အော်သံက ပေါ်လာသည်။

"ဟ - ဒီရေတောင် တက်တော့မှာပါလားကွ . . . "

www.burmeseclassic.com

www.burmeseclassic.com


မောင်ပုက ကြားသာရုံမျှပြောသည်။ တစ်ခြားလူများသည် တိတ်ဆိတ်ငြိမ်သက်နေကြ၏။

လှေသည် တောက်တဲ့ချောင်းဝအိုင်ကို ကျော်ဖြတ်သည်။ ထို့နောက် သရက်ချိုရွာကမ်းစပ်မှသည် ယိုးချောင်းဝသို့ ခပ်သွက်သွက် လှော်၏။ ရေနက်ကမ်းပြိုနေရာတွင် မိကျောင်းမအိပ်မှန်းသိ၏။

ယိုးချောင်းဝအထွက် ဂစ္ဆပနဒီမြစ်သို့အရောက်တွင်"ဗွမ်း.." ခနဲ သူတို့လှေနားကကပ်၍ အသံတစ်သံပေါ်လာသည်။ လက်နှိပ်ဓာတ်မီးကိုပိတ်ကာ လှေထဲမှာထိုင်နေကြသော သူတို့အားလုံး ရုတ်တရက် တုန်လှုပ်သွားကြ၏။

"ဘာလဲကွ . . . ဘာလဲ . . . ဘာကောင်လဲ . . ."

မောင်ပု၏အသံတီးတိုးက ချက်ချင်းပေါ်လာသည်။

"မောင်ပု သတိထားနော်၊ လှေပဲ့ထိပ်မှာထိုင်နေတုန်း လူသတ်ကောင်မိကျောင်းက အမြီးနဲ့ရိုက်ချလို့ ဂန့်သွားမယ် . . ."

အောင်ထိက လှမ်း၍ သတိပေး၏။

မိကျောင်းများသည် သားကောင်ကို ပါးစပ်နှင့် ချက်ချင်းကိုက်သည်က ရှားရှားပါးပါးဖြစ်၏။ လှေပေါ်ရှိ၊ ကုန်းပေါ်ရှိ၊ ကမ်းစပ်ရှိ သားကောင်တို့ကို အမြီးနဲ့ရိုက်၍သာ ဖမ်းလေ့ရှိ၏။ ပြီးတော့မှ ပါးစပ်နှင့်ကိုက်ကာ လိုရာခရီးသို့သယ်သွားပြီး သစ်ပင်ကျောက်ဆောင်တို့တွင် ဖွတ်ဖွတ်ညက်ညက်ကြေအောင် ရိုက်ချပြီးမှ မျိုချလေ့ရှိ၏။ မိကျောင်းတို့တွင် "လျှာ"မပါသဖြင့် ကိုက်စားလေ့မရှိပါ။ သူတို့၏သွားများမှာ လွသွားကဲ့သို့ဖြစ်၏။ ကိုက်ပြီး ပြန်ဖွင့်ဖို့ခက်ခဲသည်။ သွားက သံညှပ်နှယ်ဖြစ်နေ၏။

"ဗွမ်း . . ."

အသံက ပေါ်လာပြန်သည်။ လှေသည် ရေဝဲ၊ ရေလှိုင်းများကြောင့် လူးလိမ့်သွား၏။ အောင်ထိက ချက်ချင်း ဓာတ်မီးနှင့်လှမ်း၍ ထိုးသည်။ ဘာမှမတွေ့။ လှိုင်းဝဲဂယက်ထနေ၏။

"ဘာလဲကွ . . ."

ကျော်စိန်က မရှင်းမလင်းနှင့် ရေရွတ်သည်။

လှေသည် ဂစ္ဆပနဒီမြစ်လယ်ကို ကျော်ဖြတ်နေ၏။ ဒီရေတက်လာသဖြင့် လှိုင်းထန်စပြုလာသည်။

"အဆင်သင့်လုပ်ထား . . . အသင့်ပြင် . . ."

ခေါင်းဆောင်ကျော်စိန်က အော်ပြောလိုက်သည်။

သူတို့အားလုံး ထရပ်လိုက်ကြသည်။ လက်နက်များကို ဆွဲကိုင်ထားကြ၏။ လှေသည် ဂစ္ဆပနဒီမြစ်၏ အရှေ့ဘက်သဲသောင်စပ်သို့ ရောက်လာသည်။ ချက်ချင်း အောင်ထိက ဓာတ်မီးကစားသည်။

သဲသောင်ခြေရေစပ်၌ နီရဲနေသောမျက်လုံးများ။ သူတို့အားလုံး ရင်ခုန်နေကြသည်။

"မိကျောင်းလား . . ."

လှထွန်းက ရင်လှုပ်ခတ်သံနှင့်မေးသည်။

နီရဲသောမျက်လုံးများသည် တဖြည်းဖြည်း နီး၍ နီး၍လာ၏။ နီရဲသောမျက်လုံးအစုံပေါင်းများစွာ . . တစ်စုံ . . နှစ်စုံ . . သုံးစုံ . . ။

"ဘာလဲ . . ဘာလဲ . . ဘာကောင်တွေလဲ . . ."

အောင်ထိက ဓာတ်မီးကို ရုတ်တရက်ပိတ်မိလိုက်ရာမှ ဓာတ်မီးကို ပြန်ဖွင့်လိုက်သောအခါ ရေမပင်လယ်ဖျံအုပ်ကြီးသည် ရေထဲသို့ ငုတ်သွားကြသည်ကို တွေ့၏။

"သွားပြီကွာ . . ."

www.burmeseclassic.com

www.burmeseclassic.com



ကျော်စိန်က စိတ်ပျက်လက်ပျက်နှင့်ညည်းသည်။

"ဘာဖြစ်လို့လဲ . . . ကိုကျော်စိန် . . ."

လှထွန်းက မရှင်းမလင်းပုံနှင့် မေး၏။

"ဘာဖြစ်ရမှာလဲကွ. . ၊ ပင်လယ်ဖျံအုပ်ပါလာတော့ လင်းပိုင်အုပ်ပါနေလို့ပေါ့ . . ၊ စောစောက ဗွမ်းခနဲ ဗွမ်းခနဲ ကြားရတဲ့အသံက လင်းပိုင်တွေ ရေကစားနေကြတာလေကွာ. . . 'အပေါ်တစ်ကောင် အောက်တစ်ထောင်' ဆိုတဲ့ စကားပုံရှိတယ်။ လင်းပိုင် ရေပေါ်မှာ တစ်ကောင်ပေါ်လာရင် ရေအောက်မှာ အကောင်တစ်ထောင်ရှိတယ် ဆိုပဲဗျာ၊ လင်းပိုင်တွေ ချောင်းဝမှာရှိနေရင် မိကျောင်းတွေ မနေရဲတော့ဘူးလေ . . . ၊ အကုန် ချောင်းဖျားကိုတက်ပြေးကြမှာပဲလေ . . ."

"မိကျောင်းက လင်းပိုင်တွေကို ကြောက်တာပေါ့နော် . . ."

မောင်ပုက ဝင်ပြော၏။

"မိကျောင်းတင်ဘယ်ကမှာလဲ၊ ပင်လယ်ဘုရင်ဖြစ်တဲ့ ငါးမန်းတို့၊ ဝေလငါးတို့၊ ငါးရွှေတို့ကစလို့ အကုန်ကြောက်ကြတယ် . . ."

ကျော်စိန်က သူသိသမျှပြောပြ၏။

"ဘာလို့ကြောက်တာလဲ . . ."

လှထွန်းက ထပ်၍မေးပြန်သည်။

"လင်းပိုင်တွေရဲ့ပါးစပ်ထဲက အာငွေ့ရည်နဲ့မှုတ်လိုက်လို့ မျက်လုံးကိုထိရင် မျက်လုံးကန်းတယ်၊ အသားကိုထိရင် ထိတဲ့နေရာကို မီးနဲ့ထိုးလိုက်သလို ပူပြီး လောင်ကျွမ်းတယ်၊ ဒါကြောင့် ရေနေသတ္တဝါတွေအားလုံး လင်းပိုင်ကို အကုန်ကြောက်ကြတာပေါ့ . . ."

ကိုကျော်စိန်က စိတ်ရှည်လက်ရှည် ပြောပြနေ၏။



သူတို့လှေသည် ဂစ္ဆပနဒီမြစ် အရှေ့ဘက်ကမ်းမှ အနောက်ဘက်သို့ ပြန်ကူးလာစဉ် "အွန့် . . အွန့် . . "ဟူသော လင်းပိုင်များ၏ မြည်သံကို ကြားကြရ၏။ "ဗွမ်း . . "ခနဲ "ဗွမ်း . . "ခနဲ လင်းပိုင်ပေါ်သံ များနှင့်အတူ ရေလှိုင်းဂယက်များက လှေဝန်းကျင်မှာ ဘောင်ဘင်လာခတ်နေသည်။ လှေသည် လူးလူးလွန့်လွန့်နှင့် ယိုးချောင်းထဲသို့ ကွေ့၍ ဝင်လာခဲ့သည်။

"ဒီနေ့ကတော့ ဒီလူသတ်ကောင်ကိုတွေ့ဖို့ မလွယ်ဘူးကွ . ."

ကိုကျော်စိန်က စိတ်ပျက်လက်ပျက်နှင့်ညည်း၏။

"ဒီကောင် ယိုးချောင်းထဲက တစ်နေရာရာတော့ ရှိနေမှာပဲ"

လှထွန်းက သူ့ထင်မြင်ချက်ကိုပြော၏။

"ဒါကတော့ မင်းပြောမှလား . . . ၊ မြစ်ထဲမထွက်ဘူးဆိုရင် ယိုးချောင်းထဲမှာနေတဲ့မိကျောင်းက ယိုးချောင်းထဲမနေလို့ ဘယ်သွားနေမှာလဲ . . ."

အောင်ထီက လှထွန်းကို လှမ်းဟောက်၏။

သူတို့သည် ယိုးချောင်း၏အရှေ့ဘက်ကမ်းခြေတလျှောက်ကို သက်နိုပ်ဓာတ်မီးထိုး၍ မိကျောင်းကို ဆက်ရှာနေကြ၏။

"ဖွန်း . . . ဖွန်း . . . ဗလွန်း . . ."

အောင်ဆိပ်ရွာကွေ့ သဲသောင်သို့ရောက်လာသောအခါ ထူးဆန်းအံ့သြဖွယ်အသံများကို ကြား၏။

"မိကျောင်းလား . . . မိကျောင်းလား . . ."

လှထွန်းက မောဟိုက်သံနှင့် လှမ်း၍မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ထိသည် ခတ်မီးနှင့် သဲသောင်တလျှောက် နေရာအနှံ့ ခတ်မီးထိုး၍ ကြည့်နေ၏။

"ဖွန်း . . . ဖွန်း . . . ဖွန်း . . . "

အသံက ပေါ်လာပြန်သည်။

လှေသည် ရေစီးနှင့် ရှေ့သို့မျောလာနေသဖြင့် အသံက လှေဦး ပိုင်းမှ ပေါ်လာခြင်းဖြစ်၏။

"ခတ်မီးနှစ်လက်စလုံးထိုးလေကွာ. . . "

ကျော်စိန်က လှမ်း၍ပြောသည်။

ငါးတောင့်ထိုးခတ်မီးနှစ်လက်၏ အလင်းရောင်က အား ပေါ်လာရာ သင်ပန်းချုံတစ်ချုံလုံးကို လင်းလက်၍သွား၏။

နီရဲတောက်ပြောင်သော မျက်လုံးလေးလုံး . . .။

"ဟိုမှာ . . . ဟိုမှာ . . . "

လှထွန်းက အော်၍ပြော၏။

"ဟော့ - ရှူး . . တိုးတိုး . . . "

သူတို့အားလုံး ရင်ခုန်နေကြသည်။

သင်ပန်းချုံသည် ယိမ်းထိုးလှုပ်ရှားနေ၏။

"ရောမင်းမြွေနက်ကြီးတစ်ကောင်နှင့် ငန်းမြွေမကြီးတစ်ကော သည် တစ်ကောင်နှင့်တစ်ကောင် လိမ်ကျစ်နေကြရာမှ လူသံနှ ခတ်မီးအလင်းရောင်ကြောင့် ခေါင်းထောင်လျက် ပါးပျဉ်းများ ထောင်ကာ ငှက်ပျောဖူးသဏ္ဌာန် မျက်လုံးများနှင့် ခတ်မီးရောင် စိုက်ကြည့်နေကြ၏။

"မီးပိတ် . . . မီးပိတ် . . . မြန်မြန်လှော်ကြ . . . "



ကျော်စိန်က တကြောက်တလန့်နှင့် အော်ပြောလိုက်၏။

လှေသည် ပြိုင်ပွဲဝင်နေသော လှေတစ်စင်းနှယ် အနောက်ဘက် ကမ်းသို့ ပြေးလွှားနေ၏။ အနောက်ဘက်ကမ်းသို့ရောက်မှ အလှော် ရပ်ကြသည်။

သူတို့သည် ယိုးချောင်းဖျားသို့ ဆက်မသွားကြတော့။ မော ဟိုက် ၍နေကြ၏။

"တော်ပြီကွာ . . .၊ ပြန်ကြမယ်"

ကျော်စိန်ကပြောသည်။

"တောက် . . .၊ ခတ်ခဲတွေကုန်၊ လူတွေပန်းနဲ့ . . . "

အောင်ထိက "တောက်" ခေါက်ရင်း အားမလိုအားမရနှင့် ပြောသည်။

သူတို့ရွာဆိပ်သို့ရောက်သောအခါ ရွာထဲမှ အရက်ကြက်ဖ တို့၏ တွန်ကျူးသံကို ကြားနေရသည်။

"နတ်မိကျောင်းဆိုတာ ဟုတ်များ ဟုတ်နေမလားနော် . . . "

ထွန်းလှက သံသယစကားပြောသည်။

"အဓိပ္ပာယ်မရှိလိုက်တာကွာ . . .၊ ဒီကောင် ကံကောင်းနေ သေးလို့ပေါ့ . . .၊ တစ်နေ့တော့ တို့လက်က မလွတ်ပါဘူး . . . "

အောင်ထိက ဒေါနှင့်မောနှင့် ပြန်ပြောသည်။

သူတို့သည် ယိုးတရုတ်ရွာချောင်းထဲသို့ လှေကိုတွန်းတင်ကာ ပစ္စည်းများကိုယူ၍ အိမ်သို့ပြန်လာခဲ့ကြ၏။

အရှေ့ဘက်မိုးကုတ်စက်ဝန်းမှာကား ရွှေရောင်မြရောင် နီလား ရောင်တို့ ရောင်စုံရောယှက်လျက် . . .။

* * *

www.burmeseclassic.com

www.burmeseclassic.com

| ၈ |

“ဘာလဲ . . . ဘာလဲ၊ ဘာဖြစ်နေသလဲတဲ့ . . .”

ကျွန်တော်က အလောတကြီးမေးလိုက်သည်။

သပုန်ရွာဆိပ်ကမ်းသို့ ဦးတည်မောင်းနှင်လာစဉ် လူအုပ်ကြီးက ပြုံဆင်းလာနေသည်။ ကလေး၊ မိန်းမ၊ လူကြီးများစွာ . . .။

“နွားကျောင်းသားတစ်ယောက်ကို မိကျောင်းကြီးကိုက်သွားလို့တဲ့ . . .”

ဟု ကောင်လေးတစ်ယောက်က ပြောသည်။

“နွားကျောင်းသားကို မိကျောင်းကိုက်လို့၊ ဟင် . . . ဘယ်လိုဖြစ်တာလဲ . . .”

ကျွန်တော် တအံ့တသြမေးမိလိုက်သည်။

မော်တော်သည် ဆိပ်ကမ်းမှာထိုးရပ်သွားသည်။ လူတွေဝိုင်းအုံ ၍လာနေကြ၏။ မမဖြူမဦးက -

“မောင်ဆွေ . . .၊ ကူပါ . . . ကူပါဦး . . .”

ဟု ပြောရင်း မော်တော်ပေါ်သို့ ပြေးတက်လာသည်။

‘မဦးကလည်းဗျာ . . . ဘာကိုကူရမှာလဲ၊ ပြောပါဦး . . .၊ အရင်းမရှိ အဖျားမရှိနဲ့ . . .”

“နွားကျောင်းသားကောင်လေးကို မိကျောင်းကိုက်သွားလို့ . .”

“ဘာလဲ . . .၊ မမတို့ရွာက နွားကျောင်းသားတွေ ရေထဲမှာ နွားကျောင်းသလား . . .”

“ဝါး . . ဟား . . ဟား . .”



ခရီးသည်များက ဝိုင်းဟားလိုက်ကြ၏။

“မောင်ဆွေကလည်းကွာ . . .”

ဟု ရှက်စနိုးဒေါပြကာ ကျွန်တော့်ပခုံးကို လှမ်း၍ပုတ်၏။

“နွားကျောင်းသားကောင်လေးနှစ်ယောက်က နွားတွေချည်ထားခဲ့ပြီး ချောင်းထဲကို ရေချိုးဖို့ပြေးဆင်းလာခဲ့ကြတယ် . . .၊ အဲဒီအချိန်က ရေလယ်မှာ မိကျောင်းကြီးပေါ်နေတာ သူတို့ သတိမထားမိကြဘူး၊ ဒါနဲ့ . . လူကြီးတစ်ယောက်က - ‘ဟေ့ကောင်တွေ၊ မိကျောင်းပေါ်နေတယ်၊ မဆင်းကြနဲ့ . . မဆင်းကြနဲ့’လို့ လှမ်းအော်ပြောတယ်။ ဒါပေမယ့် အော်နေတဲ့ကြားက ချောင်းထဲကိုခုန်ဆင်းလိုက်ပြီး ရေကူးနေကြတယ်၊ မိကျောင်းကြီးလည်း ရေထဲကို ‘ဗွမ်း’ခနဲငုတ်ရော သူတို့လည်း ကမ်းပေါ်ကို တက်ပြေးကြတယ်၊ ကောင်လေးတစ်ယောက်က ကုန်းပေါ်ရောက်သွားတယ်၊ တစ်ယောက်က ပုဆိုးကျွတ်သွားပြီး ခြေထောက်မှာငြိလို့ မှောက်လဲသွားတယ်၊ အဲဒီမှာ . . .”

မမဖြူမဦးက ရင်ကိုလက်နဲ့ဖိကာ မောနေသည်။

“ဟေ့ . . . ကျော်လှ၊ ရေတစ်ခွက်ပေးလိုက်စမ်းကွာ . . .”

ကျော်လှ ရေတစ်ခွက်လာပေး၏။ မမဖြူမဦးက ရေသောက်ပြီးမှ ဆက်ပြောသည်။

“အဲဒီမှာ ကောင်လေးကိုထိုးဟပ်ပြီး ကိုက်ချီသွားတယ် . . .၊ ကောင်လေးဟာ လူးကာလွန့်ကာနဲ့ မိကျောင်းကြီးပါးစပ်ထဲမှာ ပါသွားတယ် . . .”

“တောက် . . .”

ကျွန်တော် ‘တောက်’ ခေါက်လိုက်သည်။ မမဖြူမဦး ‘ဖျန်း’ခနဲ သန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

"ဘုရား . . . ဘုရား . . .၊ လန့်လိုက်တာမောင်ဆွေရယ် . . ."

မမဖြူမဦးမှာ ယခုထိ ရင်တုန်ပန်းတုန်ဖြစ်နေပုံရသည်။ သူ မြင်ခဲ့ရသည့်မြင်ကွင်းကလည်း ရင်တုန်စရာ၊ ကြောက်စရာ။

"မီးကိုသွားကစားရင် မီးလောင်မှာပေါ့ဗျာ . . .၊ မိကျောင်းကြီး ပေါ်နေတာကိုမြင်ရက်နဲ့ ရေထဲခုန်ဆင်းတယ်ဆိုတော့ . . သေ . . သေ ဗျာ . .၊ သေတာတောင်နည်းသေးတယ်"

ကျွန်တော်က ကရုဏာဒေါသနှင့် ပြောလိုက်မိသည်။

"တစ်ချို့အရပ်တွေမှာ အဲသလိုပဲမောင်ဆွေ . . မိကျောင်းပေါ် နေတာလောက်ကို မကြောက်ကြဘူးကွ၊ မိကျောင်း ရေထဲငုပ်လာရင် သာ ကုန်းပေါ်တက်ပြေးကြတယ်၊ ဒါပေမယ့် အခုလိုအဖြစ်မျိုးတော့ မကြုံဖူးကြသေးဘူး . . ."

ဟု ခရီးသည်လူကြီးတစ်ယောက်က ပြော၏။

ဤယိုးချောင်းထဲက လူသတ်ကောင်မိကျောင်းကြီးကား တကယ် ကြောက်မက်ဖွယ်ကောင်းလွန်းလှပါသည်။ လူတွေကိုပဲ အမြဲချောင်း မြောင်းသတ်ဖြတ် စားသောက်နေလေပြီ။

မိကျောင်းကြီးသည် ရဲရင့်လွန်းသည်။ ဉာဏ်နီဉာဏ်နက် ကြီး မားလွန်းသည်။ တကယ့်လူသတ်ကောင် . . .။

ကျွန်တော် အံကြိတ်ထားလိုက်သည်။

"မောင်ဆွေ . . .၊ ကူပါဦးနော် . . ."

"ဘယ်လိုကူရမှာလဲ . .၊ ဘယ်မှာလဲ မိကျောင်း . . မိကျောင်း ဆိုတာ လူကိုကိုက်ပြီးရင် ငုတ်လိုက် ပေါ်လိုက် သုံးကြိမ်သုံးခါ ပြလေ့



တယ်ဆို၊ ချောင်းရှင်ကို ပသပူဇော်တဲ့သဘောဆို၊ ပြီးရင် ရေထဲငုတ် သွားပြီး သူ့စားကျက်ကိုသွားတယ်ဆို . . ."

"ဟုတ်တယ်၊ သုံးခါပေါ်လိုက်၊ ငုတ်လိုက်လုပ်ခဲ့တာ ကျုပ်တွေ့ တယ် . . ."

ဟု လူကြီးတစ်ယောက်က ဝင်ပြောသည်။

ကျွန်တော် အမှန်ပင်စိတ်မကောင်းပါ။ သို့သော် ယခုတော့ ဘာမှမတတ်နိုင်တော့ . . ."

ကျွန်တော်တို့သည် ယိုးတရုတ်ရွာ မော်တော်ဆိပ်သို့ မောင်းလာ ခဲ့ကြ၏။ ခရီးသည်များက ထင်မြင်ချက်အမျိုးမျိုး၊ အတွေ့အကြုံ အထွေထွေကို ပြောဆိုနေကြသည်။

သည်မိကျောင်းကို ကျွန်တော် အကြိမ်ကြိမ်သေနတ်နှင့်ပစ်ခဲ့ ပြီ။ ပစ်တိုင်းလည်းထိ၏။ မသေသော်လည်း ဒဏ်ရာတော့ရထားမည် ဟု ထင်သည်။

ဒဏ်ရာရသောကျား၏ဒဏ်ရာသည် ပျောက်သည်ဟူ၍မရှိ။ ကျား၏'လျှာ'သည် သံဘရပ်(ရှ်)တစ်ခုကဲ့သို့ ကြမ်းထော်သဖြင့် 'လျှာ' နှင့်လျက်တိုင်း အနာသည် ပို၍ကြီးမားလာလေ့ရှိသလို မိကျောင်း၏ ဒဏ်ရာကိုလည်း ငါးသေးငါးမွှားလေးတွေက အတင်းလုယက် စား သောက်လေ့ရှိသဖြင့် ဒဏ်ရာမပျောက်သည့်အပြင် ပိုကြီးလာတတ်၏။ ထို့ကြောင့် ဒဏ်ရာရထားသောမိကျောင်းသည် ရေထဲ၌ ကြာကြာမနေ တတ်။ ဤမိကျောင်း လူသတ်ကောင်ကြီးသည်ကား . . .။

ကျွန်တော့်အတွေးမဆုံးမီမှာပင် မော်တော်သည် ဆိပ်ကမ်းမှာ ကပ်၏။ ခရီးသည် ဆင်းသွားကြလေပြီ . . .။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည်လည်း မော်တော်ပေါ်မှ သေနတ်ကိုယူကာ နေအိမ်သို့လာခဲ့၏။ မိကျောင်းကြီးကိုစွက ခေါင်းထဲရောက်နေသည်။

"ဒီမိကျောင်းကြီးကို သတ်ကို သတ်ရမယ်၊ လိုင်စင်လျှောက်ထားသောသေနတ် မြန်မြန်ကျပါစေ . . . "

ဟု ရင်ထဲမှ ဆုတောင်းနေမိ၏။

အင်မာဂျင်စီမီးကိုပိတ်ကာ အိပ်ခန်းထဲသို့ ဝင်လာခဲ့၏။

| ၉ |

မီးကျိုးခဲနှယ် ရဲရဲတောက်နေသော မျက်လုံးနှစ်လုံး . . . ။

ရင်တထိတ်ထိတ်ခုန်ကြေသည်။

အောင်ထီသည် ဓာတ်မီးကိုလှုပ်ရှားကစားနေ၏။ ကျော်စိန်က မှိန်းကို ညာလက်နှင့်တင်းတင်းဆုပ်ကိုင်ထားကာ အံကိုတင်းတင်း ကြိတ်ထားသည်။ ဘယ်ခြေရှေ့ ညာခြေနောက်အနေအထားဖြင့် လှေပေါ်မှာ မတ်တပ်ရပ် အားယူထား၏။

လှလွန်းသည် ငှက်ပျောတုံးကြီးကိုပွေ့ထားကာ လှေပေါ်မှာ ဒူးထောက်ထိုင်လျက် အံကို တင်းတင်းကြိတ်ထားသည်။ ကျော်လှသည် ဓာတ်မီးကိုစလွယ်သိုင်းလွယ်လျက် မိကျောင်းကြီးကို စိုက်၍ ကြည့်နေသည်။ မောင်ပုသည် လှေဝမ်းထဲသို့ဆင်းကာ လှော်တက်ဖြင့် လှေကိုထိန်းထား၏။

"မကြောက်နဲ့နော် . . . ၊ အရေးကြုံရင် သက်လုံကောင်းရမယ်တဲ့၊ ကိုယ့်တာဝန်ကိုယ်ကျေကြ"

မိကျောင်းဖမ်းအဖွဲ့ခေါင်းဆောင် ကျော်စိန်က သတိပေးသည်။



"မကြောက်ဘူး . . . ၊ လုံးဝမကြောက်ဘူး၊ သေတစ်ရက် . . . မွေးတစ်ရက်ပဲ . . "

လှထွန်းက အားနှင့်မာန်နှင့်ပြော၏။

အောင်ထီသည် မီးကစားနေ၏။ မီး၏အလင်းတန်းကို မိကျောင်းကြီး၏မျက်လုံးထဲမှ လွတ်မသွားအောင် ဖြည်းဖြည်းဆွဲသည်။

လူသတ်ကောင်မိကျောင်းကြီးသည် ဓာတ်မီးကို နီရဲတောက်ပြောင်သော မျက်လုံးကြီးဖြင့် စူးစူးရဲရဲကြည့်နေသည်မှာ သာမန်သူများသာဆိုလျှင် အသက်ရှူမှားလောက်၏။

လှေက ရေစီးနှင့်မျောပါနေသည်။ မီးဝင်နေသောမိကျောင်းကြီးကို လှေဆီသို့ ဆွဲခေါ်လိုက်တိုင်း မိကျောင်းကြီး မီးလွတ်သွားမလို ဖြစ်နေ၏။

မီးဝင်သောကျား၊ မီးဝင်သောမိကျောင်းတို့သည် မီးကို စူးစူးစိုက်စိုက်ကြည့်နေပြီး ဓာတ်မီးအလင်းတန်းဆွဲခေါ်ရာသို့ လိုက်ပါလာလေ့ရှိ၏။ ဤလူသတ်ကောင်မိကျောင်းကြီးကား ကြောက်မက်ဖွယ်ရာ ရဲရဲတောက်နေသော မျက်လုံးအစုံနှင့် ခေါင်းထောင်ကာ စိမ်းစိမ်းစိုက်ကြည့်နေသည်။ မီးရောင်တန်းအတိုင်း ခုန်၍လိုက်မလာသေး။

အောင်ထီကား ဇောချွေးပြန်နေပြီ။ တခြားမိကျောင်းတစ်ကောင်ကောင်သာဆိုလျှင် မီးရောင်ကိုမြင်သည်နှင့် လှမ်းထိုးထားသော ဓာတ်မီးရောင်အလင်းတန်းအတိုင်း ခုန်၍လိုက်လာနေကျ။ ဤလူသတ်ကောင်မိကျောင်းသည် ယခု အဘယ်ကြောင့် လိုက်မလာသည်ကို အောင်ထီ တွေးမရ။ မိကျောင်းကြီး၏မျက်လုံးထဲမှ ဝါနီပြာရောင်စဉ်များ ထွက်နေသလိုသာ မြင်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကျော်လှ . . . အကူဓာတ်မီးထိုးစမ်းကွာ . . ."

ကျော်စိန်က အမိန့်ပေးသည်။

ကျော်လှသည် ကျောပေါ်မှာ စလွယ်သိုင်းလွယ်ထားသော ဓာတ်မီးကိုဖြုတ်သည်။ ဓာတ်မီးနောက်ပိတ်ကို လက်နှင့်လှည့်တွန်း၍ ခလုတ်ကိုနှိပ်လိုက်သည်။ ဓာတ်မီးအလင်းရောင်က သဲသောင်ပေါ်သို့ 'ဝင်း' ခနဲကျလာ၏။

"ဟာ. . ဒီမှာလည်း မျက်စိတစ်ဖက်လပ် စိန်တစ်လုံးမိကျောင်းကြီးပါလားဗျို့ . . ."

ကျော်လှက အံ့သြတကြီး အာလုတ်သံနှင့်အော်လိုက်၏။

"ဟေး . . ဘယ်လိုဘယ်လို စိန်တစ်လုံးက ဒီကိုရောက်နေလဲကွ ဟင် . . ."

"သေကုန်တော့မယ် . . ၊ သေကုန်တော့မယ် . . ဘယ်လိုလုပ်လိုက်တာလဲ ကျော်လှ . . ခွီးမှပဲ . ."

ကျော်စိန်ဆီကလည်း မမျှော်လင့်သော အံ့သြသံထွက်လာသည်။

ကျော်လှသည် အကြောက်လွန်ကာ ဓာတ်မီးကို ပိတ်ရန်သတိမရဘဲ မှင်တက်မိနေ၏။ ထိုအချိန်မှာပင် စိန်တစ်လုံးမိကျောင်းသည် လက်နှိပ်ဓာတ်မီးရောင်တန်းကိုလိုက်ရန် ချက်ချင်း ရေထဲခုန်ဆင်းကာ ရေပေါ်မှာ သုံးတောင်ခန့်ခေါင်းဖော်လျက် တဝေါဝေါနှင့် ရေကူးလိုက်လာနေ၏။

ယုန်ထောင်ကြောင်မိဟူ၍တော့ ပြောမရ။ လူသတ်ကောင်မိကျောင်းကြီးကို လိုက်ရှာကြရင်း လူသတ်ကောင်မိကျောင်းကြီးနှင့် ဆုံရလေဖြစ်၍ တိုက်ခိုက်ဖက် စိန်တစ်လုံးမိကျောင်းကိုပါ မမျှော်လင့်ဘဲ



သူတို့အဖွဲ့က တွေ့နေရသည်။ အမှန်က ဤမိကျောင်းကြီးနှစ်ကောင်သည် စောစောကပင် တစ်ပွဲတစ်လမ်း စမ်းထားကြပြီး နှစ်ကောင်စလုံး ခြေကုန်လက်ပန်းကျကာ တစ်ကောင်က သောင်ပြင်ပေါ် တက်နားနေပြီး တစ်ကောင်က ရေပေါ်မှာ သစ်တုံးကြီးပမာ မလှုပ်မယှက် အမောဖြေနေသလားထင်ရသည်။ သို့မဟုတ် သောင်ပြင်လတာပေါ် လေညင်းခံနေသော စိန်တစ်လုံး ရေထဲဆင်းအလာကို ရေပေါ်က တိတ်တိတ်ဆိတ်ဆိတ်ချောင်းနေတာလည်း ဖြစ်နိုင်သည်။ နောက်တစ်ကြောင်းမှာ လူသတ်ကောင်မိကျောင်းသည် လတာသောင်ပြင်ပေါ် တက်အိပ်နေသော စိန်တစ်လုံးကိုကြောက်၍ သောင်ပြင်ပေါ်မတက်ရဲတာလား ဆိုသည်ကိုတော့ သူတို့နှစ်ကောင်ပဲ သိပေမည်။

"အောင်ထီ၊ မင်းဓာတ်မီးကိုပိတ်လိုက် . . ၊ ဓာတ်မီးကို မြန်မြန်ပိတ်လိုက် . . ၊ စိန်တစ်လုံးဆင်းလိုက်လာပြီ"

ကျော်စိန်က အထိတ်တလန့် အော်ပြောလိုက်၏။

အောင်ထီ ဓာတ်မီးကို ချက်ချင်းပိတ်လိုက်သည်။ လူသတ်ကောင် မိကျောင်းကြီးသည် ပြေးဆင်းလာကာ လှေဆီသို့ပြေးလာနေသော စိန်တစ်လုံးမိကျောင်းကြီးကို ဆီး၍တိုက်တော့သည်။

"ဘောင်း . . ."

"ဂေါက် . . ဂေါက် . . ဂေါက် . ."

မိကျောင်းကြီးနှစ်ကောင်၏ အပေါ်သွားနှင့်အောက်သွားရိုက်သံများသည် ချက်ချင်း ကျယ်ကျယ်လောင်လောင် မြည်ဟည်းထွက်ပေါ်လာသည်။ ညသည် အနိဋ္ဌာရုံတို့ဖြင့် တုန်လှုပ်ချောက်ချားဖွယ် ဖြစ်လာနေချေပြီ . . .။

www.burmeseclassic.com

www.burmeseclassic.com

မိကျောင်းနှစ်ကောင်သည် နောက်သို့ဆုတ်သွားလိုက်၊ ရေပေါ်တွင် သုံးတောင်ခန့် ခေါင်းဖော်ကာ မျက်နှာချင်းဆိုင်ပြေးလာပြီး ပါးစောင်ချင်း "ဘောင်း"ခနဲရိုက်လိုက်၊ "ဂေါင်း . . ဂေါင်း . . ဂေါက်" မြည်၍ ပြန်ဆုတ်သွားလိုက်၊ ပြန်ပြေးလာလိုက်၊ ပါးစောင်ချင်းရိုက်လိုက် နှင့် ရေပေါ်မှာ သဲကြီးမဲကြီး တိုက်ခိုက်နေကြ၏။

ကျော်စိန်တို့ မိကျောင်းဖမ်းအဖွဲ့မှာ မိကျောင်းကြီးနှစ်ကောင်ကို ထင်ထင်ရှားရှားသာ မမြင်ကြရသော်လည်း တဝေါ . . ဝေါ . . ရေကူး၍လိုက်လာသံ၊ 'ဘောင်း'ခနဲ ပါးစောင်ချင်းရိုက်သံ၊ တစ်ကောင်နှင့်တစ်ကောင် အတော်ဝေးဝေးသို့ ပြန်ဆုတ်သွားသံ၊ ပြန်လာပြီး တိုက်ခိုက်နေကြသံကို လှေပေါ်က အတိုင်းသား ကြားနေကြရသည်။

"ဘယ်လိုလုပ်ကြမလဲ . . ၊ ဘယ်လိုလုပ်ကြမလဲ . ."

အဖွဲ့ခေါင်းဆောင် ကျော်စိန်သည်ပင် ယခုတော့ ဘာလုပ်ရမှန်းမသိဖြစ်နေပြီ။

"ကျော်လှ အသုံးမကျလို့ . . ၊ မိကျောင်းကြီးနှစ်ကောင်လုံးတို့ဆီကိုလိုက်လာရင် အကုန်သေကုန်မှာ၊ ဒီမိကျောင်းကြီးနှစ်ကောင်က ရန်ဖက်တွေဖြစ်နေလို့ ငါတို့ ကံကောင်းသွားတယ်မှတ်"

အောင်ထီက ဒေါနှင့်မောနှင့်ပြောသည်။

"မောင်ပု၊ လှေကို သူတို့နှစ်ကောင်ဆုံမှတ်နဲ့ နီးနိုင်သမျှနီးအောင် လှော်စမ်းကွာ . . ၊ သေတစ်ရက် မွေးတစ်ရက်ပဲ . ."

ကျော်စိန်က မခံချိမခံသာနှင့်ပြောသည်။

"ဘာလုပ်မလဲ . . . ကိုကျော်စိန် . ."

အောင်ထီက ကျော်စိန် ဘာများလုပ်မည်နည်းဟု သိချင်သဖြင့်မေး၏။



"အနီးကပ်သွားပြီး မှိန်းနဲ့ပစ်ထိုးမယ်ကွာ . . ."

"ဟာ . . . သိပ်အန္တရာယ်များတယ် ကိုကျော်စိန်၊ စဉ်းစဉ်းစားစားလုပ်နော် . . ."

အောင်ထီက ဟန့်တားသံနှင့်ပြောသည်။

"တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ အနှောင့်အယှက်နဲ့ချည်း ကြုံနေရတော့ ဒီနေ့ သူသေကိုယ်သေ ချကြတော့မယ်ကွာ . . . ၊ ဖြစ်ချင်ရာဖြစ်"

"ဟာ . . , ဒီမိကျောင်းတွေကို နတ်မိကျောင်းလို့လည်း လူတွေက ပြောနေကြတော့ ရမ်းလုပ်လို့မဖြစ်ဘူးထင်တယ်။

မောင်ပုကလည်း ကြားဝင်ပြောလာပြန်၏။

"တော်စမ်းပါကွာ၊ ဘာနတ်မိကျောင်းလဲ၊ လူသတ်မိကျောင်း"

"မောင်ပု၊ မင်း ပဲ့မကိုင်ရဲလို့လား . . ."

"ခင်ဗျားတို့သေရဲရင် ကျုပ်လည်း သေရဲပါတယ်ဗျ၊ ဆင်ဆင်ခြင်ခြင် သတိနဲ့လုပ်ကြဖို့သာ ပြောရတာပါ"

"ကဲ - ဒါဆိုပြီးရောကွာ၊ အားလုံး သတိထားကြ၊ သွားမယ်ဟေ့"

မောင်ပုသည် ကျော်စိန်၏စကားအဆုံးမှာပင် လှေကို မိကျောင်းကြီးနှစ်ကောင်တိုက်ခိုက်နေရာဆုံမှတ်သို့ ဦးတည်လိုက်သည်။

မိကျောင်းကြီးနှစ်ကောင်ကား ဒေါသတကြီး တိုက်ခိုက်နေကြ၏။ နောက်သို့ ဆုတ်၍ ဆုတ်၍သွားနေစဉ် သူတို့လှေသည် ဆုံမှတ်အနီးသို့ ရောက်လာခဲ့လေပြီ။ လှေကိုရပ်တန့်၍ စောင့်နေကြ၏။ လှေသည် ရေတက်နှင့်လှုပ်ရှားမျောပါနေသည်။

"ဟေ့ကောင်၊ လှေကိုထိန်းထား၊ မိကျောင်းကြီး လူသတ်ကောင်ကို မှိန်းနဲ့ထိုးမယ်၊ ဒီအကောင် အနားကိုရောက်တာနဲ့ အောင်ထီရော၊

www.burmeseclassic.com

www.burmeseclassic.com



ကျော်လှပါ ခတ်မီးထိုးပြ၊ ငါ မှိန်းနဲ့ထိုးမယ်၊ တကယ်လို့ လှေပေါ်မှာ ခေါင်းတင်လာရင် လှထွန်းက ပါးစပ်ထဲကို ငှက်ပျောပင်ထိုးသွင်းဖို့ သတိမမေ့စေနဲ့၊ အားလုံးတာဝန်ကျေပါစေ၊ သေတစ်ရက် မွေးတစ်ရက် ပဲကွ၊ မင်းတို့ မကြောက်ကြနဲ့၊ ကြောက်ရင် အကုန်သေကုန်လိမ့်မယ်"

ကျော်စိန်သည် မှိန်းကိုဆုပ်ကိုင်ရင်း လှေပေါ်မှာ မတ်တပ်ရပ်နေ၏။

နောက်သို့ ဆုတ်၍ ဆုတ်၍သွားကြသော ရေမမိကျောင်းကြီး နှစ်ကောင်ကို သူတို့သည် အံကိုတင်းတင်းကြိတ်၍ စောင့်နေကြ၏။

ဒီတစ်ခါ ရေပေါ်မှာ ခေါင်းသုံးတောင်ခန့်ပေါ်၍ ပြေးလာလျှင် အနီးကပ်၍ မှိန်းနှင့်ထိုးမည်။ သူသေကိုယ်သေ အပြိုင်ကြဲဖို့ အားလုံး ဆုံးဖြတ်ထားကြသည်။

ယိုင်ငူရွာမှ ကြက်ဖတွန်သံများကို ကြားလာရသည်။ မိကျောင်းကြီးနှစ်ကောင်ကား နောက်ဆုတ်သွားကြရာမှ ပေါ်မလာကြတော့ . . ။

သူတို့၏တိုက်ပွဲက ပြီးဆုံးသွားပြီထင်သည်။ ကိုယ့်နယ်သူနယ်၊ ကိုယ့်ချောင်း သူ့ချောင်းသို့ ပြန်ဝင်သွားကြပြီထင်၏။

ကျော်စိန်တို့ မိကျောင်းဖမ်းအဖွဲ့မှာ ခဲလေသမျှ သဲရေကျ ဖြစ်ကြရပြန်ပြီ . . . ။

"တောက် . . ."

ကျော်စိန်သည် "တောက်"တစ်ချက်ကို မကျေမနပ်နှင့် ခပ်ပြင်းပြင်း ခေါက်လိုက်၏။

"မင်းတို့ စိတ်ဓာတ်မကျကြနဲ့နော်၊ ဒီနေ့မရရင် မနက်ဖြန်ပေါ့ကွာ . . ၊ မရ-အရ သတ်မယ်ကွ၊ ဒီလူသတ်ကောင်ကို တို့ ရအောင် သတ်ကိုသတ်မယ် . . ၊ တို့လက်က မလွတ်စေရဘူး . ."



ကျော်စိန်က ဒေါနဲ့မောနဲ့ပြော၏။

သူတို့သည် လှေကိုလှော်ခတ်၍ ယိုးချောင်းထဲသို့ ပြန်ဝင်လာခဲ့ကြ၏။

အရှေ့ဘက်မိုးကုတ်စက်ဝန်းမှာကား ရောင်စုံရောယှက်လျှက်၊ အလင်းသစ်သည် အင်နဲ့အားနဲ့ ပြေးလာနေလေပြီ . . . ။

| ၁၀ |

အံခန်းသည် တိတ်ဆိတ်နေ၏။

"ဘယ်လိုလဲ . . ဘယ်လိုလဲကွ . . ၊ ပြောပါဦး . . ."

တိတ်ဆိတ်ခြင်းကို သူကြီးဦးကျော်ဖြူက ဖြိုခွင်းလိုက်သည်။

ကျော်စိန်သည် မဝံ့မရဲမျက်နှာပေးဖြင့် ထိုင်နေရာက ထရပ်လိုက်၏။

"ပထမနေ့က ရှာမတွေ့ဘူး၊ ယိုးချောင်းဝဲယာ တစ်နံတစ်လျား ရှာခဲ့ကြတယ်၊ ဒုတိယနေ့ကျတော့ လင်းပိုင်တွေဝင်လို့ အလုပ်မဖြစ်ဘူး၊ ကုန်ခဲ့တဲ့ညဥ့်ကတော့ မိကျောင်းကြီးနှစ်ကောင် တိုက်ခိုက်နေကြတာနဲ့ သွားတိုးပြီး မီးမဝင်ဖြစ်သွားတယ်။ အဲဒီတော့ နောက်ထပ် အချိန်နည်းနည်းပေးပါ၊ ကျုပ်တို့ ဒီလူသတ်ကောင်ကို မရ-အရ သတ်ပေးမှာပါ သူကြီး"

ကျော်စိန်က ရှင်းလင်းပြောပြပြီး အချိန်တိုးတောင်း၏။

"အေးလေ. . . ၊ အစကတည်းက ဘယ်နေ့ဘယ်ရက် နောက်ဆုံးထားပြီး သတ်ပေးရမယ်လို့ စာချုပ်ထားတာမှမဟုတ်ဘဲ၊ မင်းတို့ ဆက်ပြီး ကြိုးစားကြပါ"

www.burmeseclassic.com

www.burmeseclassic.com



သူကြီးက တည်ငြိမ်စွာပြောသည်။

"စာချုပ်မရှိပေမယ့် အချိန်အကြာကြီးစောင့်နေဖို့က မလွယ်ဘူးနော် . . .၊ တစ်နေ့ တစ်ယောက် နှစ်ယောက် သတ်ဖြတ်ဒုက္ခပေးနေတယ်၊ ဒီလိုမိကျောင်းမျိုးကတော့ မြန်မြန်သေလေ ကောင်းလေပဲ . ."

အရပ်လူကြီးတစ်ယောက်က ဝင်ပြောသည်။

"ဟုတ်ပါတယ် . . . ကျုပ်တို့လည်း ကျားကုတ်ကျားခဲ ကြိုးစားနေတာပဲ . . ."

ဟု ကျော်စိန်ကပြော၏။

"ဒီလောက် ရက်စက်ကြမ်းကြုတ်ပြီး ရဲရင့်တဲ့မိကျောင်းမျိုးကတော့ တို့တစ်သက်တစ်ခါမှ မကြားဖူး မတွေ့ဖူးတာ အမှန်ပဲ . . ."

ဘကြီးကျော်ဇံကလည်း စိတ်မချမ်းသာစွာပြော၏။

"ဒီမိကျောင်းကြီးဟာ ဟိုတုန်းက ဒီလို လူတွေကို သတ်ဖြတ်စားသောက်တာမျိုး မရှိခဲ့ဘူး၊ လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်က ရေနစ်သေသွားတဲ့ ဆားငံကန်ရွာက စောသာလှကို စားပြီးကတည်းက လူသားစားဖို့ပဲ ချောင်းနေတာ"

"လူသားစားဖူးတဲ့ကျား၊ လူသားကိုစားဖူးတဲ့ မိကျောင်းတွေဟာ လူကိုပဲ မရ-အရ ရှာလေ့ရှိကြတယ် . . ."

သူတလူ ငါတစ်မျိုး အမျိုးမျိုးပြောဆိုနေကြ၏။

"ကဲ - ကျော်စိန်တို့၊ ဆက်ပြီး ကြိုးစားကြဦး၊ တကယ်လို့ မင်းတို့ မတတ်နိုင်တော့ဘူး၊ မသတ်နိုင်တော့ဘူးဆိုရင်လည်း ပြောကြ ငါတို့ ကတော့ ဒီမိကျောင်းကြီးကိုသတ်ဖို့ နည်းလမ်းရှာရမှာပဲ . . ."

သူကြီးက တည်ငြိမ်စွာပြောပြန်၏။



"တကယ်လို့ ကျော်စိန်တို့က လက်မြှောက်ပြီ၊ သူတို့ မတတ်နိုင်တော့ဘူးဆိုရင်ကျုပ်တို့ကိုပြောပါ၊ ကျုပ်တို့က ကျော်စိန်တို့လို မိကျောင်းကို လိုက်ရှာနေဖို့မလိုဘူး၊ မိကျောင်းက ကျုပ်တို့ဆီကိုလာပြီး အသေခံရမယ် . . ."

တောက်တဲ့ရွာသား မောင်လှစိန်ဆိုသူက ဝင်ပြော၏။

"အမယ် . . . တယ်ဟုတ်ပါလားကွ၊ မင်းတို့က ဘယ်လိုလုပ်မှာတုန်း . . ပြောပါဦး . . . ."

သူကြီးက စိတ်ဝင်တစားမေး၏။

"ထောင်ချောက်နဲ့ထောင်မှာပါသူကြီး၊ နတ်မိကျောင်းဖြစ်ပါစေ၊ မလွတ်စေရဘူး . . ."

"မောင်ကျော်စိန်တို့လက်လျှော့ရင် ကျုပ်တို့ အကြောင်းကြားပါမယ် . . ."

သူကြီးက ပြော၏။

"ကျုပ်တို့ လက်မလျှော့ဘူး၊ လုံးဝလက်မလျှော့ဘူး၊ ဒီလူသတ်ကောင်ကို ရအောင်ကိုသတ်မယ် . . ၊ ရအောင်ကိုရှာသတ်ပေးပါ့မယ်"

ကျော်စိန်တို့အုပ်စုက အော်ဟစ်လိုက်ကြ၏။

သက်မ,ကိုယ်စီချကာ လူတွေက အသီးသီးပြန်သွားကြလေပြီ။

ယိုးချောင်းထဲက အဏ္ဏဝါမုဆိုး လူသတ်ကောင် မိကျောင်းကြီးကား၊ ယိုးချောင်းတစ်ချောင်းသာမက တစ်နယ်လုံးကို ဒုက္ခကောင်းကောင်းပေးနေလေပြီ . . ."

ကျွန်တော်သည် မည်မျှကြာအောင် စဉ်းစားမိသည်မသိ . . .။

အောင်ကျော်ဝင်းရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ . . ."

မိကျောင်းကြီးစိတ်ကြောင့် အသံက အနည်းငယ်ခက်ထန်သွားမှန်းသိသည်။

"အဆင်သင့်ဖြစ်နေပြီ . . .၊ မော်တော်ဆင်းကြမယ် . ."

ကျွန်တော် ထိုင်နေရာကထ၍ သေနတ်ကိုဆွဲယူကာ မော်တော်သို့ ဆင်းလာခဲ့သည်။

အဏ္ဏဝါမုဆိုးကြီး လူသတ်ကောင်မိကျောင်းကြီးက အတွေးအာရုံထဲမှာ ကပ်ငြိမ်၍ ပါလာ၏။

ပုဏ္ဏားကျွန်းမြို့သို့ ရောက်လာသောအခါ သက်ဆိုင်ရာသို့သွား၍ လျှောက်ထားသောသေနတ်ကိစ္စကို လေ့လာသော်လည်း အကြောင်းက မထူးသေး။ တော်တော်လေး စိတ်ဓာတ်ကျသွား၏။

ရိုင်ဖယ်သေနတ်နှင့်သာ ပစ်ရမည်ဆိုလျှင် သည်မိကျောင်းကြီးသေလောက်ပြီဟု စိတ်ထဲတွင် စွဲလမ်းနေသည်။

စင်စစ်အားဖြင့် ကျွန်တော်သည် မုဆိုးတစ်ယောက်မဟုတ်။ အဖေ့မှာ လိုင်စင်ခံ၍ကိုင်နေသော ခါးချိုးသေနတ်ဖြင့် ငှက်ပစ်၊ ကြက်ပစ်သဘောမျှလောက်သာရှိ၏။ အခုတော့ ယိုးချောင်းထဲက အဏ္ဏဝါမုဆိုး လူသတ်ကောင်မိကျောင်းကြီးနှင့် သုံးကြိမ်သုံးခါ ထိပ်တိုက်တွေ့သဖြင့် အကြိမ်ကြိမ် သေနတ်နှင့်ပစ်ခဲ့ရသော်လည်း အတွေ့အကြုံမရှိသဖြင့် "ချက်"ကောင်းကိုမထိ၍ထင်သည်။ မိကျောင်းကြီးက မသေသည့်အပြင် ပို၍ပင် ဆိုးလာသေးသည်။

မော်တော်သည် သရက်ချိုကွေ့ကိုလွန်လေသောအခါ အုံသြဘွယ် ရေပန်းရေမွှားများကို မြင်ရ၏။

"မိကျောင်းလား . . ."



အခန်းထဲသို့ ပြေးဆင်းကာ အဝေးကြည့်မှန်ပြောင်းကိုဆွဲယူ၍ မော်တော်ဦးခန်းသို့ ထွက်လာခဲ့သည်။

မှန်ပြောင်းနှင့် လှမ်း၍ကြည့်၏။ ဆည်းဆာအချိန် ရေတက်နှင့် ယိုးချောင်းထဲတွင် မိကျောင်းကြီးက ရေငုတ်သဘော်တစ်စင်းနှယ် ရှေ့ကပြေးနေ၏။ လင်းပိုင်အုပ်က နောက်ကလိုက်၍ အာငွေ့ရည်ဖြင့် မှုတ်၏။

ဧရာမ အဏ္ဏဝါမုဆိုး လူသတ်ကောင်မိကျောင်းကြီးသည် သေပြေးရှင်ပြေး ပြေးနေ၏။ ဧရာမလင်းပိုင်ကြီးများကလည်း ရေငုတ်သဘော်ကြီးများနှယ် လိုက်ပါ၍ ရေငွေ့ဖြင့် လှမ်းမှုတ်နေကြသည်။

တစ်ချို့လင်းပိုင်အုပ်စုများသည် ယိုးချောင်းတလျှောက်တွင် ပေါ်လာလိုက်၊ ငုပ်မ်းထိုးလိုက်နှင့် ရေကစားနေကြ၏။ "အွန့် . . အွန့်" နှင့် အော်မြည်နေကြ၏။

မော်တော်၏ ဝန်းကျင်မှာလည်း လင်းပိုင်အုပ်ကို မနည်းမနောမြင်နေရ၏။

ခရီးသည်များသည် မော်တော်၏ဝဲယာမှ လှမ်းကြည့်နေကြ၏။ ယခင်က ယိုးချောင်းထဲသို့ လင်းပိုင်များ ဝင်ဖူးဟန်မရှိ။ ထို့ကြောင့် မိကျောင်းများ ချောင်းတိုင်းတွင် မြောက်မြားစွာရှိနေ၏။

"လင်းပိုင်တွေ ဝင်လာရင်တော့ မိကျောင်းတွေ ပြေးမှာပဲကွ"

ကိုထွန်းအောင်ကျော်က သူ့ထင်မြင်ချက်ကို ပြော၏။

မိကျောင်းကြီးသည် ပြင်လှချောင်းထဲသို့ ဝင်ပြေးပုံရ၏။

"အွန့် . . အွန့် . . " နှင့် လင်းပိုင်တို့၏အော်မြည်သံများကို ကြားနေရ၏။ ပြင်လှရေအိုင်ထဲတွင် လင်းပိုင်များ ရှုပ်ရှက်ခတ်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

မော်တော်သည် ဖြည်းဖြည်းမှန်မှန် ခုတ်မောင်းနေ၏။

"လူသတ်ကောင် မိကျောင်းကြီး သူသေဖို့အလှည့်ကျတော့ ကြောက်လိုက်တာ၊ ပြေးလိုက်တာ တန်းနေတာပဲ . . ."

"တောက် . . ."

"မိကျောင်းကြီးကို လင်းပိုင်တွေ မမိလိုက်တာ နာတယ်ကွ. ."

လူတစ်ယောက်က အားမလိုအားမရပြောသံကို ကြား၏။

လင်းပိုင်အုပ်ကြီးသည် တစ်ချို့ပြင်လှချောင်းဝအိုင်တွင် တဝဲလည်လည် ကျန်နေခဲ့ကြပြီး တစ်ချို့လင်းပိုင်များသည် ယိုးတရုတ်၊ ဝန်းမိရွာအလွန်သို့ပင် ရောက်နေကြသည်ကို တွေ့ရ၏။

ချောင်းကမ်းစပ်တွင် လင်းပိုင်များကို ကြည့်နေကြသော လူအုပ်များကလည်း မနည်းမနော . . ."

"လင်းပိုင်တွေဟာ ရေနစ်တဲ့လူတွေကိုကယ်တယ်လို့ ကြားဖူးတယ်"

လူတစ်ယောက်ကပြောသည်။

"ဟာ . . သိပ်ဟုတ်တာပေါ့၊ ကျုပ်ကိုယ်တွေ့တစ်ခုကို ပြောပြမယ် . . ."

"လွန်ခဲ့တဲ့ ၁၉၆၈ ခုနှစ်၊ ငွေဇင်ယော်မော်တော် ဂစ္စပနဒီမြစ်ထဲမှာ မြုပ်တုန်းကပေါ့ . . ."

ထိုသူက ဤသို့ အစချီသည်။

"မော်တော်တိမ်းမှောက်သွားတယ်ဆိုရင်ပဲ ရေကူးတတ်တဲ့လူတွေက ကမ်းစပ်ကို ကူးပြေးကြတယ်၊ ရေမကူးတတ်တဲ့လူတွေက မြုပ် ကြတာပေါ့ဗျာ၊ အဲဒီအချိန်မှာ လင်းပိုင်တစ်အုပ် ရောက်လာတာပဲ တအွန့်အွန့်နဲ့မြည်ပြီး မြုပ်တုံပေါ်တုံဖြစ်နေတဲ့လူတွေကို ကျောပေါ်မှာ တင်ပြီး ပို့ပေးကြတယ်၊ တစ်ချို့ ကူးနေတဲ့လူတွေနဲ့ ဘေးချင်းယှဉ်ကူးလိုက်နေကြတယ်၊ အစကတော့ ကြောက်ကြတာပေါ့၊ သိဖူး ကြားဖူးနားဝရှိတဲ့လူတွေက အနားကယှဉ်ကူးနေတဲ့ လင်းပိုင်တွေကိုဖက်ပြီး ကမ်းစပ်ကိုရောက်လာခဲ့ကြတယ်၊ သင်္ဘောဝမ်းဗိုက်ထဲမှာ ပိတ်မိနေတဲ့လူတွေပဲ သေကြတယ်၊ ကျန်လူတွေကတော့ လင်းပိုင်တွေကယ်လို့ အသက်ရှင်ခဲ့ကြတယ်၊ ဒါကြောင့် လင်းပိုင်တွေဟာ လူတွေရဲ့ကျေးဇူးရှင်တွေ၊ လူတွေရဲ့မိတ်ဆွေတွေအစစ်ပဲ . . ."

ကျွန်တော်တို့မှာ ထိုလူကြီးစကားကို တအံ့တဩဖြစ်မိကြသည်။ သူကိုယ်တွေ့ဟုပြောသဖြင့် မယုံ၍မရ။ ထိုစဉ် မော်တော်သည် ယိုးတရုတ်ရွာဆိပ်ကမ်းမှာ ကပ်၏။ ခရီးသည်များ မော်တော်က အလျှိုအလျှို ဆင်းသွားကြလေပြီ . . .။

[ ၁၁ ]

ရင်တထိတ်ထိတ် ခုန်နေကြသည်။

ရေပြင်ပေါ်က နီရဲတောက်ပြောင်နေသော မျက်လုံးတစ်စုံသည် ဓာတ်မီးကို စူးစူးစိုက်စိုက်ကြည့်နေသည်။

အောင်ထီသည် ဓာတ်မီးကစားနေ၏။ ကျော်စိန်က မှိန်းကိုတင်းတင်းဆုပ်ကိုင်ကာ လှေပေါ်မှာ မတ်တပ်ရပ်လျက် အဏ္ဏဝါမုဆိုးကြီး လူသတ်ကောင် မိကျောင်းကြီး၏အခြေအနေကို စူးစိုက်၍ကြည့်နေကြသည်။

လှထွန်းက မုဆိုးဒူးဆောက်ပုံစံနှင့်ထိုင်လျက် ငှက်ပျောအင်တိုဖွဲ့ထားကာ အဆင်သင့်စောင့်နေ၏။


www.burmeseclassic.com

www.burmeseclassic.com

"ဒီတစ်ခါတော့ ဓာတ်မီးကို အရမ်းမထိုးနဲ့ ကျော်လှ . . .၊ ကြားရဲ့လား . . ."

ကျော်စိန်က သတိပေးသည်။

မိကျောင်းသည် တဖြည်းဖြည်း ရေပေါ်သို့ ခေါင်းသုံးတောင်ခန့် ပေါ်လာနေ၏။ ကြောက်မက်ဖွယ် ပါးစပ်ကြီးကိုလည်း ဖြဟ၍ထားသည်။

"လှုပ်လာပြီ . . .၊ လှုပ်လာပြီ . . .၊ မီးဝင်နေပြီ . . ."

အောင်ထိက လှိုက်ဖိုသံနှင့်ပြော၏။

လူသတ်ကောင်မိကျောင်းကြီးသည် ရေပေါ်မှာ ခေါင်းသုံးတောင်ခန့်ဖော်ကာ ဓာတ်မီးဆွဲခေါ်ရာသို့ လိုက်လာနေပြီ . . ."

"သတိထားနော် . .၊ အားလုံးသတိထား . .၊ အဆင်သင့်လုပ်ထား . . ."

ကျော်စိန်က သတိပေးပြန်သည်။

မိကျောင်းကြီးသည် တဝေါဝေါနှင့် ရေပန်းရေမွှားများဖြင့် ကူးလာနေ၏။

"ဒီတစ်ခါ မလွတ်စေနဲ့ကွ . . ."

ပြောရင်း အံကြိတ်ထားလိုက်သည်။

"သေတစ်ရက် မွေးတစ်ရက်ပဲ . ."

လှထွန်းက အားနှင့်မာန်နှင့်ပြောသည်။

မိကျောင်းကြီးသည် လှေနှင့် ပေ ၄၀ - ၃၀ - ၂၀ အကွာသို့ တဖြည်းဖြည်း နီး၍ နီး၍လာနေ၏။

သူတို့သည် အသက်ပင်ရှူမိသည်လားမသိ၊ မိကျောင်းကြီးကို စူးစိုက်၍ကြည့်နေကြ၏။



မိကျောင်းကြီးသည်လည်း ဓာတ်မီးကို စူးစိုက်၍ကြည့်နေရင်းက ဆယ်ပေ၊ ခုနစ်ပေ၊ ခြောက်ပေအကွာအဝေးသို့ ရောက်လာနေပြီ။

လူသတ်ကောင် မိကျောင်းကြီးသည် ခြောက်ပေလောက် အကွာအဝေးသို့အရောက်တွင် တန့်နေ၏။

အောင်ထိက မီးကိုဆွဲလိုက်၊ ပြန်စုလိုက်နှင့် ကစားနေ၏။ သူ၏ တစ်ကိုယ်လုံးမှာ ချွေးတွေနှင့် ရွှဲနစ်နေသည်။

သူတို့သည် ယခင်က မိကျောင်း အကြိမ်ကြိမ်ထိုးခဲ့ဖူးကြ၏။ ထိုမိကျောင်းတို့သည် ယခုကဲ့သို့ ရပ်တန့်နေခြင်းမရှိ၊ ဓာတ်မီးဆွဲခေါ်ရာသို့ တစိုက်မတ်မတ်လိုက်ပါလာခဲ့ကာ မီးရောင်ကိုစူးစူးစိုက်စိုက်ကြည့်၍ ဝလှေနံတွင် ပါးစပ်ကြီးကိုဖြဟလျက် ခေါင်းတင်လာသည်။ ချက်ချင်း ပါးစပ်ထဲသို့ ငှက်ပျောပင်ကြီးကို ထိုးသွင်းလိုက်သည်။ ချက်ချင်း "ဘောင်း"ခနဲ ပါးစပ်ကြီးကိုပိတ်သည်နှင့် ကျော်စိန်က မှိန်းနှင့် လည်ဆစ်ကို ထိုးထည့်လိုက်၏။

မိကျောင်းကြီးသည် ချက်ချင်း ရေထဲသို့ခုန်ဆင်းသွားသည်။ မှိန်းကြိုးတစ်ဆုံး ဆွဲပြေးသွား၏။ သူ၏ပါးစပ်ကို ဖွင့်လို့မရတော့ . .။ လှေသည် မိကျောင်းဆွဲခေါ်ရာသို့ မျောပါနေ၏။ တစ်ရက်နှစ်ရက်ခန့်မှာပင် မိကျောင်းကို မိတော့၏။

အခု အဏ္ဏဝါမှဆိုးကြီး လူသတ်ကောင်မိကျောင်းကြီးသည် ခြောက်ပေလောက်အကွာတွင် ရေပေါ်မှာ သုံးတောင်ခန့် ခေါင်းဖော်ကာ မီးကို စူးစူးရဲရဲကြည့်လျက် ရပ်တန့်နေ၏။ ဘယ်လိုမှ ဆွဲခေါ်၍မရ ဖြစ်နေ၏။

လူတွေမှာ ရင်ခုန်နေကြပြီ။

www.burmeseclassic.com

 www.burmeseclassic.com

လူနှင့်မိကျောင်းတို့သည် တစ်ဦးအရိပ်အကဲကို တစ်ဦး အကဲခတ်နေကြ၏။ လူတွေမှာ စကားမင်မပြောရဲကြ။

အောင်ထီသည် အစွမ်းကုန်ကြိုးစား၍ ဆွဲခေါ်နေ၏။ အမှားမခံနိုင်။ သတိမလွတ်နိုင်။ နည်းနည်းလေးသတိလွတ်သည်နှင့် ခံရချေမည်။

မိကျောင်းသည် မမျှော်လင့်ဘဲ ရုတ်တရက် လှေဆီသို့ ပြေးလာနေ၏။

"သတိထား ..."

စကားမဆုံးမီမှာပင် မိကျောင်းကြီးသည် လှေနံကို ပါးစောင်းနှင့် "ဘောင်း"ခနဲရိုက်ချလိုက်၏။

ဓာတ်မီးကိုင်ကာ မတ်တပ်ရပ်နေသော အောင်ထီရော၊ မှိန်းကိုင်ကာ မတ်တပ်ရပ်နေသော ကျော်စိန်ရော ကသောင်းကနင်း လဲကျသွားကြလေ၏။

ကျော်စိန်သည် လဲကျသွားရာမှ ကမန်းကတန်းထကာ မှိန်းကို တင်းတင်းဆုပ်ကိုင်လျက် "အောင်ထီ ...မီးထိုး ...မီးထိုး ..."ဟု အော်ပြောလိုက်၏။

အောင်ထီသည် နောက်သို့ ပက်လက်လန်လဲကျသွားကာ လှေနံနှင့် အုတ်ဆက်ထိမိသွားကာ မထနိုင်တော့ ..."

"အောင်ထီ ...အောင်ထီ ..."

ကျော်စိန်က တကြောက်တလန့် အော်ခေါ်နေ၏။

"ကျော်လှ...၊ ဓာတ်မီးမြန်မြန်ထိုးကွ၊ မခိုင်းရင် ဘာမှမလုပ်ဘူး"

ကျော်စိန် ဒေါပွသွားသည်။



ဓာတ်မီးက လင်းလက်လာ၏။ အဏ္ဏဝါမုဆိုးကြီး လူသတ်ကောင်မိကျောင်းကား မရှိတော့ ...။

"အောင်ထီ ...အောင်ထီ ..."

လှထွန်းရော ကျော်စိန်ပါ ပြိုင်တူအော်ခေါ်ကြသည်။ မိကျောင်းရန်ကြောင့် နောက်သို့ လှည့်မကြည့်ဝံ့ကြသေး။ အောင်ထီ၏အသံကို မကြားရ။ အောင်ထီကို မိကျောင်းကိုက်သွားလေပြီလားဟုပင် ထင်မိလိုက်ကြသည်။

အောင်ထီထူးသံကို မကြားရသဖြင့် မီးကို လှေပေါ်သို့ ကွေ့ထိုးလိုက်သည်။

ဓာတ်မီးအလင်းရောင်အောက်တွင် အောင်ထီသည် ပက်လက်အနေအထားဖြင့် လဲကျနေ၏။

"အောင်ထီ ...အောင်ထီ ... ဘာဖြစ်သွားလဲ ..."

ကျော်စိန်က လှုပ်၍မေး၏။

"ကျွတ် ...ကျွတ် ..."

အောင်ထီ၏ ညည်းသံသဲ့သဲ့ပေါ်လာသည်။

သူတို့သည် မိကျောင်းကြီးကိုလည်း လှေနားဝန်းကျင်တွင် မမြင်ကြရတော့သဖြင့် အောင်ထီကိုပွေ့ကာ လှေဝမ်းမှာ ချထားလိုက်ပြီး လှေလှော်လျက် ရွာသို့ ပြန်လာခဲ့ကြလေသည်။

| ၁၂ |

"တောက် ...၊ မင်းတို့ကွာ ...။"

သူကြီးသည် အားမလို အားမရနှင့် "တောက်"ခေါက်ရင်း အံကြိတ်၍ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရတဲ့အခွင့်အရေးကိုမှ မယူတတ်ဘဲကိုးကွ၊ ခြောက်ပေလောက်မှာ မိကျောင်းကြီးက ရပ်တန့်နေပြီဆိုကတည်းက ဒီအကောင် ရန်လုပ်တော့မယ်လို့ မင်းတို့ မစဉ်းစားဘူးလား . . ၊ ကိုယ်က လက်ဦးမှုရယူရတော့မှာပေါ့ . . ၊ ခုတော့ကွာ မသေကောင်း မပျောက်ကောင်း . ."

"ဒီကောင်က အင်မတန်ရဲတင်းတယ်၊ အတွေ့အကြုံများတယ်၊ ဒါကို လူတိုင်းသိတယ် . . ၊ ဒီ လူသတ်ကောင်နဲ့ ရင်ဆိုင်တဲ့အခါ သတိ တစ်ချက်လွတ်သွားတာနဲ့ ခံရမှာပဲ . . ."

ဦးလေးအေးဦးကလည်း ဝင်ပြောသည်။

"အောင်ထိ အခု ဘယ်လိုနေသေးလဲ . . ."

"အုတ်ဆက်နဲ့ လှေနံ့ထိသွားတာ၊ အုတ်ဆက်မကွဲတာ ကံကောင်းပေ့ါ . . ၊ အခုတော့ ခေါင်းမူး မူးနေတယ်ပြောတယ်"

ကျော်စိန်က ပြောပြ၏။

"အဲဒီတော့ . . . မင်းတို့ ဘယ်လိုလုပ်ကြမှာလဲ . . ."

သူကြီးကမေး၏။

အခန်းသည် တိတ်ဆိတ်နေ၏။

"ဘာလုပ်ရမှာလဲ၊ ဒီမိကျောင်းကြီးကို ဖမ်းမပေးနိုင်ဘူး၊ သတ်မပေးနိုင်ဘူးဆိုရင် သူတို့ယူထားတဲ့ငွေငါးထောင်ကို ပြန်ပေးကြပေ့ါ"

ဦးဘစိန်က ဝင်၍ပြော၏။

ကျော်စိန်တို့ ခေါင်းငုံ့နေကြသည်။ သူကြီးက ကျွန်တော့်မျက်နှာကို လှမ်းကြည့်သည်။

"ကိုကျော်စိန်တို့က ဒီမိကျောင်းကြီးကို သတ်ပေးဖို့ကိစ္စ ဆက်ပြီး မလုပ်နိုင်ကြတော့ဘူးလား . . ."

ကျွန်တော် လှမ်းမေးလိုက်သည်။



"ကျွန်တော်တို့ ငါးကြိမ်ငါးခါ ကြိုးစားပမ်းစား အသက်နဲ့လဲပြီး သတ်ဖို့ကြိုးစားခဲ့ကြတာ အားလုံးအသိပါပဲ။ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး၊ ပြီးခဲ့တဲ့ညဉ့်တုန်းက ကျွန်တော်တို့နဲ့ မိကျောင်းကြီး အကြိတ်အနယ် တိုက်ခိုက်ခဲ့ရတယ်၊ ကျွန်တော်တို့အဖွဲ့မှာ အမိက ဓာတ်မီးကျွမ်းကျင်တဲ့အောင်ထိ လဲကျသွားပြီး လှေနံနဲ့အုတ်ဆက်ထိမိသွားလို့ မသေတာကံကောင်းလို့ဆိုရမယ်၊ ဒါကြောင့် လောလောဆယ် ဆက်ပြီး မလုပ်နိုင်သေးတာအမှန်ပဲ၊ သူနေကောင်းသွားရင် ကျွန်တော်တို့ ထပ်ကြိုးစားချင်တယ်"

"ကျွန်တော်တို့ မိကျောင်းဖမ်းတဲ့အဖွဲ့ဟာ မိကျောင်းကြီး တော်တော်များများကို ဖမ်းဆီးခဲ့ကြတယ်၊ သတ်ဖြတ်ခဲ့ကြတယ်၊ ဒီမိကျောင်းကြီးနဲ့တွေ့တော့မှ အကြီးအကျယ်သိက္ခာကျရတဲ့အခြေအနေရောက်နေတယ်၊ ဒါကို လုံးဝမကျေနပ်ဘူး၊ ဒါကြောင့် ရွာက ငွေကြေးပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ မရ-အရသတ်ဖို့ ဆုံးဖြတ်ထားတယ် . . ."

ကျော်စိန်က သူတို့အတွေ့အကြုံနှင့် အဆုံးအဖြတ်ကို ပြောနေ၏။

"ကိုကျော်စိန်တို့ဟာ ပင်ပန်းခံလို့ အသက်နဲ့လဲပြီး ကြိုးပမ်းခဲ့တယ်ဆိုတာကို ကျွန်တော်တို့ နားလည်ပါတယ်၊ ယုံကြည်ပါတယ်၊ ဆက်ပြီး တာဝန်ပေးဖို့ မပေးဖို့ကတော့ ရွာသားတွေရဲ့သဘောပါပဲ၊ ကျွန်တော်ထုတ်ပေးထားတဲ့ ငွေငါးထောင်ကိုတော့ ပြန်ပေးဖို့မလိုဘူး၊ ပြန်မပေးပါနဲ့ . . ."

ကျွန်တော်ပြောပြလိုက်သောအခါ ကိုကျော်စိန်က "ကျေးဇူးတင်ပါတယ် . . ."ဟု ပြော၏။ အခြားသူများကလည်း ကျေးဇူးတင်သော မျက်ဝန်းများနှင့် လှမ်းကြည့်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို ဘယ်လောက်ကြာအောင် အချိန်ပေးရမှာလဲ . . . ဒီမိကျောင်းကြီးဟာ တစ်ချောင်းလုံး၊ တစ်နယ်လုံးကလူတွေကို အကြီးအကျယ် ဒုက္ခပေးနေတယ်၊ တစ်ရက်ကြာရင် တစ်ရက်အတွက် နေ့စဉ်စိုးရိမ်နေကြရတယ်၊ ဒါကြောင့် မြန်မြန်သတ်နိုင်ရင် မြန်မြန်အေးချမ်းမယ်၊ ဒီကောင်ရှိနေသမျှ နေ့စဉ် လူတွေ ကြောက်လန့်နေကြရမှာပဲ"

ဦးဘစိန်က သူ့အမြင်၊ သူ့ခံစားချက်ကို ပြောနေ၏။

"အခုတိုင်းဆိုရင်တော့ ကျော်စိန်တို့အဖွဲ့အနေနဲ့ ဒီမိကျောင်းကြီးကိုဖမ်းဖို့၊ သတ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူးလို့မြင်တယ်၊ သူတို့အကြိမ်ကြိမ် တွေ့ခဲ့၊ တိုက်ခဲ့ကြပေမယ့် မသတ်နိုင်ခဲ့ဘူးလေ၊ ဒါကြောင့် တခြားနည်းလမ်းကို စဉ်းစားသင့်တယ်လို့ထင်တယ် . . ."

ဦးဘသိန်းက သူ့အမြင်ကိုတင်ပြ၏။

ဤ လူသတ်ကောင် မိကျောင်းကြီးပြဿနာသည် လူတွေကို အမြဲခြောက်လှန့်နေသလို လူကြီးတွေကိုလည်း ခေါင်းခဲစေသော ပြဿနာ ဖြစ်နေလေသည်။

"ဒီမိကျောင်းဟာ နတ်မိကျောင်း၊ လူယောင်ဆောင်နိုင်တဲ့ မိကျောင်းဆိုတာ ဟုတ်မှား ဟုတ်နေသလား . . ."

လူတစ်ယောက်က စိုးရိမ်စကားပြောလာပြန်၏။

မိကျောင်းကြီးကို သေနတ်နှင့်ပစ်၍လည်း မသေ၊ မိကျောင်းဖမ်းအဖွဲ့တွေကလည်း မဖမ်းနိုင်ဖြစ်နေသောအခါ နယ်သူနယ်သားများမှာ ဥပါဒါန် အစွဲအလမ်းက ပို၍ကြီးလာနေ၏။

ကြာလျှင် ဥပါဒါန်ကြောင့် ဥပါဒ်ဖြစ်တော့မယ်ထင်၏။ အနေထဲမှာ လိုင်စင်ခံထားသောသေနတ်က ကျမလာသေးသဖြင့် ကျွန်တော်လည်း အားမလိုအားမရ ဖြစ်နေရသည်။



"နတ်မိကျောင်း၊ ဦးခေါင်းသုံးတောင်ရှိလို့ လူယောင်ဆောင်နိုင်တယ်ဆိုတာတွေဟာ မဟုတ်ပါဘူး . . ၊ ဒါတွေဟာ ဘယ်တုန်းကမှ မရှိခဲ့တဲ့ ကောလဟာလတွေ၊ အစွဲအလမ်းဟောင်းတွေပါ၊ ဒါတွေကို မယုံကြပါနဲ့၊ မိကျောင်းဟာ မိကျောင်းပါပဲ၊ မိကျောင်းက လူမဖြစ်နိုင်ပါဘူး၊ ကျုပ်တို့ လက်တွေ့ကြုံနေ၊ တွေ့နေရတာပဲ၊ အေး - တစ်ခုပဲ ပြောစရာရှိတယ်၊ မိကျောင်းထဲမှာတော့ အရဲရင့်ဆုံးနဲ့ အပါးနပ်ဆုံး မိကျောင်းပဲ"

ကျော်စိန်က သူတို့အတွေ့အကြုံနှင့် ဖြေသိမ့်စကားပြော၏။

"မိကျောင်းဟာ မိကျောင်းပဲဆိုရင် တခြားမိကျောင်းတွေကို မင်းတို့သတ်နိုင်ခဲ့ကြတယ်၊ ဖမ်းနိုင်ခဲ့ကြတယ်၊ ဒီမိကျောင်းကြီးကို ဘာလို့ မသတ်နိုင်တာလဲ၊ မဖမ်းနိုင်တာလဲ . . ."

လူကြီးတစ်ယောက်က စောဒကတက်ပြန်၏။ သူ့အနေမှာ တကယ်နတ်မိကျောင်းလားဟု မရှင်းမလင်းဖြစ်နေပုံရသည်။

"ဒီမိကျောင်းဟာ ရဲရင့်သလို အတွေ့အကြုံကြောင့် လူတွေရဲ့ အကြံဉာဏ်ကို ကြိုသိနေသလိုပဲ၊ ဒါကို အကြိမ်ကြိမ် ကျုပ်ပြောခဲ့ပြီ၊ ဒါကြောင့် သူ့ကိုသတ်ဖြတ်ရတာ တခြားမိကျောင်းတွေလို မလွယ်ဘူးလေ . . . ၊ ဒါပေမယ့် ကျုပ်တို့မှိန်းအောက်မှာ တစ်နေ့ ဒီမိကျောင်း အသက်ကိုပျောက်စေရမယ်၊ ရွာက ငွေပေးပေး၊ မပေးပေး၊ အောင်ထီ နေကောင်းသွားတာနဲ့ ကျွန်တော်တို့ ဒီမိကျောင်းကို သတ်နိုင်အောင်ကို ဆက်ကြိုးစားကြမှာပါ"

ကျော်စိန်က ဒေါနှင့်မောနှင့် ပြောပြန်၏။

"မင်းတို့က ပြောလိုက်ရင်တော့ မိုးပဲ၊ မိကျောင်းကြီးနဲ့တွေ့လို့ မသေမပျောက်တာ ကံကောင်းမှတ်၊ မိကျောင်းကြီးပါးစောင်နဲ့ရိုက်

www.burmeseclassic.com

www.burmeseclassic.com

လိုက်လို့ လေ့မှောက်သွားရင် အကုန်သေကုန်မှာပဲ. .၊ အခု အောင်ထီ သာ ရေထဲကျသွားရင် မိကျောင်းကြီးအစာဖြစ်သွားမှာပဲ၊ မင်းတို့ စဉ်းစားကြည့်စမ်း၊ မီးဝင်နေတဲ့မိကျောင်းတစ်ကောင်ဟာ လှေကို ပါးစောင်နဲ့ ရိုက်တယ်ဆိုတာ တို့ တစ်ခါမှမကြားဖူးဘူးကွ . . . "

လူကြီးက မခံချိ မခံသာနှင့် ထပ်ပြောပြန်၏။

"အဲဒါကြောင့် ဒီမိကျောင်းကြီးဟာ လူ့အထာကို အတွေ့အကြုံ အရ သိနေပါတယ်လို့ ပြောပြီးပြီပဲဗျာ . . . "

ကျော်စိန်က ထပ်၍ပြောပြန်သည်။

"လူတွေရဲ့အထာကို သိနေတယ်ဆိုတာ နတ်မိကျောင်းဖြစ်လို့ ပေါ့ကွ . . . "

"မင်းတို့ အဲသလို ထင်ရာမြင်ရာ ပြောမနေကြနဲ့တော့ . . .၊ တို့ ရှေ့ဆက် ဘယ်လိုလုပ်ကြမလဲ . . .၊ ဒီမိကျောင်းကို မရ-ရအောင် တော့ တစ်နည်းနည်းနဲ့ ကြံဆောင်ကြရမှာပဲ၊ နည်းလမ်းရှာရမှာပဲ"

သူကြီးက သူတစ်မျိုး ငါတစ်ဖုံ ပြောနေသူတို့ကို ဝင်ထိန်း လိုက်၏။

"အခု ကျော်စိန်တို့ မိကျောင်းဖမ်းအဖွဲ့ကလည်း လောလော ဆယ် ဘာမှ မတတ်နိုင်သေးဘူးဆိုတော့ . . . တောက်ဆုံရွာက မောင်လှစိန်တို့အဖွဲ့ကိုခေါ်ပြီး ဖမ်းခိုင်းရင် မကောင်းဘူးလား၊ သူတို့က မိကျောင်းကြီးကို ရှာနေဖို့မလိုဘူးတဲ့၊ မိကျောင်းကြီးက သူ့အလိုလိုလာ ပြီး အသေခံရမယ်တဲ့၊ ဟိုတစ်ပတ်က အစည်းအဝေးမှာ ပြောသွားတာ အားလုံးမှတ်မိနေကြမှာပဲ . . . "

ဦးဘသိန်းက သူ့အမြင်ကိုပြော၏။



"မိကျောင်းကို ရှာဖို့မလိုဘူး၊ မိကျောင်းကြီးက သူ့အလို အလျောက် လာပြီးအသေခံစေရမယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး . . .၊ လိုက်ရှာပြီး မျက်နှာချင်းဆိုင်တိုက်ကြ၊ သတ်ကြတာတောင် မသေတဲ့ အပြင် လူတွေကိုတောင် အန္တရာယ်ပေးသွားတာ အားလုံးအသိပဲ၊ ဒီ ကောင်တွေပြောတိုင်း မယုံကြပါနဲ့ . . .၊ စဉ်းစဉ်းစားစားလည်း လုပ် ကြပါဗျာ . . . "

ဦးဘစိန်က ချင့်ချင့်ချိန်ချိန်နှင့်ပြော၏။

"ဒီမိကျောင်းကြီးကို သတ်ကိုသတ်ရမယ်၊ မရရင် ရတဲ့နည်းနဲ့ ကို သတ်ကြရလိမ့်မယ်၊ ကျုပ်တို့မှာ ဒီမိကျောင်းကိစ္စနဲ့ပဲ ရပ်စုရွာခေါ် အလုပ်ပျက် အကိုင်ပျက် ပြောနေ ဆိုနေကြရတယ်၊ အဲဒီတော့ နည်း မျိုးစုံနဲ့ သတ်နိုင် ဖမ်းနိုင်အောင် ကြိုးစားကြရမှာပဲ၊ ထောင်ချောက်နဲ့ ဖမ်းနိုင်ရင် ထောင်ချောက်နဲ့ဖမ်း၊ မှိန်းနဲ့ထိုးသတ်မယ့်အဖွဲ့ကလည်း မှိန်းနဲ့ထိုးကြပေါ့၊ ဒီမိကျောင်းသေဖို့က အဓိကပဲ . . . "

ဦးစောဦးက ဝင်၍ပြော၏။

"ကျော်စိန်တို့ မိကျောင်းသတ်မယ့်အဖွဲ့ကို နှစ်သောင်းခွဲပေး ထားပြီး နောက်မိကျောင်းဖမ်းမယ့်အဖွဲ့ကိုလည်း နှစ်သောင်းခွဲပေးရ မယ်ဆိုတော့ ငွေကြေးတတ်နိုင်မှာလား . . . "

ဦးလှဖော်ဆိုသူက ဝင်ပြောပြန်၏။

"ဒီလိုမဟုတ်ဘူး ဦးလှဖော်၊ ဘယ်အဖွဲ့ကသတ်သတ်၊ သတ်နိုင် တဲ့အဖွဲ့ကို နှစ်သောင်းခွဲပေးမှာ၊ မသတ်နိုင်တဲ့အဖွဲ့ကို မပေးဘူး . . . "

သူကြီးက ယတိပြတ်ပြောလိုက်သည်။

"အဲဒီတော့ တောက်ဆုံရွာက လှစိန်တို့အဖွဲ့ကိုခေါ်ပြီး ဆွေးနွေးတိုင်ပင်ကြည့်ကြရင် ပိုမကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးအေးဦးက ဝင်ပြော၏။

"ကောင်းတယ်၊ အပြိုင်အဆိုင်ချရမှာပေါ့ . . .၊ ကျော်စိန်တို့ရဲ့ မှိန်းအောက်မှာပဲ မိကျောင်းကြီးသေမလား၊ ထောင်ချောက်သမား လှစိန်တို့ကပဲ မိကျောင်းကိုမိမှာလားဆိုတာ စောင့်ကြည့်ကြရမှာပေါ့"

ဦးဘသိန်းက အားရပါးရပြော၏။

"စောင့်ကြည့်ကြပေါ့ဗျာ . . .၊ ကျုပ်တို့ မှိန်းအောက်မှာပဲ မိကျောင်းကြီး အသက်ပျောက်မလား၊ ထောင်ချောက်မှာပဲ မိကျောင်း မိမလား . . .၊ မျက်လုံးဒေါက်ထောက်ကြည့်ကြပေါ့ . . ."

ကျော်စိန်က ထောင်ချောက်သမား လှစိန်တို့အဖွဲ့ကို ငေါ်ငေါ် တော့တော့နှင့်ပြော၏။

"ဒီလူသတ်ကောင်ကိုမိမှ နတ်မိကျောင်းလား၊ လူယောင်ဆောင် နိုင်တယ်ဆိုတာ တကယ်ပဲလားဆိုတာ သိရမှာပေါ့ . . ."

ဦးအောင်လှက ယခုထိ အစွဲအလမ်းစကားကို ဆိုနေသေး၏။

လူသားစားမိကျောင်းကြီးကို ကျော်စိန်တို့ မှိန်းသမားအဖွဲ့က သတ်နိုင်မည်လား . . .၊ လှစိန်တို့ ထောင်ချောက်အဖွဲ့ကပဲ ဖမ်းနိုင် မည်လား . . . ဆိုသည်ကိုတော့ ယခုအချိန်မှာ တပ်အပ်သေချာ မည်သူမျှ မပြောနိုင်ကြသေးပေ။ အကယ်၍ အများထင်ထားကြသည့် နတ်မိကျောင်းဖြစ်ခဲ့လျှင်၊ လူယောင်ဆောင်နိုင်ခဲ့လျှင် . . . ဆတ်နွဲ မတွေးဝံ့အောင်ပင် ရွာလူကြီးတွေမှာ စိတ်ညစ် ခေါင်းခဲနေကြသည် မည်သို့ဖြစ်စေ၊ ထောင်ချောက်သမားအဖွဲ့ကိုလည်း အလုပ်အပ်သည် သဘော သူကြီးက သူပြောလိုက်မည်ဟုဆိုသဖြင့် မိကျောင်းအစည်း အဝေးကြီး ပြီးသွားပြန်သည်။



| ၁၃ |

"ဘာ . . . မျောက်ကို ပန်းပန်ရမယ်၊ သနပ်ခါးလူးရမယ်၊ နှုတ်ခမ်းနီဆိုးရမယ် . . ."

ကျွန်တော် တအံ့တဩမေးလိုက်မိသည်။

"ဟုတ်တယ် . . .၊ မျောက်ကိုပန်းပန်ပေးရမယ်၊ သနပ်ခါးလူးရ မယ်၊ နှုတ်ခမ်းနီဆိုးရမယ်၊ အဲဒီမျောက်ကို ထောင်ချောက်ထဲမှာ ထည့် ထားရမယ် . . .၊ အဲဒီလိုလုပ်ထားတော့ မိကျောင်းကြီး ချက်ချင်း လိုက်လာလိမ့်မယ် . . ."

ထောင်ချောက်နှင့်ဖမ်းဆီးရေးအဖွဲ့ခေါင်းဆောင် လှစိန်က တစ်လုံးချင်း ပီပီသသ ပြောနေ၏။

ကျွန်တော် နားကြားမလွဲပါ။ သို့သော် လှစိန်စကားကို မရှင်း မလင်းဖြစ်နေမိသည်။

"ဒါ ဘယ်လိုသဘောလဲ . . ."

သူကြီးကလည်း နားမရှင်းသဖြင့် မေး၏။ ကျန်လူများက "ဝေါ . . ."ခနဲ ရယ်ကြသည်။

"နတ်တိုက်တယ်ဆိုလား . . ."

ဟု ဦးဘသိန်းက ဝင်မေးပြန်၏။

"ကျုပ်တို့ဒေသမှာ မိကျောင်းထောင်ဖမ်းတဲ့လူတွေဟာ ဘိုးစဉ် ဆောင်ဆက်ကတည်းက ဒီလိုပဲ အစဉ်အလာလုပ်လာကြတာပါ"

လှစိန်က ဒေသထုံးတမ်းဓလေ့ဖြစ်ကြောင်း ပြော၏။

မျောက်ကို အသေမသတ်ရ၊ မျောက်အရှင်ဖြစ်ရမည်။ မျောက် အလေးမဖြစ်ရ၊ မျောက်ကြီးဖြစ်ရမည်ဟု သူ့အစဉ်အလာကို တင်ပြနေ ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အားနဲ့ကန်ကန် တို့ထောင်ချောက်ထဲက ဘယ်လိုမှ မလွတ်နိုင်ဘူး"

မိကျောင်းအဖွဲ့ခေါင်းဆောင် လှစိန်က သူ့ထောင်ချောက်၏ စိတ်ချရပုံကို သူ့အဖွဲ့သားများအား အာပေါင်အာရင်းသန်သန်နှင့် ကျုံးဝါးပြောပြနေသည်။

"မျောက်ဆိုတာ အငြိမ်နေတတ်တဲ့သတ္တဝါမဟုတ်တော့ ခုလို ချည်နှောင်ထားခံရတဲ့အခါ ခုန်နေမယ်၊ အော်နေမယ်၊ ညည်းနေမယ်၊ ကြောက်လည်းကြောက်ဆိုတော့ ပိုအော်တော့မှာပေါ့၊ ဒီနားတဝိုက်ကို ရောက်လာတဲ့ ဘယ်မိကျောင်းပဲဖြစ်ဖြစ် မျောက်အော်သံ ညည်းသံ ကြားရင် ချက်ချင်းပြေးလိုက်လာလိမ့်မယ်၊ မျောက်ကိုမြင်လို့ ကိုက်ဖို့ ဝင်တာနဲ့ ဒင်းသေပြီသာမှတ်"

ကိုလှစိန်က စိတ်ပါလက်ပါ ပြောပြ၏။

ထိုထောင်ချောက်မျိုးကို လှစိန်တို့အဖွဲ့က ပြင်လှချောင်း၏ မြောက်ဘက်၊ ဝမ်းတီရွာဘက်ကမ်းစပ်မှာလည်း တစ်ခုထောင်ထားသေး၏။ ထောင်ချောက်ထဲထည့်ပြီး သံကြိုးချည်နှောင်လိုက်သည်နှင့် မျောက်အော်သံများက ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံ၍နေ၏။ မျောက်ခမျာမှာ ယခုနေ သူအလွန်ကြိုက်သော သူ့ရှေ့က ငှက်ပျောသီးဖီးကိုပင် ကောက်မစားဝံ့ ဖြစ်နေသည်။ လှစိန်တို့အဖွဲ့သည် ထောင်ချောက်၏မောင်းခလုတ်ကို အကြိမ်ကြိမ်စမ်းသပ်ပြီး စိတ်ချရတော့မှ ခလုတ်မောင်းတင်ကာ ထားခဲ့ကြပြီး မနီးမဝေးမှ စောင့်၍ ကြည့်နေကြ၏။

"ကွိ .. ကွိ .. ကွ .. ကွ .. "အော်မြည်နေသော မျောက်အော်သံက တစ်ညဉ့်လုံး ချောင်းနားဝန်းကျင်၌ ဆူညံ၍နေသည်။



မျောက်ဘယ်လောက်ပင်အော်နေသော်လည်း မိကျောင်း၏ အရိပ်အယောင်ကိုကား မမြင်ကြရသေး . . .။

သူတို့သည် ဓားများ၊ လှံများကို တဲအတွင်း အဆင်သင့်ထားကာ အလှည့်ကျကင်းစောင့်၍ တစ်ညဉ့်လုံး နေကြလေသည်။

"ဒီလူသတ်ကောင် မိကျောင်းကြီးဟာ ဟိုလူတွေပြောတဲ့ ဂန္ဓပနဒီမြစ် အရှေ့ဘက်သဲသောင်မှာ သွားအိပ်နေမှာပေါ့ကွ . . .၊ မနက်အိပ်ရာထ နိုးလာရင် ဗိုက်ဆာဆာနဲ့ ယိုးချောင်းထဲဝင်လာမယ်၊ တို့ထောင်ချောက်ထဲက မျောက်အော်သံကိုလည်းကြားရော . . ."

လှစိန်က မိကျောင်းစောင့်တဲထဲမှာ အားရပါးရပြောနေ၏။

"ဟာ . . .၊ သိပ်သေချာတာပေါ့ဗျာ၊ စောင့်သာကြည့်၊ သိပ်မကြာဘူး၊ ဒီမိကျောင်းကြီး ရောက်လာမှာပဲ . . ."

အရှေ့ဘက်မိုးကုတ်စက်ဝန်းတွင် ဖြူ၊ နီ၊ ညိုပြာ၊ ရောင်စုံရောယှက်လျက် အလင်းသစ်သည် အပြုံးမျက်နှာဖြင့် နိုးထလာနေချေပြီ။

ဟိုရွာ. . . သည်ရွာတို့မှ ကြက်ဖတွန်သံများကို ကြားလာရ၏။

အလင်းသစ်နှင့်အတူ ခွန်အားသစ်များသည် သူတို့ကိုယ်သို့ ပြေးဝင်လာနေ၏။

"တွေ့ကြသေးတာပေါ့ကွာ . . .၊ မင်းက လူသတ်ကောင် အဏ္ဏဝါမုဆိုး၊ ငါတို့က မိကျောင်းသတ်တဲ့ လူမုဆိုး . . ."

လှစိန် စိတ်ထဲကကြုံးဝါးရင်း ယိုးချောင်းရေပြင်ကို မျှော်လင့်ချက်အပြည့်အဝနှင့် လှမ်း၍ကြည့်နေသည်။

နေဝန်းသည် တဖြည်းဖြည်းမြင့်တက်လာနေ၏။ ဒီရေသည်လည်း နေဝန်းနှင့်အတူ တဖြည်းဖြည်းမြင့်တက်၍လာသည်။ မိကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးအခြေအနေကို ယခုထိ လှစိန်တို့အဖွဲ့က မမြင်ကြရသေး။ ပတ်ဝန်းကျင်မှာ မျောက်အော်သံ၊ မျောက်ညည်းသံများနှင့် ဆူညံနေသည်။

* * *

မနက်ရှစ်နာရီခွဲတွင် ဒီရေကျသွားသောအခါ ကျွန်တော်တို့ မော်တော်သည် ယိုးချောင်းအတွင်း စုန်ဆင်းလာ၏။ ဆားင်ရွာဆိပ်၌ စောင့်ဆိုင်းနေကြသော ခရီးသည်များကိုတင်သည်။ ထို့နောက် သပုန်ရွာဆိပ်ကမ်းသို့ ဆက်မောင်းလာ၏။ ထိုစဉ် -

ယိုးချောင်းရေလယ်တွင် ဓနိခိုင်တစ်ခိုင် မျောပါလာနေသလို အရာဝတ္ထုတစ်ခုသည် ရေကိုဆန်၍ ထူးထူးဆန်းဆန်း တက်လာနေသည်ကို လှမ်းမြင်ရသည်။

"ဟာ . . . မိကျောင်းကြီးပဲ"

ကျွန်တော် အံ့ဩတကြီး ရေရွတ်လိုက်မိသည်။

လက်မှာဆုပ်ကိုင်ထားသော သေနတ်နှင့် မိကျောင်းမြင်ရာ မော်တော်ရှေ့ ချက်ချင်းချိန်ရွယ်ထားလိုက်၏။

ကျွန်တော်၏ ဏှုပ်တစ်ပြက်လှုပ်ရှားမှုကို မြင်လိုက်ရသော ခရီး သည် ကိုကျော်စိန်ဦးက -

"ကိုဆွေ ဘာလဲဗျ"

ဟုမေးရင်း ကျွန်တော့်ဘေးနား ရောက်လာသည်။ ကျွန်တော့်ဘေးနားလာရပ်ရင်း သူလည်း မိကျောင်းကြီးကို လှမ်းမြင်သွားကာ-

"ဟင် - ကိုဆွေ၊ မိကျောင်းကြီးပါလားဗျ"

ဟု အထိတ်တလန့် ပြောလာပြန်သည်။ မိကျောင်းကြီးကို ပစ်ကွင်းမှန်ချိန်နေရသဖြင့် ကျွန်တော်က တုံးတုံးပြတ်ပြတ်ပင် ပြောလိုက်ရသည်။



"ဟုတ်တယ်၊ မိကျောင်းကြီး"

ထိုအချိန်တွင် မော်တော်ပေါ်ပါလာကြသော ခရီးသည်များကလည်း ရုတ်ရုတ်သဲသဲနှင့် သူဦးငါဦး ပြေးထကြည့်ကြကာ တစ်ယောက် တစ်ပေါက် ပြောဆိုဆူညံနေသည်။

"ကို ကိုဆွေ၊ ပစ်လေဗျာ"

ကိုကျော်စိန်ဦးက "ပစ်လေဗျာ" ဟုပြောလိုက်ကာမှ ကျွန်တော်က ချိန်ရွယ်နေသော သေနတ်ပြောင်းကို အောက်သို့နှိမ့်ချပစ်လိုက်ရာ ကိုကျော်စိန်ဦးမှာ နားမလည်သလိုဖြစ်သွားပြီး ကျွန်တော့်ကို ငေးကြည့်နေပြန်သည်။

"ကျွန်တော် ပစ်လို့မဖြစ်ဘူးဗျ၊ ဒီမိကျောင်းကြီးကို မောင်လှစိန်တို့အဖွဲ့က ဟိုသောင်ပြင်မှာ ထောင်ချောက်ထောင်ထားကြတယ်ပြောတယ်၊ ကျွန်တော် ဒီသေနတ်နဲ့ ဒီမိကျောင်းကို တစ်ခါနှစ်ခါ ပစ်ပြီးပြီ၊ ကုတ်ချိုးသေနတ်ကျည်လောက်ကို ဒီမိကျောင်းက မှုတာမဟုတ်ဘူး၊ ကျွန်တော်ပစ်လိုက်လို့ မထိရောက်ရင် ဒီကောင်ပြန်လှည့်သွားလို့ မောင်လှစိန်တို့ ထောင်ချောက်ထဲမရောက်ဖြစ်သွားမယ်၊ အဲဒါ သတိရလိုက်လို့ ကျွန်တော် မပစ်မိလိုက်တာ တော်သေးတာပေါ့"

"ဟေ . . . ဟုတ်လား"

ထိုအခါမှ ကိုကျော်စိန်ဦးဆီက အသံထွက်လာသည်။

"မိကျောင်းထောင်ချောက်ဆိုတာ တို့တော့ မမြင်ဖူးဘူး၊ ဘယ်လိုထောင်လဲမသိဘူး"

"ငါတို့လည်း မမြင်ဖူးဘူးဟ"

"ဘယ်လိုထောင်ကြလဲမသိဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတစ်ကောင်ကပါ မေးနေသံကြားရသည်။ မိကျောင်းကြီးရှိရာ ရေပြင်ကို လှမ်းကြည့်ပြီး ခရီးသည်များမှာ တစ်ယောက်တစ်ပေါက် အမေးအမြန်းထူနေကြသည်။

ထိုအချိန်မှာပင် မောင်လှစိန်တို့အဖွဲ့ ထောင်ချောက်ထောင်ထားကြသော သောင်ပြင်နှင့် မော်တော် နီးလာသဖြင့် ကျွန်တော်က-

"ဟို - ဟိုမှာလေ၊ မတွေ့ကြဘူးလား"

ဟု လက်ညှိုးညွှန်ပြလိုက်စဉ်မှာပင် ချောင်းကမ်းဘေး သောင်ပြင်တစ်နေရာက မျောက်ကြီး၏ "ကွိ - ကွိ၊ ကု - ကု" အော်သံ ညည်းသံများကို အားလုံး ကြားနေကြရလေပြီ။

ချောင်းကျဉ်းပိုင်းကိုရောက်လာသဖြင့် ကျွန်တော်က မော်တော်ကို သတိထားမောင်းရန် လှမ်းပြောလိုက်ပြီး မိကျောင်းကြီး၏အခြေအနေကို အထူးသတိပြု လှမ်းကြည့်နေရသည်။ မတော်လို့ လှစိန်တို့အဖွဲ့ထောင်ထားသော မျောက်အော်သံကြားရာဘက်မသွားဘဲ မော်တော်ပေါ်ကလူအော်သံများကြောင့် မော်တော်နားကပ်လာလျှင် ခရီးသည်များအားလုံး ရှုန်းရင်းဆန်ခတ်ဖြစ်သွားနိုင်သည်။

သို့သော် မိကျောင်းကြီးသည် ကျွန်တော်တွေးပူနေသလို မော်တော်ဘက်ကိုတော့ လိုက်မလာ။ မျောက်အော်သံ၊ မျောက်ညည်းနေသံကို အတိုင်းသားကြားနေရ၍လားမသိ။ ရေပေါ်တွင် ခေါင်းထောင်ကာ မျောက်အော်သံကြားရာ လှစိန်တို့ထောင်ချောက်ရှိရာသို့သာ တန်းတန်းမတ်မတ် ကူးလိုက်သွားသည်။

စောစောက ထောင်ချောက်ရှိရာ လတာပြင်ပေါ် ကျွန်တော်လက်ညှိုးထိုးပြထားသဖြင့် သိနေကြသူအချို့က



"မိကျောင်းကြီး ထောင်ချောက်ဆီ ပြေးလိုက်သွားပြီ၊ ထောင်ချောက်ဆီ ပြေးလိုက်သွားပြီ၊ ဒီတစ်ခါတော့ သေနေ့စေ့ပြီထင်တယ်"

ဟု အားပါးတရ အော်ဟစ်ပြောဆိုနေကြပြန်သည်။

မော်တော်ကမူ သပုန်ရွာဆိပ်ကမ်းကို ကပ်လိုက်သည်။ သို့သော် သပုန်ရွာက ခရီးသည်များ မော်တော်ပေါ်က ဆင်းမသွားကြသေးဘဲ ထောင်ချောက်ရှိရာဘက် သောင်ပြင်လတာပေါ်ကိုသာ ခရီးမတ်တတ်လှမ်းကြည့်၍ ထင်ကြေးအမျိုးမျိုး ပြောဆိုနေကြပြန်သည်။

မောင်လှစိန်တို့အဖွဲ့ ထောင်ထားကြသော ထောင်ချောက်ရှိရာသောင်ပြင်မှာ မော်တော်ပေါ်က လှမ်းကြည့်လျှင် ပို၍အမြင်ရှင်းသဖြင့် ဆိပ်ကမ်းကပ်ပေးထားသော မော်တော်ပေါ် သပုန်ရွာသားအချို့က ပြေးတက်လာကြပြန်ရာ ကျွန်တော့်မော်တော်ပေါ်မှာ ချက်ချင်းလူပြည့်သွားသည်။

"မော်တော်ဆရာ၊ မော်တော်မထွက်ပါနဲ့ဦး၊ ခဏစောင့်ကြည့်ပါရစေဦးဗျို့ . . ."

မိကျောင်းကြီး လှစိန်တို့ထောင်ချောက်ထဲ မိမိ၊ မမိမိ သိချင်နေကြသော ခရီးသည်များက ဝိုင်းအော်တားဆီးနေကြပြန်ရာ မော်တော်ကို မထွက်ခိုင်းဘဲ ခဏစောင့်ကြည့်နေရပြန်၏။ ခရီးသည်များနည်းတူ ကျွန်တော်တို့ မော်တော်သမားများကလည်း သိချင်နေကြသည်မှာတော့ အမှန်ပင်။

အံ့ဩစရာကောင်းလိုက်သည်မှာ ဤမိကျောင်းကား လူကို လုံးဝမကြောက်မရွံ့ခြင်းပင်။ မော်တော်ပေါ်က ခရီးသည်များ ဤမျှဆူညံနေကြသည်ကို အမှန်ကြားရမည်။ မကြားလျှင်တောင် ရေပေါ်က လှမ်းမြင်နိုင်သည်။ မျောက်အော်သံကိုကြားလျှင် လူအော်သံတွေ

www.burmeseclassic.com

ကိုလည်း ကြားသင့်၏။ သို့သော် လူတွေအော်ဟစ်ပြောဆိုနေကြသံကို လုံးဝလှည့်မကြည့်။ သူ့အစာရှိရာ မျောက်အော်သံဆီသို့သာ တန်းတန်းမတ်မတ် ကူးလိုက်သွားသည်မှာ အံ့ဩစရာ။

ထို့ကြောင့်လည်း ဤမိကျောင်းကို နတ်မိကျောင်းဟု ပြောကြလေသလားမသိ။ ကျွန်တော်သည်ပင် ဤတစ်ခါ စိတ်ထဲ သံသယတွေဝင်လာမိသည်။

"ဟာ . . .၊ ဟို - ဟိုမှာ၊ သောင်ပြင်ပေါ် မိကျောင်းကြီးတွားတက်သွားပြီ၊ သောင်ပြင်ပေါ် တွားတက်သွားပြီ"

လှမ်းကြည့်နေသော သပုန်ရွာသားတစ်ယောက်က အော်လိုက်ပြန်သည်။

မှန်၏။ ရေပြင်ပေါ်ဆန်တက်သွားသော မိကျောင်းကြီးသည် မောင်လှစိန်တို့ ထောင်ချောက်ရှိရာအောက် ရောက်သွားသည်နှင့် ခေါင်းတစ်ချက်ထောင်ကြည့်ကာ မျောက်အော်နေသံကြားရာဆီ သောင်ပြင်ကို လှမ်းကြည့်နေ၏။ ခဏသာငြိမ်နေပြီး မျောက်အော်သံကြားရာ ထောင်ချောက်ဆီ ဆက်တက်သွားသည်။ မော်တော်ပေါ်က လှမ်းကြည့်နေကြသူများမှာ ရင်တထိတ်ထိတ်နှင့်။

မျောက်အော်သံက ပို၍ဆူညံလာသည်။ ထောင်ချောက်ရှိရာ တွားတက်လာသော မိကျောင်းကြီးသည် ဆက်မတက်ဘဲ အထဲက အော်နေသော မျောက်သံနှင့် ထောင်ချောက်ကြီးကို စိုက်ကြည့်ကာ ရပ်နေပြန်သည်။ ထောင်ချောက်နှင့် မိကျောင်းကြီးမှာ လေးငါးလံလောက်သာ ကွာတော့သည်။

မိကျောင်းကြီးသည် လူတွေထောင်ထားသော ထောင်ချောက်ကို စိုက်ကြည့်နေရာက ချက်ချင်း ခေါင်းပြန်လှည့်ကာ ရေထဲပြန်ဆင်



ငုတ်သွားလေသည်။ ငါးမိနစ်မှသည် ဆယ်မိနစ်ခန့်ပင် ကြာသွား၏။ မိကျောင်းကြီးကား ရေထဲက လုံးဝပေါ်မလာတော့။ အံ့ဩပြီးရင်း အံ့ဩရင်းဖြစ်ကာ မော်တော်ပေါ်မှာ ဆူညံလာကြပြန်သည်။

"ကဲ - ကျွန်တော်တို့မှာ ရေတက်ရေကျနဲ့ အချိန်မီဖို့လိုပါတယ်၊ မော်တော်ထွက်တော့မယ်ဗျို့ . . .၊ ခရီးသည်မဟုတ်တဲ့လူတွေ မော်တော်ပေါ်က မြန်မြန်ဆင်းကြပါ၊ ခုတောင် ကျွန်တော်တို့မှာ အချိန်နှောင်းနေပါပြီ၊ ဆင်းကြပါ၊ မော်တော်ပေါ်က ဆင်းကြပါ၊ မိကျောင်းကြီးလည်း ရေထဲက ပေါ်မလာတော့ပါဘူး၊ ဆင်းကြပါ၊ ဆင်းကြပါ"

မိကျောင်းကြည့်သူများကို မော်တော်ပေါ်က မနည်းအော်ဟစ်မောင်းချရသည်။

ကိုထွန်းအောင်ကျော်၏ စကားအဆုံးမှာပင် မော်တော်စက်သံက မြည်ဟည်းလာသည်။ ထိုအချိန်ထိလည်း မိကျောင်းကြီးကား ရေထဲက နောက်ထပ်မပေါ်မလာတော့ပေ။

ကျွန်တော်တို့မော်တော် ပုဏ္ဏားကျွန်းမြို့ရောက်လာသည်ထိ မော်တော်ပေါ်ပါသူ ခရီးသည်များမှာ မိကျောင်းကြီးအကြောင်း ပြောမဆုံးပေါင် တောသုံးထောင် လုပ်လာကြသည်။

ဤမိကျောင်းကို လှစိန်တို့အဖွဲ့က ထောင်ချောက်ဆင်ထားသည်မှာ နှစ်နေရာဖြစ်သဖြင့် စောစောက သပုန်ရွာဘက်က ထောင်ချောက်နားတွင်တော့ လှစိန်တို့ကို အရိပ်အယောင်မျှ မမြင်ခဲ့ကြ။ သူတို့သည် သပုန်ရွာနားက ထောင်ချောက်ထက် သူတို့ရွာနားက ထောင်ချောက်ကို မိကျောင်းကြီး ပိုပြီးလာနိုင်သည်အထင်နှင့် သူတို့ရွာနား ထောင်ချောက်ကို ရောက်နေကြပုံရသည်။ သို့မဟုတ် ထိုသည့် ထောင်ချောက်တွင်မဆို ဤမိကျောင်းသည် ဤတစ်ရက်နှစ်ရက်တွင်

www.burmeseclassic.com

www.burmeseclassic.com



မုချမိရမည်ဟု သူတို့ ယုံကြည်နေကြသဖြင့် အေးအေးလူလူပင် ရွာထဲ ဝင်ပြီး အရက်ဝိုင်းဖွဲ့နေကြတာလည်း ဖြစ်ကောင်းဖြစ်မည်။ သူတို့ကို တွေ့လျှင် ယနေ့ စောစောက သူတို့ထောင်ထားသော သပုန်ရွာနားက မိကျောင်းကြီး၏အခြေအနေကိုတော့ လှစိန်တို့အဖွဲ့ကိုတွေ့လျှင် ပြော ပြမည်ဟု ကျွန်တော် စိတ်တည်းထားသည်။

သို့သော် လှစိန်တို့အဖွဲ့ကို မတွေ့သေး၍ မပြောပြရသေး သော်လည်း ပုဏ္ဏားကျွန်းမြို့ လက်ဖက်ရည်ဆိုင် ထိုင်သည်နှင့် ဤ မိကျောင်းအကြောင်းကိုပင် ကျွန်တော့်အား ဝိုင်းမေးကြပြန်သည်။

"မော်တော်ဆရာ ပြောပါဦး၊ သပုန်ရွာနားက မိကျောင်းထောင် ချောက်နားလာပြီး နတ်မိကျောင်းကြီးက ထောင်ချောက်ထဲမဝင်ဘဲ ပြန် လှည့်သွားတယ်ဆို၊ ဒီမိကျောင်းက ဒါဆို နတ်မိကျောင်းဆိုတာ တကယ်ပေါ့နော်"

"ဒါတော့ ကျွန်တော်မသိဘူး၊ ထောင်ချောက်အောက်နားကို ရောက်ပြီး မျောက်အော်နေသံကိုလည်းကြားရော ရေထဲပြန်ဆင်းငုတ် သွားတာတော့ အမှန်ပဲ၊ ကျွန်တော်တို့မော်တော် ထွက်လာတဲ့အထိ ရေထဲက ပြန်မပေါ်လာတော့ဘူး၊ ခါတိုင်းလို လမ်းမှာလည်း မတွေ့ ခဲ့ဘူး"

"မောင်ဆွေ တို့ကြားတယ်ကွ၊ မိကျောင်းကို မျောက်နဲ့ထောင် တာ ပန်းပန်ပေးရတယ်၊ သနပ်ခါးလိမ်းပေးရတယ်ဆိုကွ၊ ဟုတ်လား"

မြို့သား ဦးကျော်သာထွန်းက မေးပြန်၏။

"ဟုတ်တယ်လေ အခင်ကြီး (ဦးကြီး)၊ မျောက်ကြီးခေါင်းမှာ ပန်းစိမ်းပန်၊ ပါးမှာ သနပ်ခါးလိမ်းထားတဲ့အပြင် နှုတ်ခမ်းနီလည်း ဆိုး ပေးထားရတယ်လို့ မောင်လှစိန်တို့က ပြောတာပဲ"



"မျောက်ကို ပန်းပန်၊ သနပ်ခါးလိမ်း၊ နှုတ်ခမ်းနီဆိုးပေးထား တယ်ဆိုတော့ မျောက်မကြီးဖြစ်မှာပေါ့"

"ဝါး . . . ဟား . . . ဟား . . . ဟီး . . ."

ကာလသားလူငယ်တစ်ယောက်အပြောကို နောက်လူတွေက ဝိုင်းဟားကြသည်။

"ကြုံကြုံဖန်ဖန်ကွာ၊ ဒီကောင်တွေ မျောက်ကို အဲသလို မဟုတ် တရုတ်လုပ်ကြတာနဲ့ မြစ်စည်း၊ ချောင်းစည်းပေါက်ပြီး ဒီမိကျောင်း ခုဆို လူကိုချည်းကိုက်နေတာဖြစ်မယ်၊ စောစောက မောင်ဆွေပြော သလို မျောက်အော်သံကို ကြားရက်သားနဲ့ တက်မကိုက်ဘဲ ပြန်လှည့် သွားတယ်ဆိုတာ မျောက်သားလောက်ကို ဒီမိကျောင်းကြီးက မစား ချင်တော့လို့ဖြစ်မယ်၊ လူသားကိုပဲ . . ."

"မဟုတ်ဘူးဗျ၊ တစ်နေ့က မောင်လှစိန်တို့အဖွဲ့ ဒီမှာ လက်ဖက် ရည်လာသောက်ကြလို့ ကျပ်မေးကြည့်တော့ မောင်လှစိန်က နတ် မိကျောင်းမို့ ဒီလိုပဲ မျောက်ကိုပန်းစိမ်းပန်၊ သနပ်ခါးလိမ်း၊ နှုတ်ခမ်းနီ ဆိုးပြီး နတ်တိုက်ရတယ်ဆိုပါလား"

လက်ဖက်ရည်ဆိုင်ရှင်ကပါ ဝင်ပါလာပြန်၏။

"အေး - နော်၊ မိကျောင်းကြီးဟာ ထောင်ချောက်ဆိုတာ သူ့ အတွေ့အကြုံအရ သိလို့ ပြန်လှည့်သွားတာကော မဖြစ်နိုင်ဘူးလား"

"ဒါတော့ မင်း မိကျောင်းကြီးကို သွားမေးကြည့်ပေါ့ကွာ"

"ဝါး . . . ဟား . . . ဟား . . ."

လူငယ်များက သရော်သံနှင့် ဝိုင်းဟားကြပြန်သည်။

"ဒီလူသတ်ကောင်ကြီး ထောင်ချောက်မြန်မြန်မိပါစေတော်"

မိန်းမကြီးတစ်ယောက်၏ မေတ္တာပို့သံ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . ဟုတ်တယ် . . .၊ ဒီလူသတ်ကောင် မိကျောင်းကြီး သေမှအေးမှာ . . ."

ခရီးသည်တစ်ယောက်က ပြောပြန်၏။

ဤမိကျောင်းကြီးသည် ယိုးချောင်းဝန်းကျင်ရှိ လူတိုင်းလိုလိုကို ခြောက်လှန့်နေ၏။ လူတစ်ယောက်နှစ်ယောက်ကို သတ်ခဲ့ချေပြီ။ လူသုံးယောက်ကို ပေါင်ကျိုး လက်ကျိုး ဘဝဆိုးရောက်သွားအောင် လုပ်ခဲ့ချေပြီ။ သည်အတွက် လူတွေက သူ့ကို မုန်းတီးနေကြသည်။ သေစေချင်နေကြသည်။ သို့သော် . . .

လူသတ်ကောင်မိကျောင်းကြီးကား ယခုထိ မသေနိုင်သေး။ ကျော်စိန်တို့ မိကျောင်းထိုးသောအဖွဲ့ဆိုလျှင် သေလုမျောပါး ခံခဲ့ကြရ၏။ ကျွန်တော်၏မော်တော်လုပ်သား မောင်စောမှာလည်း သေဘေးမှ သီသီလေးသာ လွတ်ခဲ့ရ၏။

ဤမိကျောင်းကြီးကား အင်မတန်ရဲရင့်သလောက် ရက်စက်ကြမ်းကြုတ်ကာ ဉာဏ်များနေတုန်း။

ထောင်ချောက်နှင့်လည်း ဖမ်း၍မမိခဲ့လျှင် လူအချို့ ထင်မြင်နေကြသကဲ့သို့ နတ်မိကျောင်းကြီး၊ ဦးခေါင်းသုံးတောင်ရှိသဖြင့် လူယောင်ဆောင်နိုင်သောမိကျောင်းကြီးဟူသော အစွဲအလမ်းက ပိုမို၍ ပျံ့နှံ့သွားကာ လူတွေမှာ ကြောက်ရွံ့စိုးရိမ်မှု ပိုကြီးထွားလာနေပေသည်။

တံငါသည်များ ချောင်းထဲမဆင်းရဲသဖြင့် တံငါးလုပ်စားရသူတွေမှာ စီးပွားရေးလုပ်ငန်းများကို ထိခိုက်လာသည်။ စိတ်ပိုင်းဆိုင်ရာ အယူအစွဲတွေ ပိုကြီးလာသည်။

ကျွန်တော်သည် ပုဏ္ဏားကျွန်းမြို့သို့ ရောက်သည်နှင့် လိုင်စင်လျှောက်ထားသော သေနတ်ကိစ္စကို သွားရောက်စုံစမ်း၏။ လာ... အပတ်တွင် သေနတ်လိုင်စင်ကျတော့မည်ဆိုသဖြင့် တော်တော်လေး အားရှိလာခဲ့ပါသည်။



သည်ကြားထဲ ဤမိကျောင်းကို ကျွန်တော်လည်း သေနတ်နှင့် တစ်ခါနှစ်ခါ ပစ်ဖူးထားရာ မှိန်းအဖွဲ့၊ ထောင်ချောက်အဖွဲ့တွေနှင့် ကျွန်တော်တို့ကလုပ်မမိ၍ နတ်မိကျောင်းကြီးက ပိုရဲလာသည်ဟု ကျွန်တော်ပါ တာဝန်မကင်းသလို ပြောနေကြပြန်သည်။ ထို့ကြောင့်လည်း လိုင်စင်သေနတ် မြန်မြန်ရပါစေဟုသာ ဆုတောင်းနေရသည်။ ထို့ကြောင့် သေနတ်ရလျှင် မိကျောင်းပစ်ရန် ဝါရင့်မုဆိုးများကိုလည်း အားလပ်ချိန်မှာ မိကျောင်းပစ်မည့် နည်းနာများကို မေးစမ်းထားရသည်။

သေနတ်ပစ်ကျွမ်းကျင်သူ၊ မုဆိုးကြီး ညိုသာဇံက ကျားကိုပစ်ရင် ခေါင်း၊ မိကျောင်းကိုပစ်ရင် ဝမ်း . . . "ဟု ပြောပြီး -

"ခါးချိုးသေနတ် လက်လုပ်ယမ်းက တော်တော်လေးပြင်းပါတယ်၊ မိကျောင်းတစ်ကောင်ကို သေနိုင်လောက်ပါတယ်၊ မိကျောင်းခေါင်းကိုတော့ သွားမပစ်နဲ့၊ ကျောက်တောင်ကြီးကို ခဲနဲ့ပေါက်သလိုနေမှာပဲ . . .၊ လည်ဆစ်၊ မျက်လုံး၊ ဗိုက်တွေကိုထိရင် ဒီအကောင်ခံနိုင်မှာလဲဗျာ . . ."

ဟု မုဆိုးကြီး ညိုသာဇံက ပြောပြသည်။

ကျွန်တော် အံကြိတ်၍ထားလိုက်မိသည်။ သေနတ်လိုင်စင်သာ ရှေ့အပတ်ကျခဲ့လျှင် . . .။

* * *

www.burmeseclassic.com

www.burmeseclassic.com

"ကွိ . . . ကျွိ . . . ကွိ . . . ကျွိ . . ."

ကျွန်တော်၏ ကူးတို့မော်တော် လှစိန်တို့ မိကျောင်းထောင်ချောက်အနီး ချောင်းရေပြင်သို့ရောက်လာသောအခါ မျောက်အော်သံကို နားမချမ်းသာစွာ ကြားနေရပြန်သည်။

"တောက် . . ."

ကျွန်တော် "တောက်" ခေါက်လိုက်မိသည်။

"ဟာ . . . ဘယ်လိုလဲ၊ ဒီမိကျောင်းကို ခုထိ မဖမ်းမိကြသေးဘူးလား"

မျောက်ညည်းသံကို ကြားနေရသဖြင့် ခရီးသည်တစ်ယောက်က လည်း မကျေမချမ်းနှင့် ပြောနေသံကို ကြားရပြန်၏။

"နတ်မိကျောင်း . . . နတ်မိကျောင်း . . လေ၊ ဘယ်သူသတ်သတ် မသေဘူး၊ ဘယ်တော့မှလည်း သေမှာမဟုတ်ဘူး . . ."

နောက်ခရီးသည်တစ်ယောက်က အော်ကြီးဟစ်ကျယ် ပြောလိုက်ပြန်၏။

"ဘာနတ်မိကျောင်းလဲ . . .၊ အမိပွာယ်မရှိတဲ့စကားတွေ ခဏ ခဏ ကြားနေရတယ် . . ."

လူငယ်တစ်ယောက်က ဒေါနှင့်မောနှင့် ဝင်ပြောသည်။

"သပုန်ထောင်ချောက် မမိရင် ဝန်းတိထောင်ချောက်မှာ မိချင်မိမှာပေါ့ . . ."

နောက်ခရီးသည်တစ်ယောက်၏ မျှော်လင့်စကားကို ကြားပြန်၏။



မော်တော်သည် ပြင်လှချောင်းဝကိုလွန်သည်၊ ဝန်းတိရွာဘက်က ထောင်ချောက်အနီးသို့ ရောက်လာသောအခါ "ကွိကွ . . ကွိကွ" နှင့် ထောင်ချောက်ထဲက မျောက်အော်သံကို ကြားလာရပြန်သည်။

"လှစိန်တို့ထောင်ချောက်ထဲကမျောက်ခမျာ သနားပါတယ်"

မိန်းမသူတစ်ယောက်က ပြောနေပြန်၏။

သည်လိုနှင့် မော်တော်သည် ယိုးတရုတ်ရွာမော်တော်ဆိပ်မှာ အေးငြိမ်းစွာ ထိုးရပ်လိုက်၏။ ခရီးသည်များ ကူးတို့မော်တော်ပေါ်မှ ဆင်းသွားကြလေပြီ . . .။

| ၁၆ |

"တကယ့် အံ့သြစရာပဲဗျာ . . ."

လှစိန်၏အသံမှန်း သိသည်။

ကျွန်တော်သည် မိကျောင်းကိစ္စနှင့် အစည်းအဝေးခန်းမသို့ ရောက်လာရပြန်၏။ ကျွန်တော့်ကိုမြင်သဖြင့် လှစိန်၏စကားက ခဏရပ်သွားသည်။ ကျွန်တော်ကြားထားပြီ။ တစ်နေ့က မော်တော်ပေါ်က လူတွေ ဝိုင်းအော်ကြ၍ မိကျောင်းကြီး ပြန်ဆင်းပြေးသွားတာ။ သို့မဟုတ်လျှင် ထိုနေ့ကပင် မိကျောင်းကြီးကို မိပြီးဟု မောင်လှစိန်က ပြောသည်ဆို၏။ ဤကိစ္စမှာ မော်တော်ဆွဲနေသူ ကျွန်တော့်ကြောင့်ဟု များ သည်ကောင်တွေ ဆိုလိုချင်သလားမသိ။

"လာ - ထိုင်ကွ၊ မောင်ဆွေ"

သူကြီးက လှမ်းခေါ်သဖြင့် သူကြီးအနားက ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"လှစိန် . . ၊ မင်းတို့အတွေ့အကြုံကို အများရှေ့ ပြောပြဦးမှ ပေါ့ကွ"

သူကြီးက စကားလမ်းကြောင်းပေးသည်။

"တကယ်အံ့ဩစရာပါပဲ၊ မျောက်က 'ကွိကွ . . ကွိကွ . .'နဲ့ ထောင်ချောက်ထဲကအော်နေတော့ မိကျောင်းကြီးဟာ ထောင်ချောက် တံခါးပေါက်ဝမှာ ခေါင်းသုံးတောင်လောက်ဖော်လို့ ပါးစပ်ကြီးကို ဖြဲဟ လို့ စိမ်းစိမ်းကြည့်နေတယ် . . ."

"ကျုပ်တို့ဟာ လှံတွေ၊ ဓားတွေကို ဆုပ်ကိုင်လို့ စောင့်ကြည့်နေ ကြတယ်၊ မိကျောင်းကြီးဟာ အတော်ကြာအောင် ကြည့်နေပြီး ချာခနဲ ပြန်လှည့်သွားတယ်၊ အတော်လေးဝေးဝေးကိုရောက်တော့မှ ပြန်လှည့် ပြီး ရေပေါ်မှာ သုံးတောင်လောက် ခေါင်းဖော်လို့ ပြေးလာနေပြန် တယ်၊ အနားလည်းရောက်ရော ဒီတစ်ခါ ထောင်ချောက်ရှိတဲ့ သောင် ပြင်ပေါ်တောင် တက်မလာတော့ဘဲ ပြန်လှည့်သွားပြီး ရေထဲကပဲ ခေါင်းဖော်ပြီးကြည့်နေပြန်တယ်လေ"

"အဲဒါ မင်းတို့ကတော့ ဘာသဘောထင်လဲ၊ လူလိုပဲ ဒီမိကျောင်း ဟာ အသိဉာဏ်ရှိနေတယ်လို့ ဆိုချင်တာလား"

ဦးဘစိန်က ကြားဖြတ်မေးခွန်းထုတ်လိုက်သည်။

"ဘာသဘော ဟုတ်ရမှာလဲ . . . ၊ စူးစမ်းတဲ့သဘော၊ လေ့လာ တဲ့သဘော ဖြစ်မှာပေါ့၊ အရင်က ဒါမျိုး သူမတွေ့ဖူးဘူးလေ၊ အဲဒီတော့ ဒါဘာလဲ . . ၊ ဒါ ရန်သူလား၊ အနီးဝန်းကျင်မှာ ရန်သူရှိနေသလား ဘာညာပေါ့ . . ၊ စုံစမ်းမှာပေါ့၊ ဒီအကောင်က အရမ်းပါးနပ်တယ်၊ ရဲရင့်သလောက် ဉာဏ်လည်းရှိတယ်။



ကျော်စိန်က သူ့ထင်မြင်ချက်ကို ဝင်ပြောလိုက်မှ ကျွန်တော် ခေါင်းနည်းနည်းပေါ့သွားသည်။ ကျော်စိန်ပြောတာ သဘာဝကျ၏။ တိရစ္ဆာန်လည်း သူ့အတွေ့အကြုံအရ အသိဉာဏ်ရှိမည်သာ။

"စောင့်ကြည့်ဦးပေါ့ . . . ၊ ဒီလူသတ်ကောင်ဟာ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ထောင်ချောက်အနားလာပြီး လေ့လာစုံစမ်းလို့ အန္တရာယ်မရှိဘူးမှန်းသိရင် မျောက်ကို ဝင်ဖမ်းချင် ဖမ်းနိုင်တယ်လေ"

ဘကြီးထွန်းက သမာသမတ်စကား ဝင်ပြောပြန်သည်။

"ခင်ဗျားတို့ နတ်တိုက်ထားတော့ နတ်မိကျောင်းကြီးက သိမှာ ပေါ့ . . . ၊ အဲဒီတော့ မျောက်ကို ပန်းပန်ထားတာ၊ သနပ်ခါးလိမ်းထား တာ၊ နတ်ခမ်းနီဆိုးတာတွေကို ဖျက်လိုက်ပါ၊ မျောက်တစ်ကောင်အနေ နဲ့ပဲ သဘာဝအတိုင်း ထားပေါ့၊ မကောင်းဘူးလား"

လူတစ်ယောက်က အကြံပေးသလို ဝင်ပြောလာပြန်၏။

"မင်းကို နတ်မိကျောင်းလို့ ဘယ်သူကပြောသလဲ၊ နတ်ဆရာမ တွေပြောတဲ့စကားကို မယုံနဲ့၊ တော်ကြာ နတ်ကနားပေးနေရဦးမယ်"

အာဂန္တုရွာသားကြီးတစ်ယောက်က ပြောင်သလိုနောက်သလို နှင့် ဝင်ပြောလာပြန်သည်။

"ဟုတ်တယ် . . ၊ အဲဒီဆရာကြီးက ပတ်ဆရာဆိုတော့ ပတ် ဆရာနဲ့ နတ်ဆရာမဆိုတာ လင်မယားလိုနေနေကြတော့ ဒီမိကျောင်း ကို နတ်ဆရာမပြောသလို နတ်မိကျောင်းလို့ ပြောမှာပေါ့ . . ."

လူငယ်တစ်ယောက်က ဝင်လာပြောပြန်သည်။

"ကျုပ်တို့ ထောင်ချောက်နဲ့ထောင်လို့ မိကျောင်းပေါင်း အကောင် ငါးဆယ်ကျော် ဖမ်းခဲ့ပြီးပြီ၊ ဒီမိကျောင်းလို မိကျောင်းမျိုး တစ်ခါမှ

www.burmeseclassic.com

www.burmeseclassic.com

မကြုံခဲ့ဖူးဘူး။ ဒါကြောင့် လူတွေက နတ်မိကျောင်းဆိုပြီး ပြောနေကြတာကိုး ..."

လှစိန်က သူ့အတွေ့အကြုံကို ထပ်ပြောသည်။

"ဘာမှမဟုတ်ပါဘူး၊ ဒီမိကျောင်းကြီးဟာ လူသားစားဖူးထားတော့ လူတွေကိုပဲ ချောင်းမြောင်းပြီး သတ်စားဖို့ စိတ်ရောက်နေပါလိမ့်မယ်၊ ခုဆို သေနတ်ပစ်၊ မှိန်းထိုးခံထားရတော့ သူ့အတွေ့အကြုံကြောင့် ပါးနပ်နေတာဖြစ်မှာပါ။ အဲဒါကိုပဲ လူတစ်ချို့က နတ်မိကျောင်း၊ ဦးခေါင်းသုံးတောင်ရှိလို့ လူယောင်ဆောင်နိုင်တယ်၊ ဘာဘာညာညာ ပြောလာကြတော့ ရိုးသားတဲ့ တို့နယ်သူနယ်သားတွေမှာ ကြောက်စိတ်တွေဝင်လာပြီး ချောင်းထဲဆင်း ကွန်မပစ်ရဲ ပိုက်မချရဲ ငါးမျှားတန်းမချရဲ ဖြစ်လာနေတယ်၊ ဒီအပြော၊ ဒီအယူအဆတွေကို ရပ်ကြပါ။ နတ်မိကျောင်း ဆိုတဲ့အသံကို ကျုပ် နောက်မကြားပါရစေနဲ့"

သူကြီးက ရှည်လျားစွာပြော၏။

"မောင်လှစိန်တို့ ...၊ ဆက်သာလုပ်ကြပါ။ ဒီလူသတ်ကောင်မိကျောင်းကြီးကို မရ ရတဲ့နည်းနဲ့ဖမ်း၊ ဖမ်းသတ်ကြကွာ၊ မင်းတို့ကို ရပ်ရွာကလည်း ငွေနှစ်သောင်းပေးထားတာပဲ၊ လက်မလျှော့လိုက်ကြပါနဲ့"

သူကြီးနီးပါး ဩဇာရှိသူ ဦးဝေပန်းက ဆက်လုပ်ကြရန် တိုက်တွန်းသည်။

"ဟုတ်ကဲ့ပါ ဘကြီး၊ ကျွန်တော်တို့လည်း လက်မလျှော့သေးပါဘူး။ ကျုပ်တို့ မှိန်းအောက်မှာပဲ ဒီမိကျောင်းကြီးသေမလား၊ မောင်လှစိန်တို့ ထောင်ချောက်ထဲမှာပဲ မိမလားဆိုတာတော့ နှစ်ဖွဲ့စလုံး အပြိုင်ကြရမှာပေါ့ ..."



ကျော်စိန်က မောင်လှစိန်ကို လှမ်းကြည့်ရင်း ပြောလိုက်၏။

"စိန်လိုက်လေ ..."

မောင်လှစိန်ကလည်း ခပ်ပြတ်ပြတ် ပြန်ပြောသည်။

ယိုးချောင်းထဲက လူသတ်ကောင်ကြီးကတော့ သူတို့စကားကိုသာ ကြားတတ်လျှင် မည်သို့နေမည်မသိ။ ကျွန်တော်ကမူ သေနတ်လိုင်စင် မြန်မြန်ရရှိရေးကိုသာ တွေးတောနေမိ၏။ သက်ဆိုင်ရာများကို မည်သို့ချဉ်းကပ်လျှင် သေနတ်မြန်မြန်ရမည်နည်း။

[ ၁၇ ]

"ဒိုင်း ..."

လိုင်စင်ရလာသောသေနတ်ကို ဦးဦးဖျားဖျား ငှက်ကြီးဝံဘိုကို ကျွန်တော် စမ်းပစ်ကြည့်လိုက်သည်။

သေနတ်သံနှင့်အတူ ယိုးငူကမ်းစပ်တွင် ခြေကားယားဖြင့် ငါးဖမ်းနေသော ငှက်ကြီးဝံဘိုသည် ပက်လက်လန်လဲကျသွားကာ အတောင်တဖျပ်ဖျပ်ခတ်နေသည်။

"မော်တော်ကပ်ပေးကွ ..."

ကျွန်တော်က လှမ်း၍ အော်ပြောလိုက်၏။

မော်တော်သည် သောင်စပ်တွင် ထိုးရပ်သွားသည်။

ကျော်လှသည် မော်တော်ပေါ်မှ ခုန်ဆင်းသွားကာ ငှက်ကြီးဝံဘိုကို မနိုင်မနင်းဆွဲကိုင်ကာ မော်တော်ပေါ်သို့ ပြန်တက်လာခဲ့၏။ ခရီးသည်များ ဝိုင်းအုံ၍ ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ရိုင်ဖယ်သေနတ်ကို တမြတ်တနိုးပွတ်သပ်၍ နေမိ၏။ မော်တော်သည် ကမ်းမှခွာ၏။ ယိုးချောင်းထဲသို့ ကွေ့ဝင်လာသည်။

"တွေ့ကြသေးတာပေါ့ . . . လူသတ်ကောင် နတ်မိကျောင်းကြီးရေ . . ."

ကျွန်တော့်ရင်ထဲမှ ကြိမ်းဝါးနေမိသည်။

ဤ လူသားစားမိကျောင်းကြီးသည် ကျော်စိန်တို့မှိန်းအောက်မှာပဲ အသက်ပျောက်မည်လား . . ၊ မောင်လှစိန်တို့ထောင်ချောက်ထဲမှာပဲ ကားကနဲမိလေမည်လား၊ ငါ့သေနတ်အောက်မှာပဲ အသက်ပျောက်မည်လား"

မော်တော်သည် သပုန်ရွာအလွန်သို့ရောက်သောအခါ လှစိန်တို့ထောင်ထားသော ထောင်ချောက်ထဲက "ကွိ . . ကွိ . . ကွိ . . ကွိ" နှင့် မျောက်အော်သံကို ကြားရပြန်၏။

မျောက်ကြီးအော်သံကို ကြားရပြန်၏။

မျောက်ကြီးအော်နေသံမှာလည်း စိတ်မချမ်းသာစရာ။

မော်တော်သည် ဆက်လက်၍ ခုတ်မောင်းလာခဲ့သည်။ မကြာမီ ဇန်းတိရွာဘက်ရှိ ပြင်လှချောင်းဝအလွန်တွင် လှစိန်တို့ထောင်ထားသော ထောင်ချောက်နားရောက်လာပြန်ရာ "ကွိကွိ . . ကွိကွိ" နှင့် ထောင်ချောက်ထဲက မျောက်ကြီးအော်နေသံကို စိတ်မချမ်းသာစရာ ကြားနေရပြန်၏။

ထောင်ချောက်နှစ်ခုစလုံး အလုပ်မဖြစ်သေးမှန်းသိသည်။ မော်တော်သည် စက်သံမှန်မှန်ဖြင့် ခုတ်မောင်းလာနေ၏။ ယိုးတရုတ်ရွာ



ကူးတို့ဆိပ်အနီးတွင် လူတွေဝိုင်းအုံနေကြသည်။ မော်တော်ဆိပ်တွင် မော်တော်ကို ဆိပ်ကပ်လိုက်သောအခါ ကျွန်တော်က

"ဘာဖြစ်လို့လဲ . . ."

ဟု မေးလိုက်မိသည်။

"အတင့်ရဲလိုက်တဲ့ မိကျောင်းဗျာ . . ၊ ကုန်းပေါ်က နွားကြီးကို အတင်းတက်ကိုက်လို့တဲ့"ဟု ဈေးဆိုင်ရောင်းသူ ဆိုင်သည်တစ်ယောက်က ပြော၏။

"နွားကြီးပါသွားလား . . ."

"ပါတော့ ပါမသွားဘူး၊ လူတွေက လှံတွေ၊ ဓားတွေနဲ့ အတင်းဝိုင်းထိုးခုတ်ကြတယ်၊ အဲဒါ မိကျောင်းကြီးအမြီးနဲ့ရိုက်လို့ လူတစ်ယောက် ခြေသလုံးကျိုးသွားတယ်တဲ့၊ မိကျောင်းကြီးကတော့ ချောင်းထဲကိုခုန်ဆင်းသွားတယ်ပြောတာပဲ"

"တောက် . . ."

ကျွန်တော် "တောက်"တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်သည်။

မော်တော်သည် ယိုးတရုတ်ချောင်းထဲသို့ ဖြည်းလေးစွာဝင်ကာ စက်ကိုရပ်လိုက်၏။ ခရီးသည်များ မော်တော်ပေါ်မှ ဆင်းသွားကြလေပြီ . . .။

ဒီမိကျောင်းမှာ အံ့ဩဖွယ်ရာမိကျောင်းပင်ဖြစ်၏။ ထောင်ချောက်ထဲကမျောက်ကိုတော့ တက်မစားဘဲနှင့် ကုန်းပေါ်ကနွားကို တက်ကိုက်တယ်ဆိုတော့ . . .။

ကျွန်တော်၏အတွေးမဆုံးမီ -

"ဒီလူသတ်ကောင်မိကျောင်းဟာ တကယ်ပဲ နတ်မိကျောင်းများ ဖြစ်နေမလား ကိုဆွေ . . ."

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းအောင်ကျော်က အစိုးရိမ်ပိုကာ လှာမေး၏။

"မဟုတ်က ဟုတ်ကဗျာ . . ."

"တော်တော်လေးတော့ အံ့ဩဖို့ကောင်းတယ် . . ကိုဆွေ၊ နတ်ဆရာတွေ၊ ပတ်ဆရာတွေက ဒီလူသတ်ကောင် မသေအောင် ဝိုင်းဝန်းစောင့်ရှောက်ထားကြတယ် . . ဘာညာ ဆိုပြီး အသံလွှင့်ထားတယ် . . ."

ကိုထွန်းအောင်ကျော်က သူကြားခဲ့သမျှကို ကျွန်တော့်အား လာပြော၏။

"ဒါဆိုရင် ဒီနတ်ဆရာ၊ ပတ်ဆရာတွေကိုပါ သတ်ရတော့မှာပေါ့ဗျာ . . ."

ကျွန်တော်က မခံချိ မခံသာ ပြောလိုက်မိ၏။

"ဟာ . . မလုပ်ပါနဲ့ဗျာ၊ အကုန်ဒုက္ခတွေရောက်ကုန်ကြလိမ့်မယ် . . ."

ဟုပြောကာ ကျွန်တော့်အနားက ထသွားလေ၏။

ကျွန်တော်၏လက်ထဲမှာ ရိုင်ဖယ်သေနတ်တစ်လက်နှင့် ခါးချိုးနှစ်လုံးပြူးသေနတ်တစ်လက် ရှိနေပြီဖြစ်၏။

ကျွန်တော်သည် မုဆိုးမဟုတ်သော်လည်း သေနတ်ပစ်ဝါသနာ ပါ၏။ နယ်လူထု၏ သောက ဒုက္ခကို ကျွန်တော် နားလည်သည်။

ကျွန်တော်သည် နယ်လူထု၏ အားပေးထောက်ခံမှုဖြင့် စီးပွားရေး အဆင်ပြေနေ၏။ ထို့ကြောင့် နယ်လူထု၏ သောက၊ ဒုက္ခတို့ကို မျှဝေခံစားနိုင်ရမည်ဖြစ်ပါသည်။



မော်တော်လုပ်ရင်း ခရီးသွားဟန်လွဲ တွေ့သည့်အခါတွင် ကူညီ ၏။ မိကျောင်းကိုပစ်၏။

ကျွန်တော်သည် လောလောဆယ်၌ မုဆိုးတစ်ယောက်အဖြစ်နှင့် မိကျောင်းကြီးကိုပစ်သတ်ဖို့ ဆုံးဖြတ်လိုက်၏။

[ ၁၈ ]

အံကို တင်းတင်းကြိတ်ထားလိုက်သည်။ ထွန်းအောင်ကျော်သည် ခါးချိုးသေနတ်ဖြင့် အသေအချာချိန်ရွယ်လျက် စူးစူးစိုက်စိုက် ကြည့်နေ၏။

"ကွိ . . ကွိ . . ကွိ . . ကွိကွ . . ကွိကွ . ."

လှောင်ခြံ၊ ထောင်ချောက်ထဲမှမျောက်က တကြောက်တလန့်နှင့် အော်နေသည်။ အဏ္ဏဝါမုဆိုး၊ လူသတ်ကောင် မိကျောင်းကြီးသည် ရေပေါ်မှာ သုံးတောင်ခန့်ခေါင်းဖော်ကာ ထောင်ချောက်ရှေ့တွင် တောင်မှမြောက်၊ မြောက်မှတောင်သို့ တဝေါဝေါနှင့် ကူးခတ်ကာ ဟန်ရေးပြနေ၏။

"ကိုလှစိန် : . . ပစ်လိုက်ရမှာလား . . ."

ကျွန်တော်က ထောင်ချောက်ပိုင်ရှင် မောင်လှစိန် ကြားသာရုံ မေးလိုက်၏။

"စောင့်ကြည့်ပါဦး . . . ၊ မျောက်ကိုဝင်ဖမ်းချင်ဖမ်းမှာ . . ."

သူက မျှော်လင့်ချက်ကြီးစွာဖြင့် ပြောသည်။

ကျွန်တော်သည် အားမလိုအားမရ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထွန်းအောင်ကျော်သည် သေနတ်နှင့်ချိန်ရွယ်နေရာမှ ထ၍ သူတို့တဲသို့ သွားလေသည်။ မိကျောင်းကြီးသည် အတော်လှမ်းလှမ်းသို့ ရောက်သွားလေပြီ . . .။

"ကဲ - စောင့်ကြည့်ကြတာပေါ့ဗျာ . . ."

ဟုပြောကာ ကျွန်တော်သည်လည်း သေနတ်ကိုဆွဲယူ၍ ထလာ ခဲ့သည်။

သူ မှန်ပါသည်။ မိကျောင်းကိုမိလျှင် သူတို့ ငွေနှစ်သောင်းခွဲ ရမည်။ မဖမ်းမိလျှင် သူတို့ပင်ပန်းသမျှ အလဟဿ ဖြစ်သွားလိမ့်မည်။ သူတို့သည် ငွေလိုချင်၍ သည်အလုပ်ကို လုပ်နေကြခြင်းဖြစ်ကြောင်း ကျွန်တော်နားလည်သည်။

ကျွန်တော်တို့သည် ငွေလိုချင်၍ မိကျောင်းကိုပစ်ဖို့ ကြိုးပမ်းနေသည်မဟုတ်။ သူတို့နှင့် ကျွန်တော်တို့ကြားမှာ ကွာဟချက်ရှိသည်။

"အလကားဗျာ. . .၊ အချိန်ကုန်တယ်၊ မိကျောင်းကို လာကြည့်နေတာကျနေတာပဲ . . ."

ကိုထွန်းအောင်ကျော်က မကျေမနပ်နှင့်ပြော၏။

ကျွန်တော် ဘာမှမပြောတော့ပါ။

မိကျောင်းကြီးသည် ရေပေါ်မှာ ခေါင်းသုံးတောင်ခန့်ဖော်ကာ ပြန်လှည့်၍ တဝေါဝေါနှင့် ကူးလာနေပြန်၏။

"ပစ်ဗျာ . . .၊ ရေထဲမှာကူးနေတဲ့မိကျောင်းက သူမွေးထားတဲ့ မိကျောင်းမှမဟုတ်ဘဲ . . ."

ကိုထွန်းအောင်ကျော်က ဒေါနှင့်မောနှင့် ပြောသည်။

"သူ့စည်း၊ ကိုယ့်စည်းဆိုတာ ရှိတယ်၊ ကိုထွန်းအောင်ကျော် ဆန္ဒမစောပါနဲ့ . . ."

ကျွန်တော်က သူ့ကို နှစ်သိမ့်စကားပြောဖြစ်သွားသည်။

မိကျောင်းကြီးသည် တဝေါဝေါနှင့်ကူးလာခဲ့ကာ ထောင်ချောက်ရှေ့တွင် ရေပေါ်မှာ ခေါင်းသုံးတောင်ခန့်ဖော်လျက် မျောက်ကို စိုက်ကြည့်နေပြန်သည်။

"ဒီတစ်ခါတော့ ထောင်ချောက်ထဲကိုဝင်ပြီး မျောက်ကို ဖမ်းတော့မယ်ထင်တယ် . . ."

ဟု မောင်လှစိန်၏တပည့်တစ်ယောက်က စိတ်လှုပ်ရှားသံနှင့် ပြော၏။

ကျွန်တော်ပင် ရင်ခုန်နေသည်။

"ဟော့ - ဟိုမှာ၊ မိကျောင်းကြီး . . . မိကျောင်းကြီး . . ."

ကူးဆိပ်မှ ကူးလာကြဟန်ရှိသော လူတစ်အုပ်က မိကျောင်းကို မြင်သည်နှင့် တကြောက်တလန့်နှင့်အော်ကာ ဟစ်ကာ ပြောဆိုလိုက်ကြသည်။

"ကူးဆိပ်ကမ်းစပ်မှာ လူတွေရှိနေခဲ့တယ် . . .၊ လှမ်းအော်ပြောလိုက်ပါဦး၊ အတော်ကြာ မိကျောင်းကိုက်ခံနေရဦးမယ် . . ."

ဟု လူတစ်ယောက်၏ပြောသံကို ကြားလည်းကြားရသည်။

"မိကျောင်းကြီးဟေ့ . .၊ လူသားစားမိကျောင်းကြီး ပေါ်နေတယ် . . . မိကျောင်းကြီးပေါ်နေတယ် . . ."

လူနှစ်ယောက် သုံးယောက်က ကူးဆိပ်ဆီသို့ လှမ်း၍အော်နေကြ၏။

ထိုအသံများကိုကြား၍ထင်သည်။ မိကျောင်းကြီးသည် ရေပေါ် မှာ သုံးတောင်ခန့် ခေါင်းဖော်၍ ကြည့်နေရာက "ဗွမ်"ခနဲ ရေငုပ်သို့ ငုတ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"တောက် ..."

မောင်လှစိန်က "တောက်"တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ လှံကိုဆွဲကိုင်၍ ပုန်းနေရာက ထွက်လာခဲ့သည်။

"ဒီမှာ မိကျောင်းထောင်ထားတယ်၊ ခင်ဗျားတို့ ဘာလို့ ဆူဆူညံညံ လာလုပ်နေကြတာလဲ ..၊ မပြောလိုက်ချင်ဘူးနော်၊ အလိုက်ကန်းဆိုးမသိတဲ့လူတွေ၊ ခင်ဗျားတို့ သွားကြဗျာ ..."

မောင်လှစိန်က ဒေါနှင့်မောနှင့် နှင်ထုတ်နေ၏။

"ကျုပ်တို့ ဘယ်သိမလဲဗျာ ...၊ ကျုပ်တို့က မြစ်နားကလာကြတာ ..."

လူတစ်ယောက်က တောင်းပန်စကားပြောသည်။

မောင်လှစိန်သည် မိကျောင်းကြီးကိုမျှော်လျက် ယိုးချောင်းရေပြင်ကို ငေး၍ကြည့်နေ၏။

လူသတ်ကောင် မိကျောင်းကြီးကား ပြန်ပေါ်မလာတော့ ..။

[ ၁၉ ]

ညဥ့်သည် ပိန်းပိတ်အောင်မှောင်နေသည်။

သန်းခေါင်ကြက်တွန်သံကို ဟိုမှ .. သည်မှ ကြားနေရ၏။

ဘယ်လက်မှာပတ်ထားသောနာရီကို မြှောက်ကြည့်လိုက်၏။ ဆယ့်နှစ်နာရီဆယ့်ငါး ...။

အိပ်ရာကထသည်၊ သွားတိုက် မျက်နှာသစ်သည်။ အဝတ်လဲလှယ်နေစဉ် စက်ဆရာ လှဖြူသံနှင့် မောင်စောတို့ ရောက်လာကြ၏။

"အဆင်သင့်ဖြစ်နေပြီ ဆရာ ..."



"ကိုထွန်းအောင်ကျော်ကော ..."

"လှေမှာကျန်နေခဲ့တယ် ..."

ကျွန်တော်တို့ လှေရှိရာသို့ လာခဲ့ကြသည်။

ကျွန်တော်သည် ဘောင်းဘီတို၊ တီရှပ်လက်တို ကက်ဦးထုပ်ကို ဆောင်းထားကာ ရိုင်ဖယ်သေနတ်ကို လွယ်ထား၏။

ကိုထွန်းအောင်ကျော်သည် ဘောင်းဘီတိုနှင့် အနက်ရောင်ရှပ်လက်တိုကို ဝတ်ဆင်ထားကာ နှစ်လုံးပြူးသေနတ်ကို လွယ်ထားသည်။

လှေဦးတွင် လှဖြူသံက ဓာတ်မီးကိုကိုင်၍ မတ်တပ်ရပ်နေ၏။ မောင်စောက လှေပဲ့ကိုင်သည်။

"ဒီတလော .. မြစ်ဆုံချောင်းဝမှာ လင်းပိုင်အုပ်တက်တယ်လို့ ကိုကျော်စိန်ကပြောတယ်"

ကိုထွန်းအောင်ကျော်က ပြောသည်။

"ဒါပေမယ့် ဂစ္ဆပနဒီမြစ် အရှေ့ဘက်က သဲသောင်ကို အရင်သွားမယ်၊ ရေသင့်လေသင့်ပဲ၊ မပင်ပန်းပါဘူး ..."

ကျွန်တော်က အားလုံးကိုပြောလိုက်သည်။

လှေသည် ယိုးချောင်းလက်ယာဘက်၊ ကမ်းစပ်တစ်လျှောက် တဖြည်းဖြည်းလေး ရွေ့လျားနေ၏။

ရေရောင်ကြောင့် ကမ်းစပ်တစ်လျှောက် လင်းလက်၍နေသည်။

ကျွန်တော်တို့သည် လူသတ်ကောင်မိကျောင်းကြီးနှင့် စိန်ဘော်ထုံး မိကျောင်းကြီးတို့ အမြဲလိုလို အိပ်လေ့ရှိသည်ဆိုသော သဲသောင်တာင်ခု

www.burmeseclassic.com



လုံးကို ဓာတ်မီးထိုး၍ရှာကြသော်လည်း မိကျောင်း၏အရိပ်အယောင်ကိုမျှ မမြင်မတွေ့ရပါ။

"သိပ်သေချာသွားပြီ . . ."

ကိုထွန်းအောင်ကျော်က အရင်းမရှိ အဖျားမရှိနှင့်ပြော၏။

"ဘာသေချာတာလဲ . . ."

လှဖြူသံက မရှင်းမလင်းသောမျက်ဝန်းနှင့်ကြည့်၍ လှမ်းမေးသည်။

"ဒီရေတက်လာရင် လင်းပိုင်အုပ်ရောက်လာဖို့သေချာတယ်"

"ခင်ဗျားဆီကို မက်ဆစ်(ချ်)ရောက်နေလို့လား . . ."

လှဖြူသံက နောက်သည်။

"မင်းကလည်းကွာ . . .၊ စောင့်ကြည့်လေ . . ."

ကိုထွန်းအောင်ကျော်က ပြော၏။

လှေသည် ဂစ္ဆပနဒီအရှေ့ဘက်ကမ်းမှ အနောက်ဘက်ကမ်းသို့ ပြေးလွှားနေ၏။

"ပူ . . . ပူ . . . ပူ . . ."

ဘုတ်ငှက်တို့အော်သံကို ကြားသည်။

"ဘုတ်အော်ရင် ဒီရေတက်တော့မယ်ဟေ့ . . ."

ကိုထွန်းအောင်ကျော်က ပြောပြန်သည်။

လှေသည် ဂစ္ဆပနဒီမြစ်ကိုဖြတ်၍ အရှေ့မှအနောက်သို့ ပြေးသွားနေစဉ် . . .

"အွန့် . . အွန့် . . ."

လင်းပိုင်တို့အော်သံများကို ကြားသည်။

"ကျုပ်မပြောဘူးလား . . ."



ကိုထွန်းအောင်ကျော်က ဂုဏ်ယူစွာပြောသည်။

"ဟုတ်ပါ့ဗျာ . . . ဟုတ်ပါ့ . . ."

ကိုလှဖြူသံက နောက်တောက်တောက်ပြော၏။

လှေသည် ယိုးချောင်းထဲသို့ ကွေ့၍ဝင်လာသည်။ တောက်တဲ့ချောင်းသို့ရောက်သောအခါ ယိုးချောင်း၏အနောက်ဘက်က ဓာတ်မီးတဝင်းဝင်းကို မြင်ရသည်။

"ကျော်စိန်တို့ မိချောင်းထိုးအဖွဲ့နဲ့တူတယ် . . ."

လှဖြူသံက ဓာတ်မီးကိုပိတ်လိုက်ရင်းက ပြောသည်။

လှေသည် ကျားကူးချောင်းကိုလွန်သောအခါ လှဖြူသံက "မိကျောင်း . . . မိကျောင်း . . ."

ဟု တကြောက်တလန့်နှင့်အော်လိုက်သည်။

မိကျောင်းကြီးသည် ရေတက်နှင့်မျောလျက် ရေပေါ်မှာတစ်ကိုယ်လုံးဖော့ကာ ထောင်ချောက်ရှိရာဘက်သို့ ဦးတည်၍သွားနေသည်။

"ကွိ . . . ကွိ . . ကွိကွိ . . . ကွိ . . ."

မျောက်အော်သံကို သဲ့သဲ့ကြားနေရ၏။

လှဖြူသံသည် မိကျောင်းကြီးကို ဓာတ်မီးနှင့်ထိုးလိုက်၏။

ဓာတ်မီးအလင်းရောင်ကျသည်နှင့် ချက်ချင်းပင် ခေါင်းထောင်၍လာ၏။

မိကျောင်းကြီးသည် ထောင်ချောက်ဘက်ဆီသို့ ဦးတည်၍သွားနေသော လမ်းကြောင်းကိုပြောင်းကာ လှေဆီသို့ တဝေါ . . ဝေါနှင့် ကူးလာနေလေသည်။

"မိကျောင်းကြီးလာနေပြီ . . .၊ တဝေါဝေါနဲ့ ကူးလာနေပြီ . . ."

www.burmeseclassic.com



လှဖြူသံက စိတ်လှုပ်ခတ်သံနှင့်ပြော၏။

"ခတ်မီးကို သေသေချာချာကစားကွ . . ."

ပြောနေစဉ် မိကျောင်းကြီးသည် ရေထဲသို့ "ဗွက်"ခနဲ ငုတ်သွားလေ၏။

"အားလုံး . . . သတိထားကြဟေ့ . . ."

ကျွန်တော်က လှမ်းအော်၍ သတိပေးလိုက်သည်။

မိကျောင်းကြီး ရေပေါ်မှာပေါ်နေစဉ် မကြောက်ရသော်လည်း ရေထဲသို့ ငုတ်သွားသောအခါ ကြောက်ရ၏။

ထွက်ပြေးသွားသည်လား . .၊ ရန်မူဖို့လာသည်လား မပြောနိုင်။

မိကျောင်းကြီးသည် ကိုက်သုံးဆယ်ခန့်တွင် ပေါ်လာသည်။ လှေသည်လည်း မိကျောင်းဆီသို့ သွားနေ၏။

ကျွန်တော်သည် သေနတ်နှင့်ချိန်ရွယ်နေသည်။

"မီးဝင်နေပြီ . . . မီးဝင်နေပြီ . . ."

လှဖြူသံက ဝမ်းသာအားရပြောလာ၏။

မိကျောင်းကြီးသည် လှဖြူသံစကားမဆုံးမီမှာပင် ရေထဲသို့ ငုတ်သွားပြန်သည်။

လှဖြူသံသည် ခတ်မီးနှင့် ဝန်းကျင်သို့ ပတ်လည်လှည့်၍ ခတ်မီးထိုးကာ မိကျောင်းကြီးကို ရှာနေသည်။

ကျွန်တော်တို့လည်း ခတ်မီးအလင်းတန်း ရွေ့လျားသွားရာသို့ လိုက်ကြည့်နေကြ၏။

"ပြေးများ . . . ပြေးပြီလား . . ."

ကိုထွန်းအောင်ကျော်က အားလျော့သံနှင့်ပြောသည်။



မိကျောင်းကြီးသည် ကိုက်တစ်ရာခန့်အကွာတွင်ရှိသော ဆားငံရွာအောက်က ရေဝဲတွင် မြန်ပေါ်နေသည်ကို ဝိုးတဝါးမြင်နေရ၏။

"တောက် . . ."

ကျွန်တော် "တောက်" ခေါက်လိုက်သည်။

လှေသည် မိကျောင်းကြီးရှိနေရာသို့ သွားနေ၏။

"ဘာအဓိပ္ပာယ်လဲ . . ."

ထွန်းအောင်ကျော်က မရှင်းမလင်းနှင့်ပြောသည်။

"တွေ့ကြသေးတာပေါ့ကွာ . . ."

ကျွန်တော်က အံကြိတ်ထားလိုက်သည်။

မိကျောင်းကြီးသည် မြင်ကွင်းမှ ပျောက်သွားပြန်၏။ လှဖြူသံကလည်း ခတ်မီးနှင့် လိုက်ထိုး၍ရှာနေသည်။

မိကျောင်းကြီးသည် သပုန်ရွာဘက်၊ မော်ပါတ်တွင် ပေါ်နေပြန်သည်။

လှေသည် မိကျောင်းကြီးရှိနေရာသို့ ဦးတည်လှော်ခတ်နေပြန်၏။ ခပ်လှမ်းလှမ်းသို့ရောက်သွားသောအခါ မိကျောင်းကြီး ငုတ်သွားပြန်သည်။

ကျွန်တော်တို့နှင့် မိကျောင်းကြီးသည် လိုက်တမ်းပြေးတမ်း ကစားနေကြသလို ဖြစ်နေလေသည်။ လှေလှော်ကြသူတွေမှာ ဖတ်ဖတ်မောနေကြပြီ။

"ဒီမိကျောင်းကြီးဟာ သူ့ကိုသတ်ဖို့ လာနေတယ်ဆိုကို သိနေသလိုပဲဗျာ . . ."

လှဖြူသံက သံသယစကား ပြောနေပြန်၏။

"ဒါကြောင့် . . နတ်မိကျောင်းလို့ ပြောနေကြတာပေါ့ဗျာ . ."

www.burmeseclassic.com

မောင်စောက ဝင်ပြောပြန်သည်။

မိကျောင်းကြီးသည် ကိုက်လေးဆယ်လောက်အကွာတွင် ပြန်ပေါ်လာပြန်၏။ ကျွန်တော်သည် ခလုတ်ကို ဆွဲဖြုတ်ဖို့အလုပ်တွင် မိကျောင်းကြီး ရေထဲသို့ ငုတ်သွားပြန်လေပြီ . . .။

"တောက် . . ."

ကျွန်တော် "တောက်" ခေါက်လိုက်ပြန်၏။

ကျွန်တော် စိတ်မရှည်ချင်တော့ . . ။ လှဖြူသံကား ဓာတ်မီးနှင့် လှမ်းထိုး၍ မိကျောင်းကို ရှာနေဆဲဖြစ်၏။

သပုန်ရွာဘက်ဆီက ငှက်ဆိုးထိုးသံကို ကြားသည်။

လှေသည် သပုန်ရွာဘက်ဆီသို့ ဦးတည်၍ လှော်ခတ်နေ၏။

ဟိုမှ . . . သည်မှ၊ ကြက်တွန်သံများကို ကြားလာရသည်။ လက်မှာပတ်ထားသောနာရီကို ငုံ့ကြည့်ဖြစ်သွား၏။ သုံးနာရီလေးဆယ်။

ကျွန်တော်တို့သည် စိတ်ဂဏှာမငြိမ် ဖြစ်လာနေ၏။

"ဒီနေ့တော့ မျှော်လင့်ချက်မရှိတော့ဘူးနဲ့တူတယ် . . ."

မောင်စောက စိတ်ပျက်လက်ပျက်ပြော၏။

လှေသည် သပုန်ရွာအနီးက ထောင်ချောက်အနီးသို့ ရောက်လာပြန်သောအခါ မျောက်အော်သံကို "ကွိ . . ကွိ . . ကွိကွိ . . ကွိ" နှင့် ကြားလာရပြန်၏။

"သက်သက်ကွာ . . ၊ မျောက်ကြီး သနားပါတယ် . . ."

လှဖြူသံက ကရုဏာစကားပြောသည်။

ထိုစဉ် . . . ။

"ဘိုင်း . . "ခနဲ အသံတစ်သံကို ကြားလိုက်ရသည်။

ဓာတ်မီးများ လင်းလက်၍လာသည်။



ထောင်ချောက်သည် လက်ဝဲဘက်သို့ တိမ်းစောင်းသွားသည် မြင်၏။

"ဘိုင်း . . ."

အသံက ပေါ်လာပြန်သည်။

"ဟာ. . မိကျောင်းကြီး . . မိကျောင်းကြီးဗျာ. . ထောင်ချောက်ကို အမြီးနဲ့ရိုက်နေတယ်။

"ကွိ . . ကွ . . ကွိကွိ . . ကွိ. . ကွိ . . ."

မျောက်အော်သံကလည်း ဆူညံ၍နေသည်။ မျောက်ခမျာ တော်တော်ကြောက်နေပုံရ၏။ အသံကြောင် အသံနက်ဖြင့် အော်ဟစ်နေ၏။

လူလေးငါးယောက် လှံတွေ၊ ဓားတွေနှင့် ပြေးလာကြသော်လည်း လှောင်ခြံ၊ ထောင်ချောက်အနား ရေစပ်ကို ချက်ချင်း ဘယ်သူမှ မဆင်းရဲကြ။

မိကျောင်းကြီးသည် ထောင်ချောက်ကို အမြီးနှင့် သုံးလေးချက်ရိုက်ထားခဲ့ကာ ရေထဲသို့ ငုတ်သွားပြန်၏။

"တော်တော်ကြောက်စရာကောင်းတဲ့ မိကျောင်းပဲဗျာ . . ."

ကိုထွန်းအောင်ကျော်က မှတ်ချက်ချ၏။

"ဟုတ်တယ် . . ၊ ဒီလိုသတ္တဝါမျိုး နောက်တစ်ကောင်ရှိမယ် မထင်ဘူး"

ဟု လှဖြူသံကလည်း ထောက်ခံစကားပြော၏။

ကျွန်တော်တို့သည် စိတ်ပျက်လက်ပျက်နှင့် ပြန်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂၀ ]

"ဘာကွ . . ."

သူကြီး၏ တအံ့တသြမေးသံက ဟိန်းထွက်သွားသည်။

"တကယ်အံ့သြစရာပဲ . . ."

ဦးလေး ဦးစောဦးကလည်း တအံ့တသြနှင့်ပြောသည်။

"ဟုတ်တယ် သူကြီး၊ ညဉ့်တုန်းက မိကျောင်းကြီး အမြီးနဲ့ နှသ်ချက်တောက်ရိုက်တယ်တဲ့ . .၊ သပုန်ရွာအနီးက ထောင်ချောက်စောင်းသွားတယ်လို့ပြောတယ် . . ."

လက်ဖက်ရည်ဆိုင်ရှင်က ပြောသည်။

"တကယ်အံ့သြစရာကောင်းတယ်ကွ . . .၊ ဟုတ်မှ ဟုတ်သေးရဲ့လား . . ."

သူကြီးက စိုးရိမ်တကြီးပြောသည်။

"ဟုတ်တယ်၊ တကယ်ဟုတ်တယ်၊ မနက်က မောင်လှစိန် လက်ဖက်ရည်လာသောက်ရင်းနဲ့ ပြောသွားတယ်"

"သွားပါပြီကွာ . . ."

သူကြီးက စိတ်ပျက်လက်ပျက်နှင့်ပြော၏။

"ကျော်စိန်တို့အဖွဲ့လည်း လုပ်ငန်းစတော့မယ်ဆို . . ."

ဦးလေးစောဦးက မေး၏။

"သူတို့လည်း မတွေ့ခဲ့ဘူးလို့ ကျော်စိန်ပြောသွားတယ် . . ."

ကျွန်တော်သည် ဘာမှမပြောဖြစ်တော့ပါ။

"ဒီအတိုင်းဆိုရင် . . ဘယ်လိုလုပ်ကြမှာလဲ၊ အားလုံး ကသကာလို့ပဲ ပြောရတော့မယ်ထင်ပါရဲ့"

သူကြီးက စိတ်မချမ်းသာစွာပြောသည်။



သူကြီးနှင့် ရပ်သူရွာသားများကိုကြည့်၍ ကျွန်တော်လည်း စိတ်နှလုံးမချမ်းသာရပါ။ အိမ်ရှေ့ပူတော့ အိမ်နောက်မချမ်းသာဆိုသလို ဖြစ်နေရ၏။

ဤမျှကောက်ကျစ်သော၊ ရဲရင့်သော၊ ကြောက်မက်ဖွယ်ကောင်းသော၊ လူသတ်ကောင်ကြီးကို ကျွန်တော်လည်း အာမ,မခံရဲသလောက် ဖြစ်နေမိသည်အမှန်ပင်။ သူများတွေပြောနေကြသလို နတ်မိကျောင်းဆိုသည်ကို ယုံရတော့မလို ဖြစ်နေ၏။

"ဘယ်လိုလုပ်ရမှာလဲ . . .၊ ဘယ်လိုလုပ်ရမှာလဲ . . ."

အတွေးတို့က ခေါင်းထဲမှာ ယောက်ယက်ခတ်နေကြသည်။

"မောင်ဆွေ . . .၊ သောက်လေကွာ . . .၊ အေးနေပြီ . ."

ဦးလေးစောဦး သတိပေးတော့မှ အတွေးကြိုးမျှင်များ ပြတ်တောက်သွားသည်။ ကျွန်တော်သည် လက်ဖက်ရည်ခွက်ကို တစ်ခါတည်း မော့သောက်လိုက်၏။

"မောင်ဆွေ . . ဘယ်လိုဖြစ်တာလဲကွ . ."

ဦးစောဦးက မျက်နှာကိုလှမ်းကြည့်ရင်း မေးသည်။

"ကျွန်တော် ရွာသူရွာသားတွေနဲ့ သူကြီးတို့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေရတယ် ဦးလေး၊ ရွာသူရွာသားတွေမှာ ဘေးအန္တရာယ်ကို ခါးစည်း ရင်စည်းခံကြရတော့မယ့်အခြေအနေကို ကြားနေရ မြင်နေရတော့ ဘယ်လိုလုပ် စိတ်ချမ်းသာနိုင်ပါ့မလဲ . . ."

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် . . . ဘာမှမတတ်နိုင်တဲ့ အခြေအနေမှာ ကံကိုသာ အားကိုးနေကြရတော့မှာပေါ့လေ . . ."

ဦးလေး ဦးစောဦးကပါ စိတ်ဓာတ်ကျနေကြောင်း သိသာလှပါသည်။ ဦးလေးကိုကြည့်၍ ကျွန်တော့်မှာ စိတ်မကောင်းဖြစ်ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကံကိုချည်း အားကိုးလို့ ဘယ်ဖြစ်မှာလဲဗျာ့ . . ၊ 'ကံကိုယုံ ဆူးပုံမနင်းရာ. . 'ဆိုတဲ့စကား အရှိသားပါ . . ၊ အမြဲသတိရှိနေရမယ်၊ တတ်နိုင်သမျှ ချောင်းထဲ ချောင်းစပ်မသွားဖြစ်အောင် ဆင်ခြင်ရမယ်"

ဦးဘသိန်းက ဝင်ပြောပြန်၏။

"ဒီချောင်း၊ ဒီတောင်ကို မှီနေကြရတဲ့လူတွေက ချောင်းကို မဆင်းလို့၊ တောင်ကိုမတက်လို့ ဖြစ်မှာလား . . ဦးဘသိန်း၊ ချောင်းထဲမှာ လုပ်စားနေတဲ့လူတွေဆိုရင် ခုပဲ အခက်ကြုံနေကြပြီလေ . . ."

ဦးကျော်ထွန်းဖြူက ဝင်ပြောပြန်သည်။

ယိုးတရုတ်တစ်ရွာတည်းမဟုတ်ပါ။ ယိုးချောင်း ဝဲယာရွာတွေ အားလုံးကလူတွေမှာ ဤသတင်းကိုကြားသောအခါ စိုးရိမ်ထိတ်လန့်နေကြ၏။ စိတ်ဓာတ်ကျနေကြ၏။

ကျွန်တော်သည် စိတ်မချမ်းသာစွာ ထိုနေရာကထ၍ ဦးလေးကိုပင် နှုတ်မဆက်ခဲ့ဘဲ အိမ်သို့ပြန်လာခဲ့သည်။

ရိုင်ဖယ်သေနတ်နှင့် ခါးချိုး နှစ်လုံးပြူးသေနတ်တို့သည် ကျွန်တော်၏ခေါင်းရင်းထရံတွင် ထောင်လျက်ရှိနေကြသည်။

ကျွန်တော်သည် ထိုသေနတ်တို့ကို ငေးကြည့်နေမိ၏။ လူသတ် ကောင်၊ အဏ္ဏဝါမုဆိုးကြီးသည် ကျွန်တော်၏အတွေးထဲမှာ မထီမဲ့မြင် ခုန်ပေါက်မြူးထူးနေသလိုပင်။

ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်သည်။

"သည်လူသတ်ကောင်ကို မရ-ရအောင် ကျွန်တော်သတ်မယ်"



## | ၂၁ |

ညကား လရောင်မရှိ။ သို့သော် ရေပြင်သည် ပိန်းပိန်းပိတ် အောင် မှောင်မနေ။ ကြယ်ရောင်နှင့် မြစ်ပြင်မှ ရေရောင်တဲလျှပ်တို့ ကြောင့် အလင်းပျပျရှိနေသည်။ ထိုစဉ် . . .

"ဟိုမှာ . . . ဟိုမှာ . . ."

လှဖြူသံက တုန်လိုက်စွာပြောသည်။

ဓာတ်မီးကို လူသတ်ကောင်မလွတ်အောင် ထိုးထား၏။

ကျွန်တော် အံကြိတ်လျက် မိကျောင်းကြီးကို သေနတ်နှင့် ချိန် ရွယ်ထားသလို ကိုထွန်းအောင်ကျော်သည်လည်း ချိန်ရွယ်ထားသည်။

လူသတ်ကောင် မိကျောင်းကြီးသည် ခေါင်းထောင်လာ၏။ ဒေါသဖြစ်လာဟန်ရှိသည်။ လှေဆီသို့ ခေါင်းသုံးတောင်ခန့်ဖော်ကာ ပါးစပ်ကြီးကိုဖြဟပြီး ကူးလိုက်လာ၏။

"ဒိုင်း . . . ဒိုင်း . . ."

သေနတ်သံနှစ်ချက် ထွက်ပေါ်လာလာချင်း မျက်နှာချင်းဆိုင် တဝေါဝေါနှင့် ကူးလိုက်လာနေသော လူသတ်ကောင် မိကျောင်းကြီး သည် နောက်သို့ ပက်လက်လန်၍ကျသွားကာ ရေထဲမှာ တဝုန်းဝုန်း နှင့် ခုန်ပေါက်နေ၏။

ရေဝဲ ရေကတော့များက လှေကို တဘုန်းဘုန်းနှင့် ရိုက်ပုတ် နေသဖြင့် လှေမှာ လူးလိမ့်၍နေ၏။

ကျွန်တော်နှင့် ထွန်းအောင်ကျော်တို့သည် ပြောင်းဆန်အောင် ခုန်ပေါက်နေသော မိကျောင်းကြီးကို အသေအချာချိန်ရွယ်၍ ထား လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လူသတ်ကောင် မိကျောင်းကြီးသည် လှေနှင့် တစ်လံခန့် အကွာသို့ ရောက်ရှိနေချေပြီ . . ."

"ဒိုင်း . . . ဒိုင်း . . ."

သေနတ်သံနှင့်အတူ မိကျောင်းကြီးသည် ရန်ငြိုးကြီးစွာ လှေငယ်ရှိရာဘက်ကို တစ်အားခုန်ဝင်လိုက်ရာ လှေပေါ်ကို "ဝုန်း"ခနဲ အသံနှင့်အတူ ကိုယ်လုံးကြီးသည် သုံးပုံတစ်ပုံခန့် လှေပေါ် လာတင်နေ၏။ သူ့ကိုယ်လုံးကြီး၏ နောက်တစ်ပိုင်းကမူ ရေထဲမှာပင်။ မိကျောင်းကြီးကြောင့် လှေမှာ မှောက်လုမှောက်ခင် တိမ်းစောင်းသွားလေသည်။

မံမျှော်လင့်ဘဲ မိကျောင်းကြီး "ဝုန်း"ခနဲ ရုတ်တရက်ကျလာသဖြင့် မောင်စောမှာ တကြောက်တလန့်နှင့် "အမယ်လေး . . ."ဟု ထအော်လိုက်သည်။ ထိုအချိန်၌ပင် . . .

လှဖြူသံရော ကျွန်တော်ပါ လှေထဲကို လဲကျသွားကြ၏။

"ဓာတ်မီးထွန်း . . . ဓာတ်မီးအမြန်ထွန်းကွ . . ."

ထွန်းအောင်ကျော်က ကြောက်လန့်တကြား အော်ပြောနေ၏။ လှေသည် ရေစီးနှင့် ဖြည်းဖြည်းလည်၍နေ၏။

ကျွန်တော် လဲကျနေရာနှင့် လက်နှိပ်ဓာတ်မီးမှာ လက်တစ်ကမ်းသာရှိသဖြင့် ကျွန်တော်သည် ကမန်းကတန်း ဓာတ်မီးကိုကောက်၍ ထွန်းလိုက်၏။ လှဖြူသံ မရှိတော့ . . .။

"လှဖြူသံ . . . လှဖြူသံ . . ."

ကျွန်တော် တကြောက်တလန့်နှင့် အော်ခေါ်လိုက်မိသည်။

ထွန်းအောင်ကျော်သည် ကျွန်တော့်ကိုယ်ပေါ်ကို လွှားကျော်၍ပြေးသွားကာ လှေဦးက လှေချည်ကြိုးကို ဓားနှင့်ပြေးဖြတ်၍ ပြန်ပြေးလာပြန်၏။



"လှဖြူသံ . . . လှဖြူသံ . . ."

ကျွန်တော်က ထပ်၍ခေါ်ပြန်သည်။

ထိုစဉ် အမှောင်ထဲ၌ ရေကူးသံ တဗွမ်း . . ဗွမ်း . . ကို ကြားလာရ၏။

လှဖြူသံသည် ရေကူးလျက် လှေအနီးသို့ ရောက်လာ၏။

"လာပါဦးဗျာ . . .၊ နှစ်ယောက်တည်း မနိုင်ဘူး . . ."

ထွန်းအောင်ကျော်က လှမ်းခေါ်သည်။

"လှဖြူသံ . . . ဘာဖြစ်သွားသေးလဲ . . ."

"ဘာမှမဖြစ်ဘူး . . .၊ ဘာမှမဖြစ်ဘူး . . ."

ဟု အော်၍ပြောသည်။

ကျွန်တော်တို့သည် သေနေပြီဖြစ်သော လူသတ်ကောင် မိကျောင်းကြီးကို မနိုင်မနင်းမ,လျက် လှေကြိုးနှင့်ချည်နှောင်ကြ၏။ ထို့နောက် လှေပဲ့တွင် ချည်နှောင်ထားလိုက်သည်။

လှေသည် ပုံမှန်အတိုင်း ဖြစ်လာနေလေပြီ။ လှဖြူသံသည် လှေပေါ်သို့ တက်လာခဲ့၏။

သပုန်ရွာမှ လူများနှင့် ဆားငံကန်ရွာမှ လူများသည် သေနတ်သံကြား၍ထင်သည်။ ကမ်းစပ်ဆီ လက်နှိပ်ဓာတ်မီးများနှင့် ပြေးဆင်းလာကြ၏။

"မိကျောင်းကြီး . . . လူသတ်ကောင်ကြီးကို သတ်လိုက်ပြီဟေ့၊ သတ်လိုက်ပြီကွ . . ."

ထွန်းအောင်ကျော်၊ လှဖြူသံနှင့် မောင်စောတို့က သေနတ်ကိုမြှောက်၍ အော်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် လှေကိုလှော်၍ ယိုးတရုတ်ရွာသို့ လာခဲ့ကြ၏။ သပုန်ရွာနှင့် ဆားငံကန်ရွာမှ လူများက က,ခုန်ကြလျက် လက်ပြနှုတ်ဆက်လျက် ကျန်နေခဲ့ကြလေ၏။

လူသတ်ကောင်၊ အဏ္ဏဝါမုဆိုး မိကျောင်းကြီးကို လူသား အဏ္ဏဝါမုဆိုးတို့က အောင်နိုင်လိုက်ပြီတည်း . . .။

လေးစားစွာဖြင့် . . .

သန်းဆွေသစ်

BURMESE CLASSIC .com

www.burmeseclassic.com